စနစ်သစ် ပထမပြန် စာမေးပွဲ

အခြေပြုတန်းအတွက်

တိကမာတိကာ အရကောက်ကို

လင်္ကာ, စကားပြေတို့ဖြင့်

တန်ဆာဆင်ထားအပ်သော

# မူလတန်းညဝါ


အရှင်ဥတ္တမ (စဥ့်ကူ)

ဓမ္မာစရိယ, ပါဠိပါရဂူ

စီစဉ်ရေးသားသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈    ကောဇာ ၁၃၄၆    ဒီဇင်ဘာ ၁၉၈၄

၁၇၅၉၈

စနစ်သစ် ပထမပြန် စာမေးပွဲ

အခြေပြုတန်းအတွက်

**တိကာမာတိကာ အရကောက်ကို**

**လင်္ကာ, စကားပြေတို့ဖြင့်**

**တန်ဆာဆင်ထားအပ်သော**

# မူလတန်းညဏ

**အရှင်ဥတ္တမ (စဥ့်ကူ)**

**ဓမ္မာစရိယ, ပါဠိပါရဂူ**

**စီစဉ်ရေးသားသည်။**

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ—၂၅၂၈၊ ကောဇာ—၁၃၄၆၊ ဒီဇင်ဘာ ၁၉၈၄။

ပထမအကြိမ်

အုပ်ရေ (၃၀၀၀)

၁၉၈၄ ခု၊ ဒီဇင်ဘာလ

ရန်ကုန်မြို့၊ ကမ္ဘာ့အေး သာသနာ့ရေးဦးစီးဌာနအတွက်
ဦးလှရွှေ (၀၂၂၃၀)
'စိမ်းစိုစို' စာပုံနှိပ်တိုက်
အမှတ်-၁၀၇၇၊ ရာဇသူရလမ်း၊
(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့က ပုံနှိပ်၍
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(၀၂၅၂၇)က ထုတ်ဝေသည်။

ပခုက္ကူသာသနာဝင်, မန္တလေးသာသနာဝင်, ပခုက္ကူအဘိဓာန်

နိဿယသစ်စသော ကျမ်းပေါင်းတရာကျော် ပြုစီရင်သော

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်

**အရှင်ကေလာသ၊ ဓမ္မာစရိယ, ဂဏဝါစက, ဘီ·အေ (ဂုဏ်ထူး)၏**

**မူလတန်း ညဝါအမှာစာ**

**မြန်မာအဘိဓမ္မာကျမ်းကြီးများ**။ အဘိဓမ္မပါဠိ အရှင်ဝရတေဇောနှင့် အရှင်ဓမ္မဒီပဓဇ အရှင်မြတ်တို့ပြုစီရင်အပ်သော မာတိကာ ဓာတုကထာ အရကောက်ကျမ်း, နန္ဒမေဓာဘိသိရိသဒ္ဓမ္မဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ထန်းတပင်သာသနာပိုင်အရှင် နန္ဒမေဓာ ပြုစီရင်အပ်သော ယမိုက်အရကောက်, ပဋ္ဌာန်းအရကောက်ကျမ်းကြီးများ သည် မြန်မာအဘိဓမ္မာကျမ်းကြီးများဖြစ်ကြသည်။

**အဘိဓမ္မာညဝါဟုအမည်တွင်ခြင်း**။ ယင်း မြန်မာအဘိဓမ္မာကျမ်းကြီးများကို ခေတ်အဆက်ဆက်, သာသနာဝန်ထမ်း ရဟန်းတော်များ အဆက်ဆက် ညအခါတွင် ကရားရေလွှတ် တတွတ်တွတ်နုတ်လွှတ်အာဂုံ ဆရာထံဘက်ခဲ့ကြ, သင်ယူခဲ့ကြ ရွတ်ဆိုခဲ့ကြသဖြင့် အဘိဓမ္မာညဝါကျမ်းကြီးများဟု တွင်လေသည်။

**ယင်း အဘိဓမ္မာညဝါများဆိုမှ နေ့ဓါပိုင်နိုင်**။ ယင်း အဘိဓမ္မာ ညဝါကျမ်းကြီးများကို ဆိုခဲ့ပြီး တက်ခဲ့ပြီးလျှင် ဓမ္မသင်္ဂဏီ ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ် ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဟူသော အဘိဓမ္မာပါဠိတော်ကြီးများကို အဋ္ဌကထာတွဲဖက်၍ ဆိုဝါ, လိုက်ဝါ တို့ဖြင့် နိုင်နင်းသော ဆရာသမားထံသင်ယူလျှင် အဘိဓမ္မာကို လွန်စွာ နိုင်နင်းတတ်မြောက်လေတော့သည်။

**အခြေခံမှန်စွာ တိကမာတိကာ**။ ယင်း အဘိဓမ္မာ ညဝါများ ကျမ်းများအနက် တိကမာတိကာသည်၊ အခြေခံညဝါဖြစ်သည်။ ယင်း

တိကမာတိကာသည် အဘိဓမ္မာ ညဝါသင်ယူတိုင်း မသင်မနေ သင်ယူရသည့် အဘိဓမ္မာအခြေပြု ကျမ်းစာဖြစ်သည်၊ သင်္ဂြိုဟ် ကြေကြေညက်ညက် သာရုပ်ခဲ့ပြီး တိကမာတိကာကို သင်ယူလျှင် လွယ်ကူလှပေသည်။

**အခြေပြု မူလတန်းညဝါ။** ယင်း တိကမာတိကာကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃာ မဟာနာယကအဖွဲ့ ပရိယတ္တိ ပညာရေးစီမံကိန်းအရ စနစ်သစ်ပထမပြန်စာမေးပွဲ အခြေပြု တန်းတွင် ပြဋ္ဌာန်းခဲ့ရာ စာသင်သား သာမဏေများ,ရဟန်းငယ်များနှင့် လွန်စွာကိုက်ညီလှပေသည်။

**မူလတန်းညဝါ သီးသန့်ကျမ်းစာပေါ်လာပြီ။** အခြေပြု မူလတန်း စာသင်သားများနှင့် ဆီလျော်ကိုက်ညီအောင် ပုဂံညောင်ဦးမြို့နယ် စဉ့်ကူ မဟာဝိသုတာရုံတိုက်သစ် ပဓာနနာယက ပခုက္ကူနိကာယ ဂဏဝါစက, ဓမ္မာစရိယ ပါဠိပါရဂူ အရှင်ဥတ္တမသည် ယင်းတိကမာတိကာအရကောက်ကို လင်္ကာ စကားပြေတို့ဖြင့်တန်ဆာဆင်၍ မူလတန်းညဝါအမည်ဖြင့် စီစဉ်ရေးသားလိုက်လေရာ ပရိယတ္တိသာသနာအတွက် လိုအပ်ချက်ဟာမှုကို ဖြည့်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။

**လက်ဝယ်ထားသင်ယူက တတ်မည်, အောင်မည်။** ဤမည်သော မူလတန်းညဝါကျမ်းကို လက်ဝယ်ထားပြီး ကြောင်ပုဇွန်စားကျွတ်ကျွတ် ဝါးရွတ်ဆိုလိုက်တိုင်း ရလေအောင် သင်ယူကျက်မှတ် နှုတ်ရဆောင်ပါက အဘိဓမ္မာပါဌ်သိရုံမျှမကဘဲ အခြေပြု မူလတန်းညဝါဘဒ္ဒသာအောင်ပန်း ပုံသေမုချ လှမ်းနိုင်မည် ဖြစ်ပေသတည်း။

မူလတန်းညဝါ ဤကျမ်းစာ နှုတ်မှာ ရွရွတက်ပါစေ။
မူလတန်းညဝါ ရသူမှာ ညဝါမခက်ပေ။

အရှင်တို့ဝင်နွဲ စာမေးပွဲ မလွဲအောင်မည်ပေ။

အရှင်ကေလာသ

၁၃၄၆—ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်။

# အမှာစကား

မိမိ၏ စာချုပ်သက်တမ်းမှာ ၂-နှစ်ခန့် ရှိပါသေးသည်၊ မရင့်ကျက်သေးပါ၊ သို့ရာတွင် ဤညဝါနှင့် စတင်ထိတွေ့ခဲ့ရသော အရွယ်မှာ ၁၅နှစ်သားခန့်က ဖြစ်ပါသည်။ ယခု ၃၅—နှစ် ရှိပါပြီ။

ထိုစဉ်က အသက်အရွယ်ငယ်သေးလို့လားမသိ၊ ဆိုလို့ကောင်းသည်၊ အံလို့ကောင်းသည်၊ ညဖြစ်၍ အမှောင်ထဲထိုရလေ ဥာဏ်ရောင်ကပို၍ လင်းလေဟုထင်ရသည်။

စဉ့်ကူးမြို့ မဟာဝိသုဘာရုံတိုက်သစ် ဆရာဇော်ဘ် ညီအစ်ကိုနှစ်ပါးထံ၌ ဆိုရသည်၊ ညီဖြစ်သူ အငယ်ဆရာတော်က နေ့ဝါကို ဦးစီးပို့ချသည်၊ အစ်ကိုဖြစ်သူ အကြီးဆရာတော်က ညဝါကိုဦးစီးပို့ချသည်။

ဘဝနတ်ထံစံလွန်တော်မူသည်အထိ ညီအစ်ကိုနှစ်ပါး မခွဲပဲ ဇွဲရှိရှိဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူသွားကြပါသည်။

စာမရလျှင် အော်သည်၊ ခေါက်သည်၊ ရိုက်သည်၊ "ပုဆိန်နှင့်ထပေါက်လိုက်ရ, ခွထောင်းလိုက်ရ"ဟုလည်း ကြိမ်းမောင်းတတ်သည်။

ကရုဏာဒေါသအရာဖြစ်၍ ဖရှသဝါစာမဖြစ်ပါချေ၊ စိတ်ထားမှာ အစဉ်နူးညံ့လျက်သာတည်း။

သို့ဖြစ်၍ မရ,ရအောင် ကျက်ရသည်၊ အမေသိပ်သော်လည်း ငါအိပ်မှပျော်မည် -ဟူသော သားဆိုးကဲ့သို့ သဘောမထား ကြောင်ပုဇွန်စားကျွတ်ကျွတ်ဝါးသည့် ပမာ ကြိုးစားကျက်ခဲ့ပေသည်။

ငါကား သည်စာ သည် ဂါထာကို
မြဲစွာကြုပ်မတ် ဆရာအပ်သော်
တက်လှစေချင် ငါ့ကိုသင်ဟု
ထိပ်တင်လည်းရွက် လျှင်လျှင်ရအောင်ကြိုးစားကျက်[၁]

ဟု ဦးထိပ်ရွက်ပန်ဆင်ရမည် မဟုတ်လော။

အဆိုပါ ကျေးဇူးရှင်ဆရာတော်ကြီးတို့သည် ညဝါပို့ချရာ၌ ရှေးဦးစွာ ပရမတ် ၄-ပါး အရကောက်၍ ခန္ဓာ, အာယတန, ဓာတ်,သစ္စာ ဖွဲ့နည်းတို့ကို နှုတ်တတ်ရအောင် ကြိုးပမ်းအကျက်ခိုင်းသည်။

---

၁။ ရှင်မဟာသီလဝံသ ဆုံးမစာ။

နောက်မှ ဒုကမာတိကာ ဂေါစ္ဆကာ, (၁၀)ပါးနှင့် စူဠန္တရဒုက် မဟန္တရဒုက်, ပိဋ္ဌိဒုက်–ကိုကိုပို့ချတော်မူသည်။

ဒုကမာတိကာပြီးမှ ကုသလတိက်–စသော တိကမာတိကာကိုပို့ချ တော်မူခဲ့ပါသည်။

မှန်၏။ ဂေါစ္ဆက(၁၀)ပါးအနက် တစ်ဂေါစ္ဆကဆိုတတ်လျှင် ကျန်သောကိုးဂေါစ္ဆကတို့မှာ နည်းမှီးဆို၍ရသည်၊ သိပ်မခက်လှ၊ ထို့ကြောင့် ဦးစွာသင်ပေးခြင်းဖြစ်သည်။ စူဠန္တရ–စသော ဒုက်သုံးပါး မှာ ဒုကမာတိကာ ပြီးလုဆဲဖြစ်၍ လက်စသတ်နိုင်ရန် ဂေါစ္ဆက နောက်ဆွယ်မှ ပို့ချပေးခြင်းဖြစ်သည်။

တိကမာတိကာမှာ ကုသလတိက်ဆိုတတ်တတ်ရုံနှင့် ကျန်သောတိက် များကို မဆိုနိုင်၊ ခက်သည်, နက်သည်, ကျက်နိုင် အံနိုင်မှ တန်ရုံကျ သည်။

ယခုအခါ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံ တော် သံဃမဟာနာယကအဖွဲ့က ထုပ်ပြန်ကြေညာချက် အမှတ်၁/၇၃ ဖြင့် စနစ်သစ် ပထမပြန်စာမေးပွဲ အခြေပြု မူလတန်းကို ၁၉၇၄–ခု နှစ်မှ စတင်ကျင်းပခဲ့ပေသည်။

အဆိုပါ အခြေပြု မူလတန်း၌ အဘိဓမ္မာ ဉာဏ်ပါဘာသာအတွက် ကျမည်သောတိကမာတိကာကိုပြဋ္ဌာန်းသည်၊အနက်နှစ်ပုစ္ဆာ၊အရကောက် နှင့် ခန္ဓာဖွဲ့ စသည်သုံးပုစ္ဆာ၊ ကျမ်းရင်းလာ အဓိပ္ပာယ် နှစ်ပုစ္ဆာအား ဖြင့် (၇)ပုစ္ဆာမေးမည်။ (ပုစ္ဆာများကို နောက်ဆက်တွဲ၌ ဖော်ပြထား ပါသည်)

တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီသတ်မှတ်၍ ပေးထားသော(၇)ပုစ္ဆာထဲ မှ ကြိုက်ရာ(၅)ပုစ္ဆာကိုသာဖြေဆိုရမည်၊ အောင်မှတ်သည် ၄၀%ဖြစ် ၍ (၅)ပုစ္ဆာ အမှတ်ပေါင်း (၅၀)အနက်မှ အမှတ်(၂၀)ရလျှင်

အောင်မြင်လိမ့်မည်၊ သို့သော် ဘာသာတိုင်း အောင်မှတ်ရမှသာ အတန်းအောင်အဖြစ် သတ်မှတ်မည်–စသည်ဖြင့် ပြဋ္ဌာန်းချက်၌ ဖော်ပြပါရှိလေသည်။

ထို့ကြောင့် ဆရာတော် အရှင်သူမြတ်တို့၏ ကျေးဇူးဂုဏ် အနန္တကို မှန်းဆကြည်ညိုမိရင်း တဘက်မှလည်း အခြေပြု စာသင်သားငယ် လူမမယ်တို့အား တိကမာတိကာ တည်းဟူသော အခက်ပင်လယ်ကမ်းမှ လွယ်ကူစွာ တက်လှမ်းနိုင်ကြရန် ဤကျမ်းငယ်ဖြင့် တစိတ်တဒေသ ကူညီ ဖြည့်စွမ်းလိုက်ရပါသည်။

အို….အခြေပြု စာသင်သားအပေါင်းတို့–

* ယောကျာ်းတံခွန် လူရည်ချွန်က
မိုးစွန်တမွတ် ကြယ်ကိုဆွတ်လည်း
မလွတ်စတမ်း ရမြဲလမ်းတည်း။

* အရှိန်ညီးညီး တောက်မည့်မီးကား
ရင်းနှီးနဂို သူ့ပင်ကိုယ်က
လိုလိုဖြစ်စွဲ တရဲရဲတည်း။

* အားခဲကြလော့ ကြိုးစားကြလော့…
ဝီရိယ ဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ
ဝီရိယကဲမို့ ငါသို့သသူ ပြုမူဆောင်ရာ
အဖြာဖြာသည် ဘယ်မှာမပြီး ရှိအံ့နည်း။

## ရေးသားပုံအစီအစဉ်

* မူရင်းအတိုင်း ကျက်မှတ်ကြည့်ရှုနိုင်ရန် ဦးစွာပထမ အရကောက်ကျမ်းလာသည့်အတိုင်း ကွင်းစကွင်းပိတ်, မှတ်ချက်, အပိုင်းငယ်, ကျမ်းညွှန်များပါမကျန် အားလုံးထည့်သွင်း ရိုက်နှိပ်ပါသည်။

* မာတိကာနိဒါန်းကို အစ, အဆုံး အဂုံ မကျက်နိုင်သူများ အတွက် နိဒါန်းတခုလုံးခြုံမိ, ငုံမိအောင် အမေးအဖြေ ပြုလုပ် စီစဉ်ပါသည်။

* ခက်ခဲသော အရကောက်,တိက်မုတ်, ခန္ဓာဖွဲ့စသည်များ၌ စာသင် ငယ်များနှင့်လိုက်လျောအောင် လက်ာသံပေါက်နှော၍ ချော မောစွာ စီစဉ်ထားပါသည်။

* လွယ်ကူသောတိက်များ၌ အထူးမရေးပါ။

* ကျက်မှတ်ရန်လက်ာများကို နောက်ဆက်တွဲအဖြစ် တပေါင်း တည်း စုစည်းပြထားပါသည်။

## ကျေးဇူးတင်ခြင်း

ဤကျမ်းစာဖြစ်မြောက်ရေးအတွက် လက်နှိပ်စက် ရိုက်နှိပ်ပေးသော ကိုမျိုးညွန့်နှင့် ကိုသောင်းဟန် (စဥ့်ကူ) တို့အား ကျေးဇူး အထူးတင်ရှိ ကြောင်း ဤနေရာမှ မှတ်တမ်း တင်အပ်ပါသည်။

ကိုယ်ရောစိတ်ပါ ကျန်းမာ ချမ်းသာ၍
လိုရာအောင်ပန်း ဆင်မြန်းနိုင်ကြပါစေ....။
အရှင်ဥတ္တမ(ဓမ္မာစရိယ ပါဠိပါရဂူ)
ပခုက္ကူနိကာယဂဏဝါစက
မဟာဝိသုတာရာမတိုက်သစ်
စဥ့်ကူ (ပုဂံညောင်ဦးမြို့နယ်)။
၁၃၄၆-ခု၊ ကဆုန်လပြည့်ကျော် ၅-ရက်။

# မူလတန်းညဝါ

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | တိကမာတိကာပါဠိတော် | .... | ၁ |
| ၂။ | ပဏ္ဏာမနှင့် ပဋိညာဉ် | .... | ၃ |
| ၃။ | မာတိကာနိဒ္ဒေသ | .... | ၇ |
| ၄။ | မာတိကာနိဒ္ဒေသ အမေးအဖြေ | ..... | ၁၁ |
| ၅။ | ကုသလတိက် | ... | ၂၀ |
| ၆။ | ဝေဒနာတိက် | .... | ၂၈ |
| ၇။ | ဝိပါကတိက် | ... | ၃၅ |
| ၈။ | ဥပါဒိန္နတိက် | .... | ၃၉ |
| ၉။ | သံကိလိဋ္ဌတိက် | .... | ၄၉ |
| ၁၀။ | ဝိတက္ကတိက် | .... | ၅၂ |
| ၁၁။ | ပီတိတိက် | .... | ၅၉ |
| ၁၂။ | ဒဿနတိက် | .... | ၆၁ |
| ၁၃။ | ဒဿနဟေတုတိက် | .... | ၆၆ |
| ၁၄။ | အာစယဂါမိတိက် | .... | ၆၇ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၅။ | သေက္ခတိုက် | .... | ၆၉ |
| ၁၆။ | ပရိတ္တတိုက် | .... | ၇၀ |
| ၁၇။ | ပရိတ္တာရမ္မဏတိုက် | .... | ၇၂ |
| ၁၈။ | ဟီနတိုက် | .... | ၇၇ |
| ၁၉။ | မိစ္ဆတ္တတိုက် | .... | ၇၈ |
| ၂၀။ | မဂ္ဂါရမ္မဏတိုက် | .... | ၈၁ |
| ၂၁။ | ဥပ္ပန္နတိုက် | .... | ၉၃ |
| ၂၂။ | အတီတတိုက် | .... | ၉၅ |
| ၂၃။ | အတီတာရမ္မဏတိုက် | .... | ၉၆ |
| ၂၄။ | အဇ္ဈတ္တတိုက် | .... | ၁၀၁ |
| ၂၅။ | အဇ္ဈတ္တာရမ္မဏတိုက် | .... | ၁၀၂ |
| ၂၆။ | သနိဒဿနတိုက် | .... | ၁၀၈ |
| ၂၇။ | နိဂုံး | .... | ၁၁၄ |
| ၂၈။ | နောက်ဆက်တွဲ | .... | ၁၁၅ |

# တိကမာတိကာပါဠိတော်

၁။ ကုသလာ ဓမ္မာ။ အကုသလာ ဓမ္မာ။ အဗျာကတာ ဓမ္မာ။

၂။ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။

၃။ ဝိပါကာ ဓမ္မာ။ ဝိပါကဓမ္မ ဓမ္မာ။ နေဝဝိပါကနဝိပါကဓမ္မ ဓမ္မာ။

၄။ ဥပါဒိန္နုပါဒါနိယာ[၁] ဓမ္မာ။ အနုပါဒိန္နုပါဒါနိယာ ဓမ္မာ။ အနုပါဒိန္နအနုပါဒါနိယာ[၂] ဓမ္မာ။

၅။ သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။
အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။
အသံကိလိဋ္ဌအသံကိလေသိကာ[၃] ဓမ္မာ။

၆။ သဝိတက္ကသဝိစာရာ ဓမ္မာ။ အဝိတက္ကဝိစာရမတ္တာ ဓမ္မာ။ အဝိတက္ကအဝိစာရာ[၄] ဓမ္မာ။

၇။ ပီတိသဟဂတာ ဓမ္မာ။ သုခသဟဂတာ ဓမ္မာ။ ဥပေက္ခာသဟဂတာ ဓမ္မာ။

၈။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။ နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

---

၁။ ဥပါဒိဏ္ဏုပါဒါနိယာ (သီ) ၂။ အနုပါဒိန္နာနုပါဒါနိယာ (သျာ)
၃။ အသံကိလိဋ္ဌာသံကိလေသိကာ (သျာ) ၄။ အဝိတက္ကာဝိစာရာ (သျာ)

၉။ ဒဿနေန ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ။
ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ။
နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ။

၁၀။ အာစယဂါမိနော ဓမ္မာ။ အပစယဂါမိနော ဓမ္မာ။
နေဝါစယဂါမိ နာပစယဂါမိနော[1] ဓမ္မာ။

၁၁။ သေက္ခာ ဓမ္မာ။ အသေက္ခာ ဓမ္မာ။ နေဝသေက္ခနာသေက္ခာ[2] ဓမ္မာ။

၁၂။ ပရိတ္တာ ဓမ္မာ။ မဟဂ္ဂတာ ဓမ္မာ။ အပ္ပမာဏာ ဓမ္မာ။

၁၃။ ပရိတ္တာရမ္မဏာ ဓမ္မာ။ မဟဂ္ဂတာရမ္မဏာ ဓမ္မာ။
အပ္ပမာဏာရမ္မဏာ ဓမ္မာ။

၁၄။ ဟီနာ ဓမ္မာ။ မဇ္ဈိမာ ဓမ္မာ။ ပဏီတာ ဓမ္မာ။

၁၅။ မိစ္ဆတ္တနိယတာ ဓမ္မာ။ သမ္မတ္တနိယတာ ဓမ္မာ။ အနိယတာ ဓမ္မာ။

၁၆။ မဂ္ဂါရမ္မဏာ ဓမ္မာ။ မဂ္ဂဟေတုကာ ဓမ္မာ။ မဂ္ဂါဓိပတိနော ဓမ္မာ။

၁၇။ ဥပ္ပန္နာ ဓမ္မာ။ အနုပ္ပန္နာ ဓမ္မာ။ ဥပ္ပါဒိနော ဓမ္မာ။

၁၈။ အတီတာ ဓမ္မာ။ အနာဂတာ ဓမ္မာ။ ပစ္စုပ္ပန္နာ ဓမ္မာ။

၁၉။ အတီတာရမ္မဏာ ဓမ္မာ။ အနာဂတာရမ္မဏာ ဓမ္မာ။
ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ။

၂၀။ အဇ္ဈတ္တာ ဓမ္မာ။ ဗဟိဒ္ဓါ ဓမ္မာ။ အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ။

၂၁။ အဇ္ဈတ္တာရမ္မဏာ ဓမ္မာ။ ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။
အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။

၂၂။ သနိဒဿနသပ္ပဋိဃာ ဓမ္မာ။ အနိဒဿနသပ္ပဋိဃာ ဓမ္မာ။
အနိဒဿနအပ္ပဋိဃာ[3] ဓမ္မာ။

တိကမာတိကာ နိဋ္ဌိတာ။

---

၁။ နေဝါစယဂါမိနော နာပစယဂါမိနော(သျာ)
၂။ နေဝ သေက္ခာ နာသေက္ခာ(သီ၊ သျာ)
၃။ အနိဒဿနာပ္ပဋိဃာ(သျာ)

# တိက မာတိကာ ညဝါ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

**ပဏာမ နှင့် ပဋိညာဉ်**

တိလောကဂ္ဂ မစိန္တေယျံ၊ တိကပ္ပဒ ပဝတ္တကံ။
နတွာ သောတူ နမတ္ထာယ၊ ကရိဿံ တိကမာတိကံ။

တိလောကဂ္ဂံ၊ သင်္ခါ,သတ္တ, ဩကာသဟု လောကဆောင်နွန်း သုံးပါးလုံး၏ အမွန်မြတ်ဆုံး ဖြစ်တော်မူပေထသော။ အစိန္တေယျံ၊ အစိန္တေယျ ကြံဆမပြီး အံ့ချီးဖွယ်ဂုဏ် အင်္ဂုဖုံနှင့် ပြည့်စုံတော် မူပေထသော။ တိကပ္ပဒ ပဝတ္တကံ၊ ပရမတ်လေးချက် သဘောနက်ကို ရောယှက်မထားသုံးပုဒ် သုံးပုဒ် အားဖြင့် ခွဲခြားဖြစ်စေတော် မူတတ်သော မြတ်စွာဘုရားကို။ နတွာ၊ အန္တရာယ် ကင်းဝေး ကျမ်းပြီး ရေးကို မျှော်တွေးမပျက် ဦးညွှတ်လျက်ဖြင့် နှစ်သက်မြတ်နိုး ရှိခိုးပြီး၍။ သောတူနံ၊ မေးခွန်းထွေလာ ဖြေရာစခန်း စာအောင်ပန်းကို ဆင်မြန်းလိုငြား စာသင်သားတို့၏။ အတ္ထာယ၊ သဘောနက်ကျယ် ခက်စဖွယ်ကို ကျက်လွယ်,ကြံလွယ်, အံလွယ် ပါစေခြင်း အကျိုးငှာ။ တိကာမာတိကံ၊ တိကာမာတိကာ အမည်သာ သည့်၊ ညဝါခေါ်မှန်း အခြေပြု ကျမ်းကို။ ကရိဿံ၊ ဆရာတော်သခင် ကျေးဇူးရှင်တို့၏ သွန်သင်ပြသ သဲလွန်စကို ကျနတွေးမှု အလေးဂရုဖြင့် ရေးပြု စီရင်ပေအံ့သတည်း။

(ကျွန်ုပ်ဂါထာဖြင့် သုံးလောကဓာတ် အမြတ်ထိပ်တင် သဗ္ဗညု ဘုရားရှင်အား ကြည်လင်သော ကိုယ်စိတ်နှလုံးဖြင့် ရိုသေစွာရှိခိုး ဦးညွှတ်ပါသည် –ဟူသော ဗုဒ္ဓ ပဏာမနှင့် အခြေပြု မူလတန်း

သရဖူအောင်ပန်းကို ဆင်မြန်းလိုကြသော စာသင်သားများ အတွက် အလွယ်တကူ ကျက်မှတ်နိုင်ရန် "တိကမာတိကာ အရကောက်ကျမ်း" ကို တန်ဆာဆင်၍ "မူလတန်းညဝါ" ဟူသော အခြေပြု ဤကျမ်းစာကို လက်ာ စကားပြေတို့ဖြင့် ဖွင့်ဆိုစီရင်ပေအံ့– ဟူသော ပဋိညာဉ်တို့ကို ပြုပါသည်။)

## ကြိုတင်ကျက်ယူရမည့် ပရမတ် (၄) ပါး အရကောက်

စိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။ ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅ပါး၊ အာယတနအားဖြင့် ၁၂ ပါး၊ ဓာတ်အားဖြင့် ၁၈ပါး၊ သစ္စာအားဖြင့် ၄ပါး ဖြစ်ကုန်၏။

### ခန္ဓာဖွဲ့ပုံ

ခန္ဓာအားဖြင့် ၅ပါးဟူသော်ကား ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ဒွေပညာသ တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ–သညာမှ ကြွင်းသော စေတသိက်ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊ စိတ်တခု ယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅ပါး ဖြစ်သတည်း။

### အာယတနဖွဲ့ပုံ

အာယတနအားဖြင့် ၁၂ပါး ဟူသော်ကား ရုပ်အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏၊ သောတပသာဒသည် သောတာယတနမည်၏၊ ဃာနပသာဒသည် ဃာနာယတန မည်၏၊ ဇိဝှာပသာဒသည် ဇိဝှာယတနမည်၏၊ ကာယပသာဒသည်ကာယာယတနမည်၏၊ ရူပါရုံသည် ရူပါယတန မည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏၊ ရသာရုံသည် ရသာယတနမည်၏၊ ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ စိတ်တခုယုတ်ကိုးဆယ်သည် မနာယတနမည်၏၊ စေတသိက် ဒွေပညာသ၊

အာခပေါ, ဂုဏ္ဍိနွေ, ပုရိသိန္ဒြေ, ဟာဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ–အားဖြင့် သုခုမ ရုပ်သော ၂၈သ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏။ ဤသို့လျှင် အာယတန အားဖြင့် ၁၂ ပါး ဖြစ်သတည်း။

## ဓာတ်ဖွဲ့ပုံ

ဓာတ်အားဖြင့် ၁၈ပါး ဟူသော်ကား ရုပ်အဋ္ဌဝိသ တို့တွင် စက္ခုပ သာဒသည် စက္ခုဓာတ်မည်၏၊ သောတပသာဒသည် သောတဓာတ်မည် ၏၊ ဃာနပသာဒသည် ဃာနဓာတ်မည်၏၊ ဇိဝှာပသာဒသည် ဇိဝှာဓာတ် မည်၏၊ ကာယပသာဒသည် ကာယဓာတ်မည်၏၊ ရူပါရုံသည် ရူပဓာတ် မည်၏၊ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏၊ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏၊ ရသာရုံသည် ရသဓာတ်မည်၏၊ ပထဝီ, တေဇော, ဝါယော, ဟုဆိုအပ် သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ စိတ်တခု ယုတ်ကိုးဆယ် တို့တွင် စက္ခုဝိညာဏ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏၊ သောတဝိညာဏ် ဒွေသည် သောတဝိညာဏဓာတ်မည်၏၊ ဃာနဝိညာဏ်ဒွေသည် ဃာနဝိ ညာဏဓာတ်မည်၏၊ ဇိဝှာဝိညာဏ်ဒွေသည် ဇိဝှာဝိညာဏဓာတ် မည်၏၊ ကာယဝိညာဏ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသောစိတ် ၇၆– ခုသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက်ဒွေပညာသ၊ အာပေါ, ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ, ဟာဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယ ဝိညတ်, ဝစီဝိညတ်, ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ သန္တတိ, ဇရတာ, အနိစ္စတာ–အားဖြင့် သုခုမရုပ်သော ၂၈သနိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈ပါး ဖြစ်သတည်း။

## ကြိုတင်ကျက်ထားရမည့် ပရမတ် (၄) ပါး အရကောက်

သစ္စာအားဖြင့် ၄–ပါး ဟူသော်ကား– လောကီစိတ် ကောသီတိ၊ ၄လောဘကြဉ် စေတသိက် ၅၂ကပညာသ၊ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာ

မည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ် ၄–ခု၌ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, ဟု ဆိုအပ်သော သောတာပတ္တိမဂ်ရှစ်ပါး၊ ခုနစ်ပါး၊ သကဒါဂါမိမဂ်ရှစ်ပါး၊ ခုနစ်ပါး၊ အနာဂါမိမဂ်ရှစ်ပါး၊ ခုနစ်ပါး၊ အရဟတ္တမဂ်ရှစ်ပါး၊ ခုနစ်ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသောမဂ် စိတ္တုပ္ပါဒ် ၂၈–ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၄–ပါး ဖြစ်သတည်း။

# မာတိကာနိဒါန်း

မာတရံ ပမုခံ ကတွာ၊ တသ္မာ ပညာယ တေဇသာ။
အာဂမ္မေ ကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ–ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် ကမ္ဘာတသိန်း အလွန်ရှိသော လေးသင်္ချေယျက်၌ **သုမေဓာရသေ့ဖြစ်၍**–
ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ ကိုယ်တော် အထီးတည်း နိဗ္ဗာန်ဆိုကို ယူတော်မူသော ယောကျ်ားမြတ်ဖြစ်လျက် တယောက် အထီးတည်းကူးသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ **ဝေနေယျ သတ္တဝါ** အပေါင်းတို့ကို သံသရာတည်းဟူသော **ရေအလျဉ်မှထုတ်၍**–
နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့တင်အံ့ဟု ကြံတော်မူသဖြင့် ကာမောဃ-ဘဝေါဃ-ဒိဋ္ဌောဃ- အဝိဇ္ဇောဃ-တည်းဟူသော ဩဃ လေးပါး၌ နစ်မွန်းမျောပါကုန်သော **ဝေနေယျသတ္တဝါအပေါင်းတို့ကို** သနားကြင်နာတော် မူလှသည်ဖြစ်၍–
လက်တော်သို့ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို စွန့်သဖြင့် **သုမေဓာ** ရှင်ရသေ့ အဖြစ်မှသည် **ဝေဿန္တရာမင်း** အဖြစ်တိုင်အောင် မရေတွက် နိုင်သော ဘဝတို့၌–

၁။ ရွှေ,ငွေ,ဆင်,မြင်းအစရှိသော **အပဝတ္ထု**ကို လှူခြင်းတည်း ဟူသော **ဒါနပါရမီ**။

၂။ ခြေ,လက်,နား,နှာခေါင်း **အင်္ဂ**ရှိသည်ကို လှူခြင်းတည်းဟူ သော **ဒါနဥပပါရမီ**။

၃။ ကိုယ်အသက်ကို လှူခြင်းတည်းဟူသော **ဒါနပရမတ္ထပါရမီ** အစရှိသော ပါရမီသုံးဆယ်တို့ကိုလည်းကောင်း။

၁။ အလွန်ပြုခဲစွာသော ပဒေသရာဇ်- ကေရာဇ်- စကြာမင်းတို့၏ စည်းစိမ်ဥစ္စာရတနာကို စွန့်ခြင်းတည်းဟူသော **မဟာပရိစ္စာဂ**။

၂။ သားသမီးကို စွန့်ခြင်းတည်းဟူသော **ပုတ္တပရိစ္စာဂ**။
၃။ မယားကို စွန့်ခြင်းတည်းဟူသော **ဘရိယပရိစ္စာဂ**။
၄။ ခြေ,လက်,နား,နှာခေါင်း-အစရှိသော အင်္ဂါ ကြီးငယ်ကို စွန့်ခြင်းတည်းဟူသော **အင်္ဂပရိစ္စာဂ**။
၅။ ကိုယ်အသက်ကို စွန့်ခြင်းတည်းဟူသော **ဇီဝိတပရိစ္စာဂ**၊ ဤစွန့်ခြင်းကြီး ငါးပါးတို့ကိုလည်းကောင်းဖြည့်စွန့်တော်မူပြီး၍—

တုသိတာနတ်ပြည်၌ **သေတကေတု** အမည်ရှိသောနတ်သားဖြစ်၍ နတ်တကာတို့ထက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း အစရှိသောအကြောင်းတို့ဖြင့် လွန်မြတ်လျက် တုသိတာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်လေးထောင်၊ ယာမာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်ရှစ်ထောင်၊ တာဝတိံသာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တသောင်းခြောက်ထောင်၊ စာတုမဟာရာဇ်နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်သုံးသောင်းနှစ်ထောင်၊ လူတို့၏ အရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေ အနှစ် ခြောက်သန်းကာလပတ်လုံး နတ်တို့၏ စည်းစိမ်ကို ခံစားတော်မူပြီး၍—

နတ်တို့၏စည်းစိမ်ကို ခံစားတော် မူပြီးသောအဆုံး၌ "အလောင်းမင်း....ဘုရားဖြစ်အံ့သော အခါတန်ပါပြီ၊ လောကသုံးပါး၌ လူ-နတ်-ဗြဟ္မာသတ္တဝါတို့၏အကျိုးငှါ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါ" ဟု တသောင်းသော စကြာဝဠာတိုက်မှလာ၍ နတ်-ဗြဟ္မာ အပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍—

**ကာလ,ဒီပ,ဒေသ,ကုလ,မာတုအာယုပရိစ္ဆေဒ** တည်းဟူသော ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်တော်မူပြီး၍ ဝါဆိုလပြည့်နေ့အာသဠ္ဍီနက္ခတ်နှင့်ယှဉ်လျက် မဟာသမ္မတမင်းမှစ၍ အသမ္ဘိန္နခတ္တိယမင်းမျိုး၌ ကပိလဝတ်ပြည်ကြီးရှင် သုဒ္ဓေါဒနမင်းကြီး၏ မင်္ဂလာမဟာဒေဝီမယ်တော်မာယာ

**ဝမ်း၌** ပဋိသန္ဓေနေပြီး၍၊ ဆယ်လစေ့သဖြင့် ကဆုန်လပြည့် **ဝိသာခါ** **နက္ခတ်**နှင့်ယှဉ်လျက် ဖွားတော်မူ၍ တဆယ့်ခြောက်နှစ်မြောက်သောအခါ **မင်း**ဆက်ဘကာ မစုံးသော ရမ္မ, သုဘ, သုရမ္မ တည်းဟူသော **ရွှေနန်း** သုံးဆောင်၌ ယသောဓရာ အမှူးရှိသော ရွှေအဆင်းနှင့် တူ**သော** **မော**င်းမအပေါင်း လေးသောင်းခြံရံလျက် နတ်တို့၏စည်းစိမ်နှင့်တူ**သော** မင်း၏စည်းစိမ်ကိုခံစားစဉ် **သူနာ, သူအို, သူသေ, ရဟန်း** တည်းဟူ**သော** **နိမိတ်ကြီးလေးပါး**ထင်လျက် ထိုစည်း**စိမ်**ကိုစွန့်၍ ရဟန်းပြုတော်**မူလျက်** **ခြောက်နှစ်ပတ်လုံး ဒုက္ကစရိယာ** ကျင့်တော်မူပြီး၍—

**အဇပါလညောင်ပင်** ရင်း၌ သုဇာတာ အမည်ရှိသော **သဌေးသမီး** **သည်** လှူအပ်သော နို့ဃနာဆွမ်းကိုခံလျက် နေရဥ္စရာမြစ်**နား**၌ ဘုဉ်း **ပေး**တော်မူ၍၊ ညချမ်းသောအခါ နတ်တို့သည် စီရင်အပ်သောလမ်းဖြင့် **မဟာဗောဓိမဏ္ဍိုင်**သို့ ကြွတော်မူ၍=

တောင်အရပ်က ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီး**စောင်း** **ထောင်**ရှိသောကြောင့် မဝင်မူ၍၊ အနောက်အရပ်က ဝင်အံ့ဟုရပ်**တော်** မူသည်ရှိသော် မြေကြီးစောင်းထောင်ရှိသောကြောင့် **မ**ဝင်မူ၍၊ **မြောက်** **အရပ်က**ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်း**ထောင်**ရှိ**သော** ကြောင့် မဝင်မူ၍၊ အရှေ့မြောက်ထောင့်ကရပ်လျက် **တနည်းလည်း** **အရှေ့**အရပ်ကရပ်လျက်* **သုဒ္ဓိယ** စေင်သည် လှူအပ်သောမြက်ရှစ်ဆုပ်ကို ကြဲဖြန့်သောအခါ ရတနာခုနစ်ပါးဖြင့်ပြီးသောအပရာဇိတပလ္လင်**ပေါက်** **၍** ထိုပလ္လင်ထက်၌ **ထက်**ဝယ်ဖွဲ့ခွေနေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တ**မာရ်** ကိုအောင်တော်မူလျက် ပုရိမယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်၊ ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ်ကို ရတော်မူ၍ **လောက** သုံးပါး၌ အတုမရှိသော သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသော မြတ်**စွာ** ဘုရားသည် လူ-နတ်-ဗြဟ္မာသတ္တဝါတို့၏ အကျိုးစီးပွားကိုသာ **ဆောင်**

---

* သောတ္ထိယ ချမ်းသာ။ သုဒ္ဓိယ–သောတ္ထိ–မြက်ရိတ်ပုဏ္ဏား။

တော်မူလျက် ဘုရားဖြစ်တော်မူ၍ ခုနစ်ဝါမြောက်သောကာလ သာဝတ္ထိပြည်၏အနီး ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်အပ်သော သရက်ပင်၏အရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေမီးအစုံအစုံ အစရှိသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသောအဆုံး၌ သုံးဖဝါးသာနင်းသဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍–

ပင်လယ် ကသစ်ပင်၏ အရင်း ခင်းထား အပ်သော ပဏ္ဍုကမ္ဗလာကျောက်နေရာထက်၌ နေမင်းကဲ့သို့ တင့်တယ်စွာ နေတော်မူလျက် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားကို အကြီးအမှူးပြု၍ တသောင်းသော စကြာဝဠာတိုက်မှ တညီတညွတ်တည်း စည်းဝေး လာကုန်သော ဗြဟ္မာအပေါင်းတို့အား အစွမ်းသုံးပါးနှင့် ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ဖြင့် လူ နတ်·နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်စွာသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏။

ထိုဝါတွင်း သုံးလပတ်လုံး ဟောတော်မူအပ်သော အဘိဓမ္မာ ဒေသနာတော်သည်လည်း ဝိတ္ထာရနယ, သင်္ခေပနယ, နာတိဝိတ္ထာရနာတိသင်္ခေပနယ အားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် တာဝတိံသာနတ်ပြည်၌ နတ်အပေါင်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျယ်လွန်းသောကြောင့် ဝိတ္ထာရနယ မည်၏။ စန္ဒကူးတော၌ နေတော်မူသောအခါ အရှင်သာရိပုတ္တရာအား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျဉ်းလွန်း သောကြောင့် သင်္ခေပနယ မည်၏။ အရှင် သာရိပုတ္တရာသည် လင်းနို့သား ဖြစ်ဖူးသော ငါးရာသော ရဟန်းတို့အား ဟောတော် မူအပ်သော ဒေသနာတော်သည် မကျဉ်း မကျယ်လွန်းသောကြောင့် နာတိဝိတ္ထာရနာတိသင်္ခေပနယ မည်၏။

ပါရမီသုံးဆယ်– စွန့်ခြင်းကြီးငါးပါး–စရိယ သုံးပါးတည်းဟူသော **အဓိဂမနိဒါန်း, ဒေသနာနိဒါန်း** ၂ပါးနှင့်ပြည့်စုံ၏။ ဒူရေနိဒါန်း, **အဝိဒူရေနိဒါန်း, သန္တိကေနိဒါန်း** တည်းဟူသော နိဒါန်း ၃ပါး နှင့်လည်း ပြည့်စုံ၏။

ထိုနိဒါန်း ၃—ပါးနှင့် ပြည့်စုံသော အဘိဓမ္မာ ဒေသနာတော်သည် **ပကရဏပရိစ္ဆေဒ** အားဖြင့် **ဓမ္မသင်္ဂဏီကျမ်း**, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း, ပဋ္ဌာန်းကျမ်း ဟူ၍ ၇—ပါး အပြားရှိ၏။ ထို ၇—ပါးတို့တွင် ဓမ္မသင်္ဂဏီ ကျမ်းကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဓမ္မသင်္ဂဏီကျမ်း၌လည်း ကဏ္ဍ အားဖြင့် စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပကဏ္ဍ, အဋ္ဌကထာ ကဏ္ဍဟူ၍ ၄ ပါး အပြားရှိ၏။ ထို၄—ပါးတို့တွင် **စိတ္တုပ္ပါဒကဏ္ဍ** ကို ရှေးဦးစွာဟောတော်မူ၏။ ထိုစိတ္တုပ္ပါဒကဏ္ဍ၌လည်း မာတိကာ—ပဒဘာဇနီ အားဖြင့် ၂—ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် **မာတိကာ** ကို ရှေးဦးစွာဟောတော်မူ၏။ ထိုမာတိကာ၌လည်း တိကမာတိကာ—ဒုကမာတိကာ အားဖြင့် ၂—ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် **တိကမာတိကာ** ကို ရှေးဦးစွာ ဟောတော်မူ၏။

## မာတိကာ နိဒါန်း အမေး အဖြေ

အထက်ဖေါ်ပြပါ မာတိကာနိဒါန်း ကျမ်းရင်း သက်သက်မှ ထုတ်နုတ်၍ အမေးအဖြေ ပြုလုပ်ပြပေအံ့။

* မာတိကာ နိဒါန်းဂါထာကို ရေးပါ။

* မာတရံ ပမုခံ ကတွာ၊ တသာ ပညာယ တေဇသာ။
  အဘိဓမ္မ ကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။

* ဂေါတမ မြတ်စွာဘုရား၏....
  (က) ပါရမီဖြည့်ရာ ကမ္ဘာအရေအတွက်၊
  (ခ) အလောင်းတော်၏ အမည်၊
  (ဂ) ဗျာဒိတ်ပေးသော ဘုရားရှင်တို့ကိုပြပါ။

* (က) လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊
  (ခ) သုမေဓာ ရှင်ရသေ့၊
  (ဂ) ဒီပင်္ကရာ မြတ်စွာဘုရားတို့ ဖြစ်ပါသည်။

* သုမေဓာရသေ့ဘဝက အလောင်းတော်အား မည်သို့အကြံ ဖြစ်ပါသနည်း။

* တယောက်အသီးတည်း နိဗ္ဗာန်သို့ ကူးသဖြင့် အဘယ်ဌ ကျိုး ရှိအံ့နည်း၊ ဝေနေယျသတ္တဝါအပေါင်းတို့ကို သံသရာတည်း ဟူသော ရေအလျဉ်မှထုတ်၍ နိဗ္ဗာန်တည်း ဟူသော ကြည်း ကုန်းထက်သို့ တင်အံ့ဟု အကြံဖြစ်ပါသည်။

* ဩဃလေးပါးကို ရေတွက်ပြပါ။

* ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ-တို့ဖြစ်ပါသည်။

* ဘုရားမဖြစ်မီ ပါရမီဖြည့်ခဲ့ရာ အစဘဝနှင့် အဆုံးဘဝတို့ကို ပြပါ။

* အစဘဝမှာ သုမေဓာရသေ့ဘဝဖြစ်ပါသည်။
အဆုံးဘဝမှာ ဝေဿန္တရာမင်းဘဝဖြစ်ပါသည်။

* ဒါနအရာ၌ ပါရမီသုံးမျိုး ပြားပုံကို သရုပ်အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါ။

* ရွှေ-ငွေ-ဆင်-မြင်း အစရှိသော အပဝတ္ထုကို လှူခြင်းသည် ဒါနပါရမီ၊

ခြေ-လက်-နား-နှာခေါင်း အစရှိသည်ကို လှူခြင်းသည် ဒါနဥပပါရမီ၊
ကိုယ်အသက်ကိုလှူခြင်းသည် ဒါနပရမတ္ထပါရမီ-ဖြစ်ပါသည်။

* စွန့်ခြင်းကြီးငါးပါးသရုပ်ကို အဓိပ္ပာယ်နှင့်တကွ ထုတ်ပြပါ။

* အလွန်ပြုခဲ့စွာသော ပဒေသရာဇ်-ကေရာဇ်-စကြာမင်း တို့၏ စည်းစိမ်ဥစ္စာရတနာကို စွန့်ခြင်းသည် ဓနပရိစ္စာဂ။
သားသမီးကိုစွန့်ခြင်းသည် ပုတ္တပရိစ္စာဂ၊
မယားကိုစွန့်ခြင်းသည် ဘရိယပရိစ္စာဂ။

ခြေ-လက်-နား-နှာခေါင်း အစရှိသော အင်္ဂါကြီးငယ်ကိုစွန့်ခြင်းသည်အင်္ဂပရိစ္စာဂ။
ကိုယ်အသက်ကိုစွန့်ခြင်းသည် ဇီဝိတပရိစ္စာဂ-တို့ဖြစ်ပါသည်။
[ဆောင်] ဓန-ပုတ္တာ၊ ဘရိယာ၊ အင်္ဂါ-ဇီဝိတ။

* ဘုရားအလောင်းတော်သည် အဘယ်နတ်ပြည်၌ အဘယ်မည်သော နတ်သားဖြစ်၍ အဘယ်အကြောင်းတို့ဖြင့် နတ်တကာတို့ထက်သာလွန်မွန်မြတ်စွာ နတ်စည်းစိမ်ကို ခံစားပါသနည်း။

* ဘုရားအလောင်းတော်သည် တုသိတာ နတ်ပြည်၌ သေတကေတုအမည်ရှိသော နတ်သားဖြစ်၍ နတ်တကာတို့ထက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း အစရှိသော အကြောင်းတို့ဖြင့် သာလွန်မွန်မြတ်စွာ နတ်စည်းစိမ်ကို ခံစားပါသည်။

* အလောင်းတော်နတ်သား၏ နတ်စည်းစိမ်ခံစားရာ အသက်တမ်းကို တုသိတာ-ယာမာ- တာဝတိံသာ- စာတုမဟာရာဇ် လူတို့၏ အရေအတွက်အားဖြင့် ဖြေကြားခဲ့ပါသည်။

* တုသိတာနတ်တို့၏ အရေအတွက်အားဖြင့်အနှစ်လေးထောင်၊ ယာမာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်ရှစ်ထောင်၊ တာဝတိံသာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တသောင်းခြောက်ထောင်၊ စာတုမဟာရာဇ်နတ်တို့၏ အရေအတွက်အားဖြင့် အနှစ် သုံးသောင်းနှစ်ထောင်၊ လူတို့၏ အရေအတွက်အားဖြင့် အနှစ်ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်းတိုင်တိုင် နတ်စည်းစိမ်ကို ခံစားပါသည်။

[ဆောင်] တုသိ-ယာမာ၊ တာဝတိံသာ၊ မဟာစဉ်၍ထား။
လေးထောင်စလျက်၊ တဆတက်၊ ရေတွက်သက်တမ်းပွား။
ငါးဆယ့်ခုနစ်ကုဋေ၊ ခြောက်သန်းပေ၊ တွက်ရေလူမှတ်သား။

* နတ်စည်းစိမ် ခံစားတော် မူပြီးသောအဆုံး၌ အလောင်းတော် နတ်သားအား နတ်ဗြဟ္မာအပေါင်းတို့က တသောင်းသော စကြဝဠာတိုက်မှလာ၍မည်သို့ တောင်းပန်ပါသနည်း။

* "အလောင်းမင်း....ဘုရားဖြစ်အံ့သောအခါတန်ပါပြီ၊လောက သုံးပါး၌ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးငှာ လူ့ပြည် သို့ဆင် ၍ဘုရားဖြစ်တော်မူပါ"ဟု တောင်းပန်ကြပါသည်။

* အလောင်းတော်နတ်သား၏ကြည့်ခြင်းကြီးငါးပါးကိုရေးပါ။

* ကာလ-ဒီပ-ဒေသ-ကုလ-မာတုအားယုပရိစ္ဆေဒတို့ ဖြစ်ပါသည်။

[ဆောင်] ကာလ-ဒီပ၊ ရပ်ဒေသ၊ ကုလ-မာတုအာ၊ ဘုန်းကံကြီးမြတ် လောင်းတော်နတ်၊ ငါးရပ်ကြည့်ခြင်းလာ။

* ဘုရားအလောင်း၏

(က) အမျိုး၊
(ခ) ခမည်းတော်အမည်၊
(ဂ) မယ်တော်အမည်၊
(ဃ) ပဋိသန္ဓေနေတော်မူရာလ—နေ့ရက်နှင့်နက္ခတ်၊
(င) ဖွားမြင်တော်မူရာလ--နေ့ရက်နှင့် နက္ခတ်တို့ကို အသီးသီး ဖော်ပြပါ။

(က) မဟာသမ္မတမင်းမှစ၍ အသမ္ဘိန္နတ္တိယမင်းမျိုး၊
(ခ) ကပိလဝတ်ပြည်ကြီးရှင်သုဒ္ဓေါဒနမင်းကြီး၊
(ဂ) မင်္ဂလာမဟာဒေဝီမယ်တော်မာယာ၊
(ဃ) ဝါဆိုလပြည့်နေ့၊ အာသဠ္ဍီနက္ခတ်၊
(င) ကဆုန်လပြည့်နေ့၊ ဝိသာခါနက္ခတ်—တို့ ဖြစ်ပါသည်။

* ပဋိသန္ဓေနေပြီး၍ ဆယ်လစေ့သဖြင့် ဖွားမြင်တော်မူပြီး နောက်တဆယ့်ခြောက်နှစ်မြောက်သောအခါ အလောင်းမင်း သားခံစားသော ရွှေ နန်းဆောင် မည်မျှ—မောင်းမပေါင်း မည်မျှရှိ ပည်ကို ဖြေကြားခဲ့ပါ။

* ရမ္မ-သုဘ-သုရမ္မဟု ရွှေနန်းဆောင် သုံးဆောင် ရှိပါသည်။ ယသောဓရာအမှူးရှိသော ရွှေအဆင်းနှင့်တူသော မောင်းမ အပေါင်းမှာ လေးသောင်း အခြံအရံရှိပါသည်။

* မင်း၏စည်းစိမ်ကို ခံစားစဉ် ထင်မြင်သော နိမိတ်ကြီးလေး ပါးကိုရေးပါ။

* သူနာ-သူအို-သူသေ-ရဟန်းတို့ ဖြစ်ပါသည်။

* နိမိတ်လေးပါးထင်၍ ရှင်ရဟန်းပြုတော်မူပြီးနောက် ဒုက္ကရစရိ ယာကျင့်သည့် နှစ်အပိုင်းအခြားနှင့် နေရာတို့ကိုပြပါ။

* ဒုက္ကစရိယာကျင့်သည့် နှစ်အပိုင်းအခြားမှာ ခြောက်နှစ် ဖြစ် ပါသည်။

* ကျင့်သည့်နေရာမှာ အဇပါလညောင်ပင်ရင်း ဖြစ်ပါသည်။

* ဒုက္ကစရိယာ ကျင့်တော်မူပြီး၍ ဆွမ်းအလှူခံရာ၌

(က) အလှူရှင်အမည်၊
(ခ) လှူသည့်ဆွမ်းအမည်၊
(ဂ) ဘုဉ်းပေးသည့်နေရာတို့ကို ဖော်ပြပါ။

* (က) သဋ္ဌေးသမီးသုဇာတာ၊
(ခ) နို့ဃနာဆွမ်း၊
(ဂ) နေရဉ္ဇရာမြစ်နား ဖြစ်ပါသည်။

* အလောင်းတော်ရဟန်းသည် နို့ဃနာဆွမ်း ဘုဉ်းပေးပြီးလျှင် အဘယ်အခါ-အဘယ်လမ်းဖြင့် အဘယ်အရပ်သို့ ကြွတော်မူ ပါသနည်း။

* အလောင်းတော်ရဟန်းသည် နို့ဃနာဆွမ်း ဘုဉ်းပေးပြီးလျှင် ညချမ်းသောအခါ နတ်တို့သည် စီရင်အပ်သောလမ်းဖြင့် မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူပါသည်။

* မဟာဗောဓိမဏ္ဍိုင်သို့ မည်သည့်အရပ်ကနေ ဝင်တော်မူပါသနည်း။ အကြောင်းပြ၍ ဖြေဆိုပါ။

* တောင်အရပ်ကဝင်အံ့ဟု ရပ်တော်မူသည် ရှိသော် မြေကြီးစောင်းထောင်ရှိသောကြောင့် မဝင်မူ၍၊ အနောက် အရပ်ကဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင်ရှိသောကြောင့် မဝင်မူ၍၊ မြောက်အရပ်ကဝင်အံ့ဟု ရပ်တော်မူသည် ရှိသော် မြေကြီးစောင်းထောင်ရှိသောကြောင့် မဝင်မူ၍၊ အရှေ့မြောက်ထောင့်ကရပ်လျက်၊ တနည်းလည်း အရှေ့အရပ်ကရပ်လျက် ဝင်တော်မူပါသည်။

[ဆောင်] တောင်-နောက်-မြောက်မှာ၊ မဝင်ပါ၊
ဝင်ရာရှေ့မြောက်ထောင့်၊
မြေကြီးစောင်းထောင် ရှိသောကြောင့်။

* မြက်ရှစ်ဆုပ် လှူသော ဒါယကာ၏ အမည်နှင့် ထိုမြက်ရှစ်ဆုပ် ကြဲဖြန့်သောအခါ အဘယ်သို့ သဘောရှိသော အရာဝတ္ထု ပေါ်ပေါက်လာပါသနည်း။

* မြက်ရှစ်ဆုပ် လှူသော ဒါယကာ၏ အမည်မှာ သုဒ္ဓိယငစင် ဖြစ်ပါသည်၊
ထိုမြက်ရှစ်ဆုပ် ကြဲဖြန့်သောအခါ ရတနာခုနစ်ပါးဖြင့် ပြီးသောအပရာဇိ တပလ္လင်ပေါ်ပေါက်လာပါသည်။

* ဒေဝပုတ္တမာရ်ကို အဘယ်နေ့ရာ၌ အဘယ်သို့ နေစဉ်အဘယ်အချိန်အောင်မြင်တော်မူပါသနည်း။

* ဒေဝပုတ္တမာရ်ကို အပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် နေမဝင်မီ အောင်မြင်တော်မူပါသည်။

* ဒေဝပုတ္တမာရ်ကို အောင်တော်မူပြီးနောက် မည်သည့်ယံ၌ မည်သည့်ဉာဏ် ရတော်မူပါသနည်း။
* ပုရိမယံ၌ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခု ဉာဏ်၊
ပစ္ဆိမယံ၌ အာသဝက္ခယဉာဏ်ကို ရတော်မူပါသည်။

[ဆောင်] ပု—မ—ပစ္ဆာ၊ပု–ဒိ—အာ၊သုံးဖြာစဉ်တိုင်းယူ။
လောကသုံးပါး၊ မြတ်ဘုရား၊ ထင်ရှားပွင့်တော်မူ။

* ဘုရားဖြစ်တော်မူ၍ ဝါတော်မည်မျှအရတွင် မည်သည့် တိုင်းပြည်၏အနီး- မည်သူစိုက်အပ်သော သရက်ပင်အရင်း၌အဘယ် အကျိုးငှာ ရေမီးအစုံစုံ အစရှိသော တန်ခိုးပြဋ္ဌိဟာတို့ကို ပြတော်မူပါသနည်း။
* ဘုရားဖြစ်တော်မူ၍ ခုနစ်ဝါမြောက်သောကာလ သာဝတ္ထိပြည်၏အနီး ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်အပ်သော သရက်ပင်၏အရင်း၌ တိတ္ထိတို့ကို နှိမ်နှင်းခြင်းငှာ ရေမီး အစုံစုံအစရှိသော တန်ခိုးပြာဋိဟာတို့ကိုပြတော်မူပါသည်။

* တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးသောအခါ ဖဝါးပေါင်း မည်မျှနင်း၍ အဘယ်အရပ်သို့ ကြွတော်မူပါသနည်း။
* သုံးဖဝါးသာနင်းသဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော် မူပါသည်။

* တာဝတိံသာနတ်ပြည်၌ စံနေရာ သစ်ပင်နှင့် ကျောက်ဖြာ၏ အမည်တို့ကိုရေးပါ။
* သစ်ပင်၏အမည်မှာ ပင်လယ်ကသစ်ပင်ဖြစ်ပါသည်။ ကျောက် ဖြာ၏အမည်မှာ ပဏ္ဍုကမ္ဗလာဖြစ်ပါသည်။

* ပဏ္ဍုကမ္ဗလာ ကျောက်နေရာထက်၌ နေမင်းကဲ့သို့ တင့်တယ်စွာနေတော်မူလျက် မည်သူ့ကို အမှူးပြု၍၊ မည်သူတို့အား မည်သည့်ဉာဏ်ဖြင့် မည်သို့သောတရားကို- မည်မျှကြာအောင် ဟောတော်မူပါသနည်း။

* မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားကို အကြီးအမှူးပြု၍ တသောင်းသော စကြာဝဠာတိုက်မှ တညီတညွတ်တည်း စည်းဝေးလာကုန်သောနတ်ဗြဟ္မာအပေါင်းတို့အား၊ အစွမ်းသုံးပါးနှင့် ပြည့်စုံသော သဗ္ဗညုတ ဉာဏ်တော်ဖြင့် လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်စွာသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူပါသည်။

* အဘိဓမ္မာဒေသနာတော်၏ နယသုံးပါးကို အဓိပ္ပာယ်နှင့်တကွပြပါ။

* ဝါတွင်းသုံးလပတ်လုံး ဟောတော်မူအပ်သော အဘိဓမ္မာ ဒေသနာတော်သည် ဝိတ္ထာရနယ-သင်္ခေပနယ- နာတိဝိတ္ထာရ နာတိသင်္ခေပနယအားဖြင့် သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင် တာဝတိံသာနတ်ပြည်၌ နတ်အပေါင်းအား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျယ်လွန်းသောကြောင့် ဝိတ္ထာရနယမည်၏။

စန္ဒကူးတော၌ နေတော်မူသောအခါ အရှင်သာရိပုတ္တရာအား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျဉ်းလွန်းသောကြောင့် သင်္ခေပနယမည်၏။

အရှင်သာရိပုတ္တရာသည် လင်းနို့သားဖြစ်ဖူးသော ငါးရာသောရဟန်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် မကျဉ်းမကျယ်လွန်းသောကြောင့် နာတိဝိတ္ထာရ နာတိသင်္ခေပ နယမည်၏။

* အဘိဓမ္မာ ဒေသနာတော်သည် အဘယ်နိဒါန်းများနှင့် ပြည့်စုံပါသနည်း၊ အသီးသီးရေးခဲ့ပါ။
* အဘိဓမ္မာ ဒေသနာတော်သည် ပါရမီသုံးဆယ်- စွန့်ခြင်းကြီးငါးပါး စရိယာသုံးပါးတည်းဟူသော အဝိဂမ နိဒါန်း- ဒေသနာနိဒါန်း- နှစ်ပါးနှင့် ပြည့်စုံပါသည်။
ဒူရေနိဒါန်း- အဝိဒူရေနိဒါန်း- သန္တိကေနိဒါန်း- တည်းဟူသော နိဒါန်းသုံးပါးနှင့်လည်း ပြည့်စုံပါသည်။
[ဆောင်] နိဒါန်း နှစ်ပါး- မိ, ဒေထား၊ သုံးပါးဒူ- ဒူသန်။

* အဘိဓမ္မာ ခုနစ်ကျမ်း သရုပ်ကို ထုတ်၍ ဤမာတိကာသည် မည်သည့် အဘိဓမ္မာကျမ်း၌ ပါဝင်ပါသနည်း။
* အဘိဓမ္မာ ဒေသနာတော်သည် ပကရဏ ပရိစ္ဆေဒ အားဖြင့် ဓမ္မသင်္ဂဏီကျမ်း- ဝိဘင်းကျမ်း- ဓာတုကထာကျမ်း- ပုဂ္ဂလပညတ်ကျမ်း- ကထာဝတ္ထုကြမ်း- ယမိုက်ကျမ်း- ပဋ္ဌာန်းကျမ်း- ဟူ၍ ခုနစ်ပါးရှိပါသည်။
ထိုတွင် ဤမာတိကာသည် ဓမ္မသင်္ဂဏီကျမ်း၌ ပါဝင်ပါသည်။
[ဆောင်] ဏီ-ဝိ-တုလာ၊ ပု-ကထာ၊ တဖြာယမိုက်-ဋ္ဌာန်း။

* ကဏ္ဍလေးပါးသရုပ်ကို ထုတ်ပြပါ။
* စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပကဏ္ဍ, အဋ္ဌကထာကဏ္ဍ, တို့ဖြစ်ပါသည်။
[ဆောင်] ကဏ္ဍလေးတွေ၊ စိတ်-ရူနေ၊ နိက္ခေ- ဋ္ဌကထာ။

* အောက်ဖော်ပြပါ ပေယျာလကို ဖော်ရေးပါ။
ထိုလေးပါးတို့တွင်(    )တိကမာတိကာကို ရှေးဦးစွာ ဟောတော်မူ၏။
* ထိုလေးပါးတို့တွင် စိတ္တုပ္ပါဒကဏ္ဍကို ရှေးဦးစွာ ဟောတော်မူ၏၊

ထိုစိတ္တုပ္ပါဒ ကဏ္ဍ၌လည်း မာတိကာ- ပဒဘာဇနီ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မာတိကာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုမာတိကာ ၌လည်း တိကမာတိကာ- ဒုကမာတိကာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် တိကမာတိကာကို ရှေးဦးစွာ ဟောတော်မူ၏။

**မာတိကာနိဒါန်း အမေးအဖြေ ပြီး၏။**

---

## တိကမာတိကာအရကောက်

### ၁-ကုသလတိက်

ထို တိကမာတိကာ၌လည်း ကုသလတိက်, ဝေဒနာတိက် အစရှိသော အားဖြင့် ၂၂-ပါးအပြားရှိ၏။

ထို ၂၂-ပါးတို့တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုကုသလတိက်၌လည်း ပဌမပဒ ဒုတိယပဒ တတိယပဒအားဖြင့် ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောပုံကား—

**ကုသလာ ဓမ္မာ** ဟူသတည်း။

ထိုနောင် ဒုတိယပဒကို ဟောတော်မူ၏

**ဟောဟန်ကား—**

**အကုသလာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် တတိယပဒကို ဟောတော်မူ၏။

**ဟောဟန်ကား—**

**အဗျာကတာ ဓမ္မာ** ဟူသတည်း။

ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိခြင်း ကောင်း **သောအကျိုးကို** ပေးခြင်းလက္ခဏာရှိကုန်သော။ ဓမ္မာ နိဿတ္တ နိဇ္ဇီဝသ **ဘာဝ**ါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရား တို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

အကုသလာ[၁] သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွ ဖြစ်ခြင်း မကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိကုန်သော။ ဓမ္မာနိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘော တရားတို့သည်။ သံဝိဇ္ဇန္တိရှိကုန်၏။

အဗျာကတာ[၂] ကုသလာကုသလဘာဝေန အကထိတာ အညဘာဝေန ကထိတာ၊ ကုသိုလ်အကုသိုလ်တို့၏ အဖြစ်အားဖြင့်ကား မဟောကြား အပ်ကုန် တပါးသောအဖြစ် အားဖြင့်သာ ဟောကြား အပ်ကုန်သော။ ဓမ္မာနိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်မဟုတ် ကုန် သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

**ကုသလာဓမ္မာဟူသော ပဌမပုဒ်၏ အရကား**—ကုသိုလ်စိတ် ၁၈-ဝီသ၊ စေတသိက် ၃၈-တိ သ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ **အာယတန**အားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

---

၁။ ဤအကုသလာ၌ အသဒ္ဒါကား ဝိရုဒ္ဓအနက်ကိုဟော၏၊ ကုသိုလ်ကား ပဟာ ယက အကုသိုလ်ကား ပဟာတဗ္ဗ၊ ဤသို့ပဟာယက, ပဟာတဗ္ဗ အဖြစ်ဖြင့် ဆန့်ကျင်သည်ဟူလို။

၂။ ဤအဗျာကတာ၌ အသဒ္ဒါကား အညအနက်ကို ဟော၏၊ ကုသိုလ်, အကု သိုလ်တို့မှ တပါးဖြစ်သည်ဟူလို။

**ခန္ဓာအားဖြင့် ၄ ပါး ဟူသော်ကား—**

စေတသိက် အဋ္ဌတိံသတို့တွင် ဝေဒနာသည် ဝေဒနက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှကြွင်းသောစေတသိက် ဆတ္တိံသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ကုသိုလ်စိတ် ကေဝီသသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂ ပါး ဟူသော်ကား—**

ကုသိုလ်စိတ် ကေဝီသသည် မနာယတနမည်၏၊ စေတသိက် အဋ္ဌတိ သ သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၂—ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၂ ပါး ဟူသော်ကား—**

ကုသိုလ်စိတ် ကေဝီသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် အဋ္ဌတိံသ သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၂ ပါး ဟူသော်ကား—**

လောကီကုသိုလ်စိတ် သတ္တရသ၊ စေတသိက် အဋ္ဌတိံသ သည် ဒုက္ခသစ္စာ မည်၏၊ မဂ်စိတ် လေးခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိ, ဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး[၁]။ သကဒါဂါမိမဂ် ၈-ပါး၊ ၇ ပါး။ အနာဂါမိမဂ် ၈-ပါး၊ ၇-ပါး။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။

---

၁။ ၈-ပါ— ၇-ပါး အရမှာ မဂ္ဂင်ရှစ်ပါးနှင့် ယှဉ်သော ပဌမဈာန်ကို ရည်၍ ၈-ပါး၊ ဝိတက်တည်းဟူသော သမ္မာသင်္ကပ္ပမဂ္ဂင်နှင့် မယှဉ်သော မဂ်ဒုတိယဈာန် စသည်ကိုရည်၍ ၇-ပါးဆိုသည်။

ကြွင်းသော၃မဂ် စိတ္တုပ္ပါဒ် ၂၉-ခုသည်[၁] သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**အကုသလာဓမ္မာဟူသော ဒုတိယပုဒ်၏အရကား**— အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး ဟူသော်ကား**—

စေတသိက် သတ္တဝီသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှကြွင်းသော စေတသိက် ပဉ္စဝီသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ အကုသိုလ်စိတ် ဒွါဒသ သည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတန အားဖြင့် ၂-ပါး ဟူသော်ကား**—

အကုသိုလ်စိတ် ဒွါဒသ သည် မနာယတန မည်၏၊ စေတသိက် သတ္တဝီသ သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၂-ပါး ဟူသော်ကား**—

အကုသိုလ်စိတ်ဒွါဒသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် သတ္တဝီသသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါးဖြစ်သတည်း။

---

၁။ မဂ်စိတ္တုပ္ပါဒ် ၂၉-ခုအရမှာ မဂ်မဌမစျာန်စိတ်၌ယှဉ်သော စေတသိက်တို့တွင် မဂ္ဂသစ္စာထိုက်သော မဂ္ဂင်တရားကိုယ် ၈-ခုကိုကြဉ်၊ မဂ်စိတ် ၄-ခုတို့သည် အာရမ္မဏဝိဇာနနအားဖြင့်တူကြ၍ တခုတည်းပြု၍ထည့် ၂၉-ခုဖြစ်၏။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား....

အကုသိုလ်စိတ် ဒွါဒသ၊ လောဘကြဉ်သော စေတသိက် ဆဗ္ဗီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

**အဗျာကတာဓမ္မာဟူသော တတိယပုဒ်၏အရကား—** ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ**၏**။

ထိုတရားတို့သည် **ခန္ဓာအားဖြင့် ၅-ပါး**၊ **အာယတနအားဖြင့် ၁၂-ပါး**၊ **ဓာတ်အားဖြင့်** ၁၈-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား....

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏၊ **စေတသိက်** အဋ္ဌတိံသတို့တွင် **ဝေဒနာ**သည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ **ဝေဒနာ** သညာမှကြွင်းသော စေတသိက်ဆတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏၊ ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသသည် ဝိညာဏက္ခန္ဓာမည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှလွတ်၏[၁]၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား...

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏၊ သောတပသာဒသည် သောတာယတနမည်၏၊ ဃာနပသာဒသည် ဃာနာယတန

---

၁။ နိဗ္ဗာန်**၏** ခန္ဓဝိမုတ်အဖြစ်ကိုကား ''ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟ နိဿဋံ့ဟူသော အဋ္ဌကထာပါဠိ (၅၂) ''အတီတာဒိဘေဒဘိန္နာ နဋ္ဌိရာသဋ္ဌေနခန္ဓ ဝေါဟာရံလဘတိ နိဗ္ဗာနံ ဘေဒါဘာဝတော ခန္ဓသင်္ဂဟတော နိဿဋံ့ပိနိမုတ္တန္တ၂ ဋ္ဌော'' ဟူသော ဋီကာကျော်ပါဠိ (၂၃၂)တို့ကိုထောက်၍ သိရ၏။

မည်၏၊ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏၊ ယာယပသာဒသည် ကာ
အာယတနမည်၏၊ ရူပါရုံသည် ရူပါယတနမည်၏၊ သဒ္ဒါရုံသည် သဒ္ဒါ
ယတနမည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏၊ ရသာရုံသည် ရသာ
ယတနမည်၏၊ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ
သည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ
သည် မနာယတနမည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ, ဣတ္ထိန္ဒြေ,
ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယ
ဝိညတ်, ဝစီဝိညတ်၊ ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ,
သန္တတိ, ဇရတာ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသရုပ်၊ နိဗ္ဗာန်
သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါး
ဖြစ်သတည်း။

ဓာတ်အားဖြင့် ၁၈-ပါး ဟူသော်ကား...

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏၊ သောတ
ပသာဒသည် သောတဓာတ်မည်၏၊ ဃာနပသာဒသည် ဃာနဓာတ်မည်၏၊
ဇိဝှါပသာဒသည် ဇိဝှါဓာတ်မည်၏၊ ကာယပသာဒသည် ကာယဓာတ်
မည်၏၊ ရူပါရုံသည် ရူပဓာတ်မည်၏၊ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏၊
ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏၊ ရသာရုံသည် ရသဓာတ်မည်၏၊ ပထဝီ,
တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်
မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏၊ သောတဝိညာဉ်
ဒွေသည် သောတဝိညာဏဓာတ်မည်၏၊ ဃာနဝိညာဉ်ဒွေသည် ဃာန
ဝိညာဏဓာတ်မည်၏၊ ဇိဝှါဝိညာဉ်ဒွေသည် ဇိဝှါဝိညာဏဓာတ်မည်၏၊
ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်းသမ္
ပဋိစ္ဆိုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသောဝိပါက်စိတ် တေဝီသ၊
ကြိယာစိတ် ဧကူနဝီသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက်
အဋ္ဌတိံသ၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရ
ရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿလဟုတာ, မုဒုတာ,

ကမ္မညတာ, ဥပစယ, သန္တတိ၊ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ်သော ဌသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈– ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး ဟူသော်ကား—**

လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ပဉ္စတိံသ၊ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာဟူ၍ ဟော တော်မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကို သုံးစုပြု၍ ဟောရာ ဟောကြောင်းဖြစ်ခြင်းကြောင့် တိကမည်၏။

ထိုတိက်သည် အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက်အားဖြင့် ၂-ပါးအပြားရှိ၏။

**ထို** ၂-ပါးတို့တွင် အစဉ်တည်သော ကုသလသဒ္ဒါဖြင့် ကုသလတိက် ဟူ၍ ရအပ်သော အမည်ရှိသည်၏ အဖြစ်ကြောင့် **အာဒိလဒ္ဓနာမတိက်** မည်၏။

သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့်လည်း ၂-ပါး အပြားရှိ၏။

ထို ၂-ပါးတို့တွင် ကြွင်းသော ပရမတ္ထတရားမ ရှိသည်၏ ဒ.ဖြစ်ကြောင့် နိပ္ပဒေသတိက် မည်၏။

**မဂ္ဂင်နှင့် စေတသိက်**

ဤကုသလတိက် စသည်၌ မဂ္ဂင်ရှစ်ပါးနှင့် စေတသိက် ရှစ်ပါးကို အောက်ဖော်ပြပါအတိုင်း တွဲစပ်သင့်ပေသည်။

သမ္မာဒိဋ္ဌိ— ပညိန္ဒြေ စေတသိက်၊
သမ္မာသင်္ကပ္ပ-ဝိတက်စေတသိက်၊

သမ္မာဝါစာ-သမ္မာဝါစာ စေတသိက်၊
အမ္မာကမ္မန္တ-သမ္မာကမ္မန္တစေတသိက်၊
သမ္မာအာဇီဝ-သမ္မာအာဇီဝစေတသိက်၊
သမ္မာဝါယာမ-ဝီရိယစေတသိက်၊
သမ္မာသတိ-သတိစေတသိက်၊
သမ္မာသမာဓိ-ဧကဂ္ဂတာစေတသိက်၊
ဤသို့တွဲစပ်သင့်ပေသည်။

## ရှစ်ပါး—ခုနစ်ပါး

"မဂ္ဂင်ရှစ်တန်၊ ယှဉ်တုံပြန်၊ မဂ်စျာန်ပထမ၊ ရှစ်ပါးပြ။
ဝိဘာက်မှန်စွာ၊ သမ္မာသင်္ကပ္ပ၊ မယှဉ်ပြန်၊
မဂ်စျာန်ဒုတိယ—ခုနစ်ပါးပြ"

ဤကား သောတာပတ္တိမဂ္ဂ ရှစ်ပါး—ခုနစ်ပါး စသည် ဆိုရခြင်း အကြောင်းဆောင်ပုဒ်တည်း၊ အဓိပ္ပာယ်ကို တိုက်ရိုက်စာသား၌ ပြထားပြီး ဖြစ်ပါကြောင်း။

၎င်း သောတာပတ္တိ မဂ် ရှစ်ပါး- ခုနစ်ပါး၊ သကဒါဂါမိမဂ် ရှစ်ပါး-ခုနစ်ပါး၊ အနာဂါမိမဂ်ရှစ်ပါး-ခုနစ်ပါး၊ အရဟတ္တမဂ်ရှစ်ပါး-ခုနစ်ပါးကို- ခန္ဓာ- အာယတန- ဓာတ်-သစ္စာဖွဲ့ပြပါ-ဟုမေးလျှင် ထိုတရား သည် သင်္ခါရက္ခန္ဓာ- ဓမ္မာယတန- ဓမ္မဓာတ်- မဂ္ဂသစ္စာအားဖြင့် တပါးစီ သာ ဖြစ်သတည်းဟု ဖြေရမည်။

## မဂ်စိတ္တုပ္ပါဒ် နှင့် ဖိုလ်စိတ္တုပ္ပါဒ်

"မဂ်စိတ်၌ယှဉ်၊ ဆတ္တိံသတွင်၊ မဂ္ဂင်ရှစ်ပါးနှုတ်။
မဂ်စိတ်လေးမျိုး၊ တခုတိုး၊ နှစ်ကိုးမဂ်စိတ္တုပ်။
ဖိုလ်စိတ္တုပ်မှာ၊ မနှုတ်ရာ၊ သင်္ချာသုံးခွန်ထုတ်။

ဤကား မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ် တို့၏ ဆောင်ပုဒ်တည်း၊ အစိပ္ပာယ်အကျယ်ကို မူရင်း၌ပြထားပြီး ဖြစ်ပါသည်။

## ၁-ကုသလတိက်

မဂ်စိတ္တုပ္ပါဒ် ၂၉-ခုအရကို ခန္ဓာ- အာယတနဓာတ်သစ္စာ မေးပြန်လျှင် ခန္ဓာ ၄-ပါး၊ အာယတန- ၂ပါး၊ ဓာတ်- ၂ပါး မှတ်ဖြစ်၍ သစ္စာမရ။

ခန္ဓာ ၄ပါးကား— စေတသိက် အင်္ဂပီသ[၁]တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဝေဒနာသည်- သညာမှကြွင်းသော စေတသိက် ဆင်္ဂပီသသည် သင်္ခါရက္ခန္ဓာ၊ မဂ်စိတ် ၄—ခုသည် ဝိညာဏက္ခန္ဓာ။ အာယတန ၂—ပါးကား— မဂ်စိတ်၄—ခုသည် မနာယတန၊ စေတသိက် အင်္ဂပီသသည် ဓမ္မာယတန။

ဓာတ် ၂-ပါးကား- မဂ်စိတ်-၄ခုသည် မနောဝိညာဏဓာတ်၊ စေတသိက် အင်္ဂပီသသည် ဓမ္မဓာတ်။ ဤသို့ဖြေရာ၏။

ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုအရကိုလည်း ဖိုလ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ[၂] ထား၍- ခန္ဓာ ၄-ပါး၊ အာယတန ၂-ပါး၊ ဓာတ် ၂-ပါး၊ သစ္စဝိမုတ်—ဟု ဖြေတတ်ပါစေ။

မဂ်စိတ္တုပ္ပါဒ်နှင့် ဖိုလ်စိတ္တုပ္ပါဒ်ပေါင်းလျှင် လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက် ဆတ္တိံသ- ဖြစ်ကြောင်း နားလည် သဘောပေါက်ရမည်။

## ၂-ဝေဒနာတိက်

ကုသလတိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝေဒနာတိက်ကို ဟောတော်မူ၏။

ထိုဝေဒနာတိက်၌လည်း ပဌမပဒ ဒုတိယပဒ တတိယပဒ အားဖြင့် သုံးပါးအပြားရှိ၏။

---

၁။ မဂ္ဂင်ရှစ်ပါး နှုတ်၍ အင်္ဂပီသဖြစ်သည်။
၂။ မဂ္ဂင်ရှစ်ပါး မနှုတ်မူ၍ ဆတ္တိံသဖြစ်သည်။

ထိုသုံးပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏။
ဟောဟန်ကား—

**သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ** ဟူသည်တည်း။
ထိုနောင် ဒုတိယပါဒကို ဟောတော်မူ၏။

ဟောဟန်ကား—
ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဟူသည်တည်း။
ထိုနောင် တတိယပါဒကို ဟောတော်မူ၏။

ဟောဟန်ကား
**အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ** ဟူသည်တည်း။

သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တာ၊ အညီအညွတ် ကေပ္ပါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝ ဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဒုက္ခာယ၊ သော။ ဝေဒနာယ၊ နှင့်။ သမ္ပယုတ္တာ၊ ကုန်သော။ ဓမ္မာ နိဿတ္တ နိဇ္ဇီဝသဘာဝ ဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဒုက္ခမသုခါယ၊ ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော။ ဝါ၊ ဒုက္ခမှလည်း တပါး သုခမှလည်း တပါးသော။ ဝေဒနာယ၊ နှင့်။ **သမ္ပယုတ္တာ၊ ကုန်သော။ ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝ ဝါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။**

**သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဟူသော ပဌမပုဒ်၏ အရကား**· သုခသဟဂုတ်စိတ် ၆၃–ခု၊ ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဝိစိကိစ္ဆာ, ကြဉ်သော စေတသိက် ဆဲစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃–ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၃–ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၃-ပါး ဟူသော်ကား**·
စေတသိက် ဆဲစတ္တာလီသတို့တွင် သညာသည် သညာက္ခန္ဓာမည်၏၊ သညာမှကြွင်းသော စေတသိက် ပဉ္စစတ္တာလီသသည် သင်္ခါရက္ခန္ဓာမည်၏၊

သုခသဟဂုတ်စိတ် ၆၃-ခုသည် ဝိညာဏဇနန္တ မည်၏၊ ဤသို့လျှင် နန္တ အားဖြင့် ၃-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး ဟူသော်ကား—**

သုခသဟဂုတ်စိတ် ၆၃-ခုသည် မနာယတန မည်၏၊ စေတသိက် ဆစတ္တာလီသသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၃ပါး ဟူသော်ကား—**

သုခသဟဂုတ် ကာယဝိညာဉ်သည် ကာယဝိညာဏ ဓာတ် မည်၏၊ ကြွင်းသော သုခသဟဂုတ်စိတ် ၆၂-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဆစတ္တာလီသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၃-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃ပါး ဟူသော်ကား—**

လောကီသုခသဟဂုတ်စိတ် ၃၁-ခု၊ လောဘကြဉ်သော စေတသိက် ပဉ္စစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ မဂ်သုခသဟဂုတ်စိတ် ၁၆-ခုဥ္စရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈—ပါး၊ ၇—ပါး၊ သကဒါဂါမိမဂ် ၈-ပါး၊ ၇-ပါး။ အနာဂါမိမဂ် ၈-ပါး၊ ၇-ပါး။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆-ခုသည် **သစ္စာ** ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဟူသော ဒုတိယပုဒ်၏အရကား-**

ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ **ဝေဒနာ**, ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ, ကြဉ်သော **စေတသိက် ဧကစတ္တာလီသ ရှိ၏။**

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၃-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၃ပါး ဟူသော်ကား—**

ဧေတသိက် ဧေစီသတို့တွင် သညာသည် သညာက္ခန္ဓာမည်၏၊ သညာမှ ကြွင်းသော ဧေတသိက်ဧီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ဒုက္ခသဟဂုတ်စိတ် ၃-ခုသည် ဝိညာဏက္ခန္ဓ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂ ပါး ဟူသော်ကား—**

ဒုက္ခသဟဂုတ်စိတ် ၃-ခုသည် မနာယတနမည်၏၊ ဧေတသိက် ဧေစီသသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၃ပါး ဟူသော်ကား—**

ဒုက္ခသဟ ဂုတ်ကာယ ဝိညာဉ်သည် ကာယဝိညာဏဓာတ် မည်၏၊ ဒေါသမူဒွေသည် မနောဝိညာဏဓာတ်မည်၏၊ ဧေတသိက် ဧေစီသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၃-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၁ ပါး ဟူသော်ကား—**

ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ ဧေတသိက် ဧေစီသသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါးဖြစ်သတည်း။

**အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာဟူသော တတိယပုဒ်၏ အရကား—**

ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၊ ဝေဒနာ, ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ကြဉ်သော ဧေတသိက် ဆစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့်၃-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၄-ပါး၊ သစ္စာအားဖြင့် ၃-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၃-ပါး ဟူသော်ကား....**

စေတသိက် ဆဲ့တ္တာသီလတို့တွင် သညာသည် သညာက္ခန္ဓာ မည်၏၊ သညာမှကြွင်းသော စေတသိက် ပဥ္စတ္တာလီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၃-ပါး ဟူသော်ကား....**

ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုသည် မနာယတန မည်၏၊ စေတသိက် ဆစတ္တာလီသသည် ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၇-ပါး ဟူသော်ကား....**

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏၊ သောတဝိညာဉ်ဒွေသည် သောတဝိညာဏဓာတ် မည်၏၊ ဃာနဝိညာဉ်ဒွေသည် ဃာနဝိညာဏဓာတ် မည်၏၊ ဇိဝှာဝိညာဉ်ဒွေသည် ဇိဝှာဝိညာဏဓာတ် မည်၏၊ ပဥ္စဒွါရာဝဇ္ဇာန်သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသောဥပေက္ခာသဟဂုတ်စိတ် ၄၄-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဆစတ္တာလီသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၇-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး ဟူသော်ကား....**

လောကီ ဥပေက္ခာသဟဂုတ်စိတ် ၄၇-ခု၊ လောဘကြဉ်သော စေတသိက်ပဥ္စတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည်သမုဒယသစ္စာ မည်၏၊ မဂ်ဥပေက္ခာသဟဂုတ်စိတ် ၄-ခုဥ္စရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး၊ သကဒါဂါမိမဂ် ၇-ပါး၊ အနာဂါမိမဂ် ၇-ပါး၊ အရဟတ္တမဂ် ၇-ပါးသည် မဂ္ဂသစ္စာမည်၏။

ကြွင်းသောမဂ်စိတ်ပြုပွါဒ် ၂၆-ခု၊ ဖိုလ်စိတ်ပြုပွါဒ် ၃၃-ခုသည် သစ္စာမှုသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

သုခါယသမ္ပယုတ္တာဓမ္မာ ဒုက္ခာယ ဝေဒနာယသမ္ပယုတ္တာ ဓမ္မာ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာဟူ၍ ဟောတော် မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကို သုံးစုံပြု၍ ဟောရာ ဟောကြောင်းဖြစ်ခြင်းကြောင့် တိက်မည်၏။

ထိုတိက်သည် အာဒိလဒ္ဒနာမတိက်, သဗ္ဗလဒ္ဒနာမတိက် အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် ၃-ပုဒ်လုံး၌တည်သော ဝေဒနာသဒ္ဒါဖြင့် ဝေဒနာတိက်ဟူ၍ ရအပ်သောအမည်ရှိသည်၏ အဖြစ်ကြောင့် သဗ္ဗလဒ္ဒနာမတိက်[၁] မည်၏။

သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့်လည်း ၂-ပါးအပြား ရှိ၏၊ ထို ၂-ပါးတို့တွင် သုခဝေဒနာ ၆၃-ခု[၂]၊ ဒုက္ခဝေဒနာ ၃-ခု၊ ဥပေက္ခာဝေဒနာ ၅၅-ခု၊ ရုပ်အဗျာကတ၊ နိဗ္ဗာန်ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် သပ္ပဒေသတိက် မည်၏။

---

၁။ ''ဒေဝဒတ္တောအလက်တော'' ကဲ့သို့ အစိတ်၏အမည်ကို အပေါင်း၌ တင်စား၍ သဗ္ဗလဒ္ဒနာမတိက် မည်သည်။

၂။ သုခဝေဒနာ ၆၃-ခုစသည်ဖြင့် ဆိုခြင်းကား ''စိတ္တေန သမမုဒ္ဒိသေ''ဟူသော အဋ္ဌကထာပါဠိ (၁၅)။

စိတ္တေန သမံ ဘေဒံ ဥဒ္ဒိသေ၊ ''သဗ္ဗစိတ္တသာဓာရဏာ တာဝ သတ္တ ဧကူနနဝုတိစိတ္တေသု ဥပ္ပဇ္ဇနတော ပစ္စေကံ ဧကူနနဝုတိဝိဓာ၊ ပတိဏ္ဏကေသု ဝိတက္ကော ပဉ္စပညာသစိတ္တေသု ဥပ္ပဇ္ဇနတော ပဉ္စပညာသဝိဓော'' ထျာဒိနာ ကထေယျာတိ အဓိပ္ပာယော—ဟူသော ဋီကာကျော်ပါဠိ(၁၂၁) တို့ကိုထောက်၍ သိရာ၏။

## သဗ္ဗလဒ္ဓနာမတိက်

ဤဝေဒနာတိက် တပါးတည်းသာလျှင် သဗ္ဗလဒ္ဓနာမတိက်ဖြစ်သည် ကျန်သော (၂၁)တိတ်မှာ အာဒိလဒ္ဓနာမတိက်ချည်းသာ ဖြစ်ပေသည်။

## သပ္ပဒေသတိက်

သပ္ပဒေသတိက်မှာ ဤတိက်မှစ၍ ကိုးတိက်ရှိပေသည်။ ၎င်းတို့မှာ.... ဝေဒနာတိက်၊ ဝိတက်တိက်၊ ပီတိတိက်၊ ပရိတ္တာရမ္မဏတိက်၊ မဂ္ဂါရမ္မဏတိက်၊ ဥပ္ပန္နတိက်၊ အတီတာရမ္မဏတိက်၊ အဇ္ဈတ္တာရမ္မဏတိက်-တို့ပေတည်း။

[ဆောင်] ဝေဒနာ-ဝိတက်၊ ပီတိစွက်၊ ပ-မဂ်-ဥပ္ပန္နေ။ တီမှာနှစ်မျိုး၊ အဇ္ဈတ်တိုး၊ တိက်ကိုးသပ္ပဒေ။

ဤဆောင်ပုဒ်၌ ပ-အရပရိတ္တတိက်ကို ယူမှားမိမည်၊ ပရိတ္တာရမ္မဏတိက်ကိုယူရမည်။

အဇ္ဈတ်တိုး-အရ အဇ္ဈတ္တတိက်ကို ယူမှားမိမည်၊ အဇ္ဈတ္တာရမ္မဏတိက်ကိုယူရမည်။ ကြပ်ကြပ်ကရုစိုက်ပါလေ။ ကိုးတိုတ်အစဉ်အတိုင်း စီထားသည်။

သပ္ပဒေသတိက် ၉-ပါးမှကြွင်းသော တဆယ့်သုံးပါးသောတိုက်တို့မှာ နိပ္ပဒေသတိတ်များသာ ဖြစ်ကြပေသည်။

## တိတ်မှတ်

တိက်မှတ်အရတရားကို....

"သု-ဒု-ဥပေ၊ ရုပ်-နိပ်နေ၊ ကြွင်းလေဝေမှာကြား"ဟူ၍ ဆောင်ထားပါ။

| | | | |
|---|---|---|---|
| သု | - | သုခဝေဒနာ | ၆၃-ခု၊ |
| ဒု | - | ဒုက္ခဝေဒနာ | ၃-ခု၊ |
| ဥပေ | - | ဥပေက္ခာဝေဒနာ | ၅၅-ခု၊ |

ရုပ် - ရုပ်အဌဝိသ
နိုဗ် - နိဗ္ဗာန်၊
ကြွင်းလေ ⎫ ဤ တရား တို့သည် ဝေဒနာ တိက်၏ တိုက်မုတ်
ဝေဟုကြား ⎭ အကြွင်းတရားများဟု ကြားသိစေပါသည်။

## ခန္ဓာဖွဲ့ စသည်

ဤတိက်မုတ်အရတရားကို ခန္ဓာစသည်ဖွဲ့လိုလျှင် ခန္ဓာ၂ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၁-ပါး၊ သစ္စာ၂-ပါးတို့ပေတည်း။

ခန္ဓာ ၂ပါးကား၊ ရုပ်အဌဝိသသည် ရူပက္ခန္ဓာ၊ သုခဝေဒနာ၆၃ခု၊ ဒုက္ခဝေဒနာ ၃-ခု၊ ဥပေက္ခာဝေဒနာ ၅၅-ခုသည် ဝေဒနာက္ခန္ဓာ၊ နိဗ္ဗာန်သည် ခန္ဓဝိမုတ်–ဤသို့အားဖြင့် ခန္ဓာ ၂-ပါး။

အာယတန-ဓာတ်လွယ်ပြီ။

သစ္စာ၂ပါးကား၊ လောကီသုခဝေဒနာ ၃၁-ခု၊ ဒုက္ခဝေဒနာ၃-ခု၊ လောကီဥပေက္ခာဝေဒနာ ၄၇-ခု၊ ရုပ်အဌဝိသသည် ဒုက္ခသစ္စာ၊ နိဗ္ဗာန် နိရောဓသစ္စာ၊ လောကုတ္တရာ သုခဝေဒနာ ၃၂-ခု၊ လောကုတ္တရာ ဥပေက္ခာဝေဒနာ ၈-ခုသည် သစ္စဝိမုတ်။

ဤသို့အားဖြင့် သစ္စာ ၂-ပါး။

ဤသို့ဖွဲ့ရပါမည်။

## ၃။ ဝိပါကတိက်

ဝေဒနာတိတ်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိပါကတိက်ကို ဟောတော်မူ၏။ (စစ်မြဲစစ်လေ)။

ဟောဟန်ကား....

**ဝိပါကာ ဓမ္မာ ဟူသည်တည်း။**

**ထိုနောင်....၏၊ ဟောဟန်ကား....**

**ဝိပါကဓမ္မဓမ္မာ ဟူသည်တည်း။**

ထိုနောင်....၏- ဟောဟန်ကား....
**●နေဝဝိပါက နှ ဝိပါကဓမ္မဓမ္မာ ဟူသည်တည်း။**

ဝိပါကာ၊အချင်းချင်းထူးကုန်သော ကုသိုလ်,အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော။ မွေ့ာ နိဿတ္တနိဇ္ဇီဝသဘာဝ ါ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဝိပါကဓမ္မဓမ္မာ၊ အကျိုးကိုဖြစ်စေခြင်း သဘောရှိကုန်သော သတ္တလည်းမဟုတ်၊ ဇီဝလည်း မဟုတ်ကုန်သော သဘော တရားတို့သည် သံဝိဇ္ဇန္တိ၊ ကုန်၏။

နေဝဝိပါက နှ ဝိပါကဓမ္မဓမ္မာ၊ အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏အကျိုးသည်း မဟုတ်အကျိုးကိုဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်ကုန်သော။ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဝိပါက ဓမ္မာ ဟူသော ပဋ္ဌမပုဒ်၏အရကား—ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး ဓာတ်အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

ခန္ဓာအားဖြင့် ၄-ပါး ဟူသော်ကား—
စေတသိက် အဋ္ဌတိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် ဆတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏၊ ဝိပါက်စိတ် ဆတ္တိံသသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး** ဟူသော်ကား....
ဝိပါက်စိတ် ဆတ္တိံသသည် မနာယတနမည်၏၊ စေတသိက်အဋ္ဌတိံသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

---

၁။ "ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာနမေတံ၊ အဓိဝစနံ" ဟူ၍ ဆိုခြင်းကြောင့် အဋ္ဌကထာချုပ်ကို မကောက်ရသတည်း။ (၃၅-၈၄)။

**ဓာတ်အားဖြင့် ၈-ပါး** ဟူသော်ကား—

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏။ ပ။ ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်းသောဝိပါက်စိတ် စတုဝီသသည် မနော ဝိညာဏဓာတ် မည်၏၊ စေတသိက် အဋ္ဌတိံသသည် ဓမ္မဓာတ်မည်၏။ ဤသို့လျှင် ဓာတ် အားဖြင့် ၈-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား—

လောကီဝိပါက်စိတ် ဗာတ္တိံသ၊ စေတသိက် ပဉ္စတိံသသည် ဒုက္ခ သစ္စာမည်၏။

ဖိုလ်စိတ်တွေပူပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှလွတ် ၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါး ဖြစ်သတည်း။

**ဝိပါက ဓမ္မဓမ္မာ ဟူသော ဒုတိယပုဒ်၏အရကား**—အကုသိုလ်စိတ် ဒွါဒသ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် ဒွေပညာသရှိ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၃—ပါး၊ ဖြစ်ကုန်၏။ ( ခန္ဓာ, အာယတန ဓာတ်ဖွဲ့လွယ်ပြီ )။

**သစ္စာအာဖြင့် ၃-ပါး** ဟူသော်ကား—

အကုသိုလ်စိတ် ဒွါဒသ, လောကီကုသိုလ်သတ္တရသ၊ လောကာကြဉ် သော စေတသိက် ကေပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ မဂ်စိတ် ၄-ခုဌရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ သမ္မာအာဇီဝ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇—ပါး ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာမည်၏။

ကြွင်းသောမဂ် စိတ္တုပ္ပါဒ် ၂၉—ခုသည် သစ္စာဟူသော အရေအ တွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

**နေဝဝိပါက နဝိပါက ဓမ္မဓမ္မာဟူသော တတိယပုဒ်၏အရကား** — ကြိယာစိတ် ဝီသ၊ စေတသိယ် ပဉ္စတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၃-ပါး၊ သစ္စာအားဖြင့် ၂-ပါး၊ ဖြစ်ကုန်၏။

**ခန္ဓာအာဖြင့် ၅-ပါး ဟူသော်ကား** —

ရုပ် အဋ္ဌဝီသသည် ရုပ်ပက္ခခန္ဓာမည်၏၊ စေတသိက် ပဉ္စတိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခမည်၏၊ ဝေဒနာသညာမှ ကြွင်းသောစေတသိက်တေသိက်တေတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏၊ ကြိယာစိတ်ဝီသသည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး ဟူသော်ကား** —

ရုပ်အဋ္ဌဝီသတို့တွင်စက္ခုပသာဒသည် စက္ခာယတနမည်၏။ ပ။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။ ကြိယာ စိတ်ဝီသသည် မနာယတနမည်၏၊ စေတသိက် ပဉ္စတိံသ၊ အာပေါ။ ပ ။ အနိစ္စတာအားဖြင့် သုခုမရုပ်သော ဋ္ဌသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၃ ပါး ဟူသော်ကား** —

ရုပ်အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ ပ ။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်းသည် မနောဓာတ်မည်၏၊ ကြွင်းသောကြိယာစိတ်ကုနဝီသသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ပဉ္စတိံသ၊ အာပေါ။ ပ ။ အနိစ္စတာအားဖြင့် သုခုမရုပ်သောဋ္ဌသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၃-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး ဟူသော်ကား—**

ကြိယာစိတ်ဝီသ၊ စေတသိက် ပဥ္စတိံသ၊ ရုပ်အဋ္ဌဝိသသည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

ဝိပါကာဗျာ၊ ဝိပါကဓမ္မဓမ္မာ၊ နေဝဝိပါက န ဝိပါကဓမ္မဓမ္မာဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကိုသုံးစု ပြု၍ ဟောရာ ဟောကြောင်း ဖြစ်ခြင်းကြောင့် တိုက်မည်၏။ ထိုတိုက်သည် အာဒိလဒ္ဓနာမတိုက်, သဗ္ဗလဒ္ဓ နာမတိုက်အားဖြင့် ၂-ပါးအပြား ရှိ၏။

ထိုနှစ်ပါးတို့တွင် အစဉ်တည်သော ဝိပါက သဒ္ဒါဖြင့် ဝိပါကတိုက်ဟူ၍ ရအပ်သောအမည်ရှိသည် ၏အဖြစ်ကြောင့် အာဒိလဒ္ဓ နာမတိုက်မည်၏။

သပ္ပဒေသတိုက်[၁] နိပ္ပဒေသတိုက်အားဖြင့်လည်း ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင် ကြွင်းသော ပရမတ္ထတရားမရှိသည် ၏အဖြစ်ကြောင့် နိပ္ပဒေသတိုက်မည်၏။

## ၄။ ဥပါဒိန္နတိုက်

ဝိပါကတိုက်ကို....၍ ဥပါဒိန္နတိုက်ကို....၏၊ ကား-ဥပါဒိန္နုပါဒါနိယာ ဓမ္မာ ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား-အနုပါဒိန္နုပါဒါနိယာ ဓမ္မာဟူသည် တည်း။

---

၁။ အသိညာဉ်စသော အကုသိုလ်၊အထက်မဂ်ဖြင့် ပယ်အပ်ပြီးသည် စသောအကုသိုလ်တို့သည် အကျိုးကိုဖြစ်စေခြင်း မရှိသောကြောင့် တိုက်မှတ်ဟူငြားအံ့၊ မသင့်။

ထိုကြောင့် မဟုတ်လော-

"ဝိပစ္စနသဘာဝတာ စ အနုပစ္ဆိန္နာ ဝိဇ္ဇာတဏှာ မာနသန္တာနေသဗျာပါရတာ၊ တေန အသိညာ ဒိကုသလာနံ ဘာဝနာယ ပဟာယဗ္ဗာဒိ အကုသလာနဥ္စ ဝိပါကာနုပ္ပါဒနပိ ဝိပါကဓမ္မတာ သိဒ္ဓါ ဟောတိ" ဟူ၍ ရှင်မိန့်သော်။ ( ဋီ-၃၈ )။

ထိုနောင်....၏၊ ဟောဟန်ကား–အနုပါဒိန္န၊ အနုပါအနုပါဒါနိယာ ဓမ္မာ ဟူသည်တည်း။

ဥပါဒိန္နုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွားဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။

အနုပါဒိန္နုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွားသာဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနုပါဒိန္န အနုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သည်လည်း မဟုတ် ဥပါဒါန်တို့၏ အစီးအပွားလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပဉ္စမ....ကား....လောကီဝိပါက်စိတ် ၃၂-တို့သ၊ စေတသိက်ပဉ္စတိံသ၊ ကမ္မဇရုပ် ဝီသရ၏။[၁]

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး, အာယတနအားဖြင့်၁၁-ပါး၊ ဓာတ်အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၁-ပါးဖြစ်ကုန်၏။

---

၁။ ဥမ္မစယ, သန္တတိကိုသွင်း၍ ကမ္မဇရုပ် ဝီသဖြစ်သည်။ ဝိညတ္တိဒွယံ စိတ္တဇ မေဝ။ သဒ္ဒေါ စိတ္တောတုဇော၊ လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ–ဟူသော အဋ္ဌကထာပါဠိ(၄၂)။
ပစ္စုပ္ပန္နပစ္စယာ ပေက္ခတ္တာလဟုတာဒိတ္တယံ ကမ္မဇံ န ဟောတိ။
ပဉ္စဝိကာရရူပသဒ္ဒအဝိနိဗ္ဘောဂ ရူပအာကာသဝသေန မန္ဒရသစိတ္တဇာနိ၊ သဒ္ဒေါလဟုတာဒိတ္တယံ အဝိနိဗ္ဘောဂါကာသရူပါနိ နဝါတိ တေရသ ဥတုဇာနိ–ဟူသော ဋီကာကျော်ပါဠိ (၂၁၀)နှင့်အညီ–
ဝိညတ်ဒွေ, သဒ္ဒ, လဟုတာဒိတ္တယတို့သည် ကမ္မဇရုပ်သဘောမှကင်းသောကြောင့် ဤပဉ္စမပုဒ်အရ မဝင်သတည်း။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား....

ကာမာဝစရစိတ် စသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ၅၂ ပါး၌ ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာ မည်၏၊ လောကီဝိပါက်စိတ် ၃၂ သည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၁၁-ပါး** ဟူသော်ကား —

ကမ္မဇရုပ်ဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏။ ပ ။ ကာယပသာဒသည် ကာယာယတနမည်၏၊ ရူပါရုံသည် ရူပါယတန မည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏၊ ရသာရုံသည် ရသာယတန မည်၏၊ ပထဝီ, တေဇော, ဝါယော -ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ လောကီဝိပါက် ၃၂ သည် မနာယတနမည် ၏၊ စေတသိက် ၅၂ ပါး၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ဥပစယ, သန္တတိအားဖြင့်၊ တနည်းကား- ဇရတာ, အနိစ္စတာ[၁] အားဖြင့် သုခုမရုပ် ၉-ခု၊ ၁၁-ခုသည်ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၁၁-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၇-ပါး** ဟူသော်ကား —

ကမ္မဇရုပ်ဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ ပ ။ ကာယပသာဒသည် ကာယဓာတ်မည်၏၊ ရူပါရုံသည် ရူပဓာတ်မည်၏၊ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏၊ ရသာရုံသည် ရသဓာတ်မည်၏၊ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည်ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ စက္ခုဝိညာဉ် ၂ သည် စက္ခုဝိညာဏဓာတ်မည်၏။ ပ ။ ကာယဝိညာဉ်

---

၁။ ဇရတာ အနိစ္စတာသည် နကုတော စီသမုဋ္ဌာနဖြစ်သော်လည်း ကမ္မဇရုပ်၏ ဌီ, ဘင်, ဖြစ်၍ မကင်းသင့်သောကြောင့် အာယတန, ဓာတ်ဖွဲ့သည်မှာသွင်း၍ ဖွဲ့သည်၊ ၉-ခု၊ ၁၁-ခု ဆိုရာမှာခွဲလေ။

ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ သမ္ပဋိစ္ဆိုန်း ဒွေသည် မနော ဓာတ်မည်၏၊ ကြွင်းသောလော ကီဝိပါတ်စိတ်ဝီသသည် မနောဝိညာဏ ဓာတ်မည်၏၊ စေတသိက် ပဥ္စတိံသ၊ အာပေါ။ ပ။ ဥပစယ, သန္တတိ အား‌ဖြင့်၊ **တနည်းကား-** ဇရတာ အနိစ္စတာအားဖြင့် သုခုမရုပ် ၉-ခု၊ ၁၁-ခုသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၇းပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး ဟူသော်ကား—**

လောကီဝိပါက် စိတ်ဗာတ္တိံသ၊ စေတသိက် ပဥ္စတိံသ၊ ကမ္မဇရုပ် ဝီသသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါးဖြစ်သ တည်း။

**ဒုတိယ ...ကား—** အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ်သတ္တရသ၊ ကြိ ယာစိတ်ဝီသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် သတ္တရသ၊ ဥတုဇရုပ် ပန္နရသ၊ အဟာရဇရုပ်စုဒ္ဒသ[၂] ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါးအာယတနအားဖြင့် ၇-ပါး ဓာတ်အားဖြင့် ဂ-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

---

၂။ ဥပစယ, သန္တတိကို သွင်း၍ သတ္တရသ, ပန္နရသ, စုဒ္ဒသဆိုသည်၊ ဇရတာ, အ နိစ္စတာသည် နကုတောစိသမုဋ္ဌာန်ဖြစ်သော်လည်း တိဇရုပ်၏ ၌ ဘင်ဖြစ်၍ မ ကင်းသင့်သောကြောင့် တိဇရုပ်ကို ကောက်လျှင်ပါဝင်ပြီ။

တတ္ထ ဟာဒယက္လန္ဒြိယရုပါနိ ကမ္မဇာ ဝနေဝ-ဟူသော အဋ္ဌကထာပွါဠိ (၄၂) ဟာဒယိန္ဒြိယရုပါနိ နဝ ကမ္မတော ယေဝ ဇာတတ္တာ ကမ္မဇာ နေဝ- ဟူသောဋီ ကာကျော်(၂၀၀)နှင့် အညီ။

ဟာဒယရုပ်, က္လန္ဒြိယရုပ်တို့သည် ကမ္မဇ ကေန်ဖြစ်သောကြောင့် ဤဒုတိယပုဒ် ၏ အရ၌ မဝင်သတည်း။

ခန္ဓာအားဖြင့် ၅-ပါး ဟူသော်ကား-

တိဇရုပ်သည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ဒွေပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာသညာမှ ကြွင်းသော စေတသိတ်ပညာသသည် သင်္ခါရက္ခန္ဓာမည်၏၊ အကုသိုလ် ဒွါဒသ, လောကီကုသိုလ်သတ္တရသ၊ ကြိယာစိတ်ဝိသသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။

အာယတနအားဖြင့် ၇-ပါး ဟူသော်ကား—

တိဇရုပ်တို့တွင် ရူပါရုံသည် ရူပါယတနမည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏၊ ရသာရုံသည် ရသာယတနမည်၏၊ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ အကုသိုလ်ဒွါဒသ၊ လောကီကုသိုလ်သတ္တရသ၊ ကြိယာစိတ်ဝိသသည်မနာယတနမည်၏၊ စေတသိတ်ဒွေပညာသ၊အာပေါ, အာဟာရရုပ် ပရိစ္ဆေဒရုပ်, ကာယဝိညတ်,ဝစီဝိညာတ် ရူပဿလဟုတာ, မုဒုတာကမ္မညတာ, ဥပစယ, သန္တတိအားဖြင့်၊ တနည်းကား-ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ် ၁၀—ခု၊ ၁၂-ခုသည် ဓမ္မာယတနမည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၇-ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် ၈-ပါးဟူသော်ကား-

တိဇရုပ်တို့တွင် ရူပါရုံသည်ရူပဓာတ်မည်၏။ ပ။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်းသည် မနောဓာတ်မည်၏၊ အကုသိုလ်ဒွါဒသ၊ လောကီကုသိုလ်သတ္တရသ၊ ကြွင်းသောကြိယာစိတ်ကျေနဝိသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိတ် ဒွေပညာသ, အာပေါ, အဟာရရုပ်။ ပ။ ဥပစယ, သန္တတိအားဖြင့်။ တနည်းကား- ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ် ၁၀-ခု ၁၂-ခုသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၈-ပါး ဖြစ်သတည်း။

သစ္စာအားဖြင့် ၂-ပါး ဟူသော်ကား-

အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ ကြိယာစိတ်ဝီသ၊ လောဘကြဉ်သော စေတသိက် ဧကပညာသ၊ တိဇရုပ်သည် ဒုက္ခသစ္စာ မည်၏။ လောဘသည် သမုဒယသစ္စာမည်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

တတိယ....ကား- လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

ခန္ဓာအားဖြင့် ၄-ပါးဟူသော်ကား-

စေတသိက်ဆတ္တိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာသညာမှ ကြွင်းသော စေတသိက်စတုတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏၊ လောကုတ္တရာစိတ် ၈-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှလွတ်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။

အာယတနအားဖြင့် ၂-ပါးဟူသော်ကား-

လောကုတ္တရာစိတ် ၈-ခုသည် မနာယတန မည်၏၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် ၂-ပါးဟူသော်ကား-

လောကုတ္တရာစိတ် ၈-ခုသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါးဖြစ်သတည်း။

သစ္စာအားဖြင့် ၂-ပါးဟူသော်ကား—

နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး, ၇ပါး။ပ။ အရဟတ္တမဂ် ၈-ပါး, ၇ပါးသည် မဂ္ဂသစ္စာမည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၆-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည်သစ္စာ ဟူသော အရေအတွက်မှလွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

အာဒိလဒ္ဓနာမတိက်မည်၏၊ နိပ္ပဒေသတိက် မည်၏။

(ရှေးကနည်းကိုမှီး၍ ဆိုရိုးအတိုင်း ကုန်စင်အောင်ဆိုလေ)

[လက်သန်း အဋ္ဌကထာ၌ လက္ခဏာရုပ် ၄-ခုကို နကုတောစိ သမုဋ္ဌာန် ဟူ၍ အဋ္ဌာရသ,ပန္နရသ, တေရသ, ဒွါဒသ-ဟု ဆိုအပ်သည်။

အဋ္ဌကထာကြီး၌ စက္ခု,သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝဒွယ, ဇီဝိတ ဤ ၈-ခုသည် ကမ္မသမုဋ္ဌာန်ကေန်၊ ဟဒယဝတ္ထုကို ပါဠိမလာ၍ ချန်သည်။

ဝိညတ်ရုပ် ၂-ခုသည် စိတ္တသမုဋ္ဌာန်ကေန်၊ ဤ ၁၀-ပါးသည် ဧက သမုဋ္ဌာန်။ သဒ္ဒသည် ဒွိ-မုဋ္ဌာန်။ လဟုတာဒိတ္တယသည် တိသမုဋ္ဌာန်။ မဟာဘုတ် ၄-ပါး၊ ရူပ, ဂန္ဓ, ရသ, အာဟာရ, ပရိစ္ဆေဒ ဤ၉-ပါး ကို စတုသမုဋ္ဌာန်၏။ ဇရတာ အနိစ္စတာ ၂-ပါးကို နကုတောစိ သမုဋ္ဌာန်။ ဥပစယ, သန္တတိကိုစတုသမုဋ္ဌာန်၌ သွင်းသောကြောင့် ဤ တိက်တွင် ဧိသ, သတ္တရသ, ပန္နရသ, စုဒ္ဒသဟု ကောက်သည်။

ထိုသို့ လက်သန်းအဋ္ဌကထာအတိုင်း အဋ္ဌာရသ, ပန္နရသ, တေရသ, ဒွါဒသ။ အဋ္ဌကထာကြီးအတိုင်း ဧိသ, သတ္တရသ, ပန္နရသ, စုဒ္ဒသ-ဟု ကောက်ပြားသော်လည်း လက္ခဏာရုပ် ၄-ခုသည် ထိုရုပ်တို့၏ ဥပါဒ်, ဋ္ဌီ, ဘင်ဖြစ်၍လည်းကောင်း၊ ဇရတာ အနိစ္စတာသည် ထိုရုပ်တို့၏ ဋ္ဌီ, ဘင် ဖြစ်၍လည်းကောင်း၊ ထိုစတုသမုဋ္ဌာ နိကရုပ်ကို ကောက်လျှင် ဝင်ပါပြီ။

ထို့ကြောင့် မဟာဋီကာ အဋ္ဌကထာ၌—

ဒသ အပရိနိပ္ဖန္နာနိ နာမ။ ယဒိ အပရိနိပ္ဖန္နာ အသင်္ခတာ နာမ ဘဝေယျုံ၊ တေသံယေဝ ပန ရူပါနံ ကာယဝိကာရော ကာယဝိညတ္တိ နာမ။ ဝစီဝိကာရော ဝစီဝိညတ္တိ နာမ။ ဆိဒ္ဒံ ဝိဝရံ အာကာသဓာတု နာမ၊ လဟုဘာဝေါ လဟုတာ နာမ၊ မုဒုဘာဝေါ မုဒုတာ နာမ၊ ကမ္မညဘာဝေါ ကမ္မညတာ နာမ၊ နိဗ္ဗတ္တိ ဥပစယော နာမ၊ ပဝတ္တိ သန္တတိ နာမ၊ ဇီရဏာကာရော ဇရတာ နာမ၊ ဟုတွာ အဘာဝါကာရော အနိစ္စတာ နာမာတိ၊ သဗ္ဗံ ပရိနိပ္ဖန္နံ သင်္ခတမေဝ ဟောတိ–ဟူ၍ မိန့်သော်။ (ဋ္ဌ။ ၃၇၈)။

ရှေးဆရာမြတ်တို့ကား ရူပကဏ္ဍ ပါဠိ, အဋ္ဌကထာတို့၌ ဥပါဒိန္န-နိဒ္ဒေသ စသည်၌ ဇရတာ, အနိစ္စတာမပါ၊ အနုပါဒိန္နနိဒ္ဒေသ စသည်၌သာ ဇရတာ, အနိစ္စတာပါသည်ဟု နှလုံးပြုသဖြင့် ဒုတိယပုဒ်၌ ဇရတာ, အနိစ္စတာကိုသွင်း၍ ကောက်တော်မူကုန်သည်။

ဤတိက်အဖွင့် မာတိကာနိက္ခေပရာသိ အဋ္ဌကထာကဏ္ဍ ပါဠိ အဋ္ဌကထာ ဋီကာတို့၌မလာ၊ အလုံးစုံသော မာတိကာတိုက်, ဒုက်၌ပင် ဥပါဒ်ကိုရ၍ ဌီ,ဘင်ကိုမရ၊ ဌီကိုရ၍ ဥပါဒ်ဘင်ကိုမရ၊ ဘင်ကိုရ၍ ဥပါဒ်, ဌီကိုမရဟု ဟောတော်မူသည့် အရာမရှိသည်သာမဟုတ်၊ ဤကဲ့သို့ ရူပကဏ္ဍကိုထောက်၍ ကောက်ချေသော် ရူပကဏ္ဍအဋ္ဌကထာ၌ပင်—

ဥပါဒိန္နန္တိ န ကမ္မသမုဋ္ဌာနာနမေဝ၊ အဝိသေသေန ပန သရီရဋ္ဌကသောတံ ဂဟဏံ။ သရီရဋ္ဌကဉှိ ဥပါဒိန္နံ ဝါ ဟောတု အနုပါဒိန္နံ ဝါ၊ အာဒိန္နဂဟိတပရာမဋ္ဌဝသေန သဗ္ဗံ ဥပါဒိန္နမေဝ နာမ (ဋ္ဌ။ ၃၇၄)။

စသည်ဖြင့်လာသောကြောင့် ပဌမပုဒ်အရကို သရီရဋ္ဌက အဇ္ဈတ္တ စတုသမုဋ္ဌာနိကရုပ်ကို ကောက်သင့်၏ဟု ဆိုဖွယ်ရှိ၏။ န ကမ္မဿ ကဋတ္တာ ပုဒ်၏ နိဒ္ဒေသ၌ ဇရတာ, အနိစ္စတာမပါ၊ အဋ္ဌကထာ၌လည်း န ကမ္မဿ

ကဋ္ဌတ္တာဟူသောပုဒ်၌ ကံမှတပါး ပစ္စည်းကြောင့် ဖြစ်သော တိုဇရုပ်ကို သင်္ဂြိုဟ်သည်ဟု—

"န ကမ္မဿ ကဋ္ဌတ္တာ"တိ ဧတ္ထ **တာဝ** ကမ္မတော အညပစ္စယ သမုဋ္ဌာနံ သင်္ဂဟိတံ။(၄။ ၃၇၂)။

ဟူ၍လာသည်၊ ဇရတာ, **အနိစ္စတာကိုသင်္ဂြိုဟ်ရမည်ဟုမဆို၊** ဤတိက် ဒုတိယပုဒ်**၏**အရ ရုပ်ကိုလည်း—

**ကတမေ** ဓမ္မာ **အနုပါဒိန္နုပါဒါနိယာ။** တိသု ဘူမိသု ကုသလံ **အကုသလံ၊** တီသု ဘူမိသု ကြိယာဗျာ**ကတံ၊** ယဉ္စ ရူပံ န **ကမ္မဿ** ကဋ္ဌတ္တာ။ ဣမေ ဓမ္မာ **အနုပါဒိန္နုပါဒါနိယာ။** (ဓမ္မသင်္ဂဏီပါဠိ-၂၆၇) ဟူ၍ တိဇရုပ်ကိုသာ ဟောတော်မူသည်။ ဇရတာ,အနိစ္စတာကို ဟော တော်မမူ။

ထိုကြောင့် ရူပကဏ္ဍပါဠိ, အဋ္ဌကထာ, နိက္ခေပရာသိ အဋ္ဌကထာကဏ္ဍ တို့နှင့်လည်း ဆန့်ကျင်ရကား ဤတိုက်ဒုတိယပုဒ်အရတွင် ဇရတာ, အနိစ္စ တာကိုသွင်း၍ ကောက်ခြင်းသည် မသင့်။ "အကျယ်လိုမူ ရူပကဏ္ဍ နိက္ခေပရာသိ အဋ္ဌကထာကဏ္ဍပါဠိ (၂၆၇)အဋ္ဌကထာ(၃၇၅)ဋီကာတို့ ၌ယူလေ။"]

## ၄-ဥပါဒိန္နတိက်

### ကမ္မဇရုပ် အာယတန ဖွဲ့နည်း

"ကမ္မဇလျှင်—သဒ္ဒကြဉ်၊ ကိုးအင်သြဋ္ဌာရီ"

ကမ္မဇရုပ်ဝိသကို အာယတနဖွဲ့သည့်အခါ သဒ္ဒါယတနကြဉ်၍ သြဋ္ဌာရိကာယတန ကိုးပါးဖွဲ့ပါ-ဟု ဆိုလိုပါသည်။

"ကိုးခု—ဆယ့်တစ်ခု၊ ရုပ်သုခု၊ မှတ်ရှုဓမ္မာသိ"

ဓမ္မာယတနအတွက်-သုခုမရုပ်ကို ကိုးခု-ဆယ့်တစ်ခု ဆို၍ဖွဲ့ရမည်။

အာ-ဣ-ပု-ဒ၊ ဇီ-အာ-ပ၊ ဥပ- သန်းကိုးရှိ"

အာပေါ၊ ဣတ္ထိန္ဒြေ—ပုရိသိန္ဒြေ-ဟဒယရုပ်+ဇီဝိတရုပ်၊ အာဟာရရုပ် ပရိစ္ဆေဒရုပ်၊ ဥပစယ—သန္တတိအားဖြင့် သုခုမရုပ်ကိုးခု သရုပ်ကိုပြသည်။

"ဇရ-နိစ္စာ၊ ရောပြန်ကာ-မှန်စွာဆယ့်တစ်စီ"

ထိုကိုးပါး၌ တနည်းဆို၍ ဇရတာ အနိစ္စတာ ရောပြန်လျှင် သုခုမရုပ် ဆယ့်တစ်ပါးစေ့ပြီ—ပြည့်စုံပြီ-ဟု ဆိုလိုပါသည်။

ဤကား ရုပ်အတွက်သာ ဆိုပါသည်။

စိတ်နှင့်စေတသိက်မှာ ထိုက်သည့်အားလျော်စွာထည့်ဆိုရမည်။ ခေတ်လည်း ၎င်းနည်းတူမှတ်ပါ။

### တိဇရုပ်အာယတနဖွဲ့နည်း

"အာရုံငါးဖြာ- စိတ်- ဥ- ဟာ၊ သုံမှာဆယ်-ဆယ့်နှစ်"

စိတ္တဇရုပ်— ဥတုဇရုပ်- အာဟာရဇရုပ် ဟု ဆိုအပ်သော တိဇရုပ်ကို အာယတန ဖွဲ့သည့်အခါ ရူပါရုံမှ ဖောဋ္ဌဗ္ဗာရုံအထိ— အာရုံငါးပါးကို အာယတနငါးပါးဖွဲ့ပါ၊ ဓမ္မာယတနအတွက် သုခုမရုပ်ဆယ်ခု-ဆယ့်နှစ်ခု ဆို၍ ဖွဲ့ပါ—ဟုဆိုလိုသည်။

"အာ- အာ- ပရိ၊ ကာ- ဝစိ၊ တြိကာသုံးဖြစ်"

အာပေါ- အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ **ကာယဝိညတ်၊ ဝစီဝိညတ်၊** ပာသဒ္ဒါပါသော ရုပ်သုံးပါး—ရူပဿ လဟုတာ— မုဒုတာ—ကမ္မညတာ ကိုဆိုပါသည်။

"ဥ-သန်ထည့်ပါ၊ တနည်းမှာ၊ ဇရာ- နိစ္စလှစ်"

ဥပစယ— သန္တတိ ထည့်၍ သုခုမ ရုပ်ဆယ်ခု၊ **တနည်း** ဇရတာ-—အနိစ္စတာ ထည့်၍ **သုခုမရုပ်** ဆယ့်နှစ်ခုဟု ဆိုပါသည်။

ဓာတ်လည်း ၎င်းနည်းတူ မှတ်ပါ။

စိတ်နှင့် စေတသိက်မှာ ထိုက်သလိုထည့်၍ ဖွဲ့ရပါမည်။

## ၄—ဥပါဒိန္နတိုက်

### လယ်တီဆရာတော် လင်္ကာ

အလျဉ်းသင့်၍ လယ်တီဆရာတော်၏ ခန္ဓာအာယတန- ဓာတ်-သစ္စာ လင်္ကာ၊ ရူပက္ခန္ဓာအဖွင့်မှ အောက်ပါ လင်္ကာကိုလည်း ကျက်မှတ်ထား သင့်ပေသည်။ အဖြတ် ကောင်းအောင် အချိုပိုဒ် ပြင်ထား ပါသည်။ အဘိဓမ္မတ္ထ သင်္ဂဟ ရူပသမု ဋ္ဌာနကို ရည်ညွှန်းသည်။ ဤ၌ ဇရတာ—**အနိစ္စတာ** ၁၂—ခုတိုး၍ ထည့်ရမည်ကို သတိပြုပါ။

"စက်—သော—ဃာ—ဇိ၊ ကာအကြည်နှင့်၊ နှစ်လိင်ဘာဝ၊ ဟဒယက၊ ဇီဝအာယု၊ ရုပ်ကိုးခုမှာ၊ ကမ္မဇာတည်း၊နှစ်ဖြာဝိညတ်၊စိတ်ဖြစ်မှတ်လော့ သဒ္ဒတခု၊ စိတ်-ဥတုဖြစ်၊ တလစ်ဝိကာ၊ ရုပ်သုံးဖြာမူ၊ ဩဇာ-ဥတု၊စိတ်ဖြစ် ရှုလော့၊ လေးခုဘူတ၊ ဝဏ္ဏ-ဂန္ဓ၊ ရသ-ဩဇာ အာကာသဓာတ်၊ ကို ရုပ်ရုပ်ပေါင်း၊ အကြောင်း လေးပါး၊ ဖြစ်တတ် ငြားသည်၊ လေးပါး လက္ခဏာ အလွတ်တည်း"။

## ၅—သံကိလိဋ္ဌတိုက်

ဥပါဒိန္နတိုက်ကို......၌ သံကိလိဋ္ဌတိုက်ကို......၏၊ **ဟောဟန်ကား— သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ ဟူသည်တည်း။**

ထိုနောင်....၏၊ ....ကား—**အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ** ဟူသည် တည်း။

ထိုနောင်....၏၊ ....ကား—**အသံကိလိဋ္ဌအသံကိလေသိကာဓမ္မာ** ဟူသည် တည်း။

သံကိလိဋ္ဌသံကိလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကိုရခြင်းငှါ ထိုက်ကုန်သော ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အသံကိလိဋ္ဌသံကိလေသိကာ၊ ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေတတ်နှိပ်စက်အပ်သည် မဟုတ်ကုန်သည်ဖြစ်၍ ပူပန် စေတတ် နှိပ်စက်တတ်သော ကိလေသာကိုရခြင်းငှါသာ ထိုက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အသံကိလိဋ္ဌအသံကိလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်လည်းမဟုတ် ပူပန် စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှါ ထိုက်သည်လည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**—အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။ **အကုသလာ ဓမ္မာနှင့်အတူဖွဲ့လေ မငြီးပြီ**)။

**ဒုတိယ....ကား**—လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား—

ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် အဋ္ဌတိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာမည်၏

ဝေဒနာသညာမှကြွင်းသော စေတသိက် ဆတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏၊ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဧကူနဝီသသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး ဟူသော်ကား—**

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏။ပ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဧကူနဝီသသည် မနာယတနမည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ, ဣတ္ထိဘာဝ, ပုရိသဘာဝ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ်သောဋ္ဌသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့် ၁၈-ပါး ဟူသော်ကား—**

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ပ။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏။ ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ်မည်၏၊ လောကီကုသိုလ် သတ္တရသ၊ ကြွင်းသောလောကီဝိပါက်ဝီသ၊ ကြိယာစိတ် ဧကူနဝီသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ။ပ။ အနိစ္စတာအားဖြင့် သုခုမရုပ်သောဋ္ဌသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား—

**လောကီကုသိုလ်** သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါးဖြစ်သတည်း။

**တတိယ**....ကား—လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် သတ္တိံသ၊ နိဗ္ဗာန်ရ၏။ (ဥပါဒိန္နတိက် တတိယပုဒ်နှင့်အတူဖွဲ့လေ မတူးပြီ)။

အာဒိလဒ္ဓနာမတိက်မည်၏၊ နိပ္ပဒေသတိက် မည်၏။

## ၆။ ဝိတက္ကတိက်

သံကိလိဋ္ဌတိက်ကို....၌ ဝိတက္ကတိက်ကို....၏၊....ကား—**သဝိတက္ကသဝိစာရာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊....ကား—**အဝိတက္ကဝိစာရမတ္တာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊....ကား—**အဝိတက္ကအဝိစာရာ** ဓမ္မာ ဟူသည်တည်း။

**သဝိတက္ကဝိစာရာ၊** ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဝိတက္ကဝိစာရမတ္တာ၊ ဝိတက်ကားမရှိ ဝိစာရမျှသာရှိကုန်သော ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဝိတက္ကအဝိစာရာ၊ ဝိတက်လည်း မရှိ ဝိစာရလည်း မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ**....ကား—သဝိတက္ကသဝိစာရစိတ် ၅၅-ခု၊ ဝိတက်, ဝိစာရ ကြဉ်သော စေတသိက် ပညာသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၃-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား....

**စေတသိက်ပညာသတို့တွင်** ဝေဒနာသည် ဝေဒနက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတ

သိက်အင္ဂုစတ္တာလီသသည် သခ်ါရက္ခန္ဓာမည်၏၊ သဝိတက္ကသဝိစာရစိတ် ၅၅-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့်** ၂-ပါး ဟူသော်ကား ...

သဝိတက္ကသဝိစာရစိတ် ၅၅ ခုသည် မနာယတန မည်၏၊ **စေတသိက်** ပညာသသည် ဓမ္မာယတနမည်၏။ ဤသို့လျှင် **အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။**

**ဓာတ်အားဖြင့်** ၃-ပါး ဟူသော်ကား....

ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏၊ ကြွင်း **သော** သဝိတက္ကသဝိစာရစိတ် ၅၂-ခုသည် မနောဝိညာဏဓာတ် မည်၏။ **စေတသိက်**ပညာသသည် ဓမ္မဓာတ်မည်၏။ ဤသို့လျှင် ဓာတ်**အားဖြင့်** ၃-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့်** ၃-ပါး ဟူသော်ကား....

လောကီ သဝိတက္ကသဝိစာရစိတ် ၄၇-ခု၊ လောဘကြဉ်သော **စေတ** သိက် ကျေနပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယ သစ္စာ မည်၏၊ မဂ်သဝိတက္ကသဝိစာရစိတ် ၄-ခုဌ်ရှိသော သမ္မာဒိဋ္ဌိ,သမ္မာ ဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး၊ သကဒါဂါမိ မဂ် ၇-ပါး၊ အနာဂါမိမဂ် ၇-ပါး၊ အရဟတ္တမဂ် ၇-ပါးသည် မဂ္ဂ သစ္စာမည်၏။ ကြွင်းသောမဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခု သည် သစ္စာဟူသော အရေအတွက်မှလွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

**ဒုတိယ....ကား**—ဒုတိယဈာန်စိတ် ကောဒသ၊ ဝိတက်, ဝိစာရကြဉ် သော စေတသိက် ဆတ္တိံသ၊ သဝိတက္ကသဝိစာရစိတ် ၅၅-ခုဌ် ရှိသော ဝိတက်စေတသိက် ၅၅-ခုရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့်၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး ဟူသော်ကား....**

စေတသိက် ဆတ္တိံသ တို့တွင် ဝေဒနာသည် ဝေဒနက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် စတုတ္တိံသဝိတက် ၅၅-ခုသည် သင်္ခါရက္ခန္ဓာမည်၏၊ ဒုတိယ ဇျာန်စိတ် ကောဒသသည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့လျှင် ခန္ဓာအား ဖြင့် ၄-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါး ဟူသော်ကား....**

ဒုတိယဇျာန်စိတ် **ကောဒသသည်** မနာယတနမည်၏၊ စေတသိက် ဆတ္တိံသ ဝိတက် ၅၅-ခုသည် ဓမ္မာယတနမည်၏။ ဤသို့လျှင် အာယတန အားဖြင့် ၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့် ၂-ပါး ဟူသော်ကား....**

ဒုတိယဇျာန်စိတ် ကောဒသသည် မနောဝိညာဏဓာတ် မည်၏။ စေတ သိက် ဆတ္တိံသ၊ ဝိတက် ၅၅-ခုသည် ဓမ္မဓာတ်မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး ဟူသော်ကား....**

လောကီဒုတိယဈာန်စိတ် ၃-ခု၊ စေတသိက် ဆတ္တိံသ၊ လောကီဝိတက် ၄၇-ခုသည် ဒုက္ခသစ္စာမည်၏၊ မဂ် ဒုတိယဈာန်စိတ် ၄-ခုဌ်ရှိသော သမ္မာ ဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာ သတိ, သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး၊ သက ဒါဂါမိမဂ် ၇-ပါး၊ အနာဂါမိမဂ် ၇-ပါး၊ အရဟတ္တမဂ် ၇-ပါးသည် လည်းကောင်း၊ မဂ်ပဌမဈာန်စိတ် ၄-ခုဌ်ရှိသော ဝိတက် စေတသိက် တည်းဟူသော သမ္မာသင်္ကပ္ပမဂ္ဂင်ဟု ဆိုအပ်သော သောတာပတ္တိမဂ်

၁-ပါး၊ သကဒါဂါမိမဂ် ၁-ပါး၊ အနာဂါမိမဂ် ၁-ပါး၊ အရဟတ္တမဂ် ၁-ပါးသည်လည်းကောင်း မဂ္ဂသစ္စာမည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည်လည်းကောင်း၊ ဖိုလ်ပဌမဈာန်စိတ် ၄-ခု၌ရှိသော ဝိတက်စေတသိက် ၄-ခုသည်လည်းကောင်း သစ္စာဟူသော အရေအတွက်မှလွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

**တတိယ....ကား**—အဝိတက္ကအဝိစာရစိတ် ၅၅ ခု၊ ဝိတက်, ဝိစာရ ကြဉ်သော စေတသိက် ဆတ္တိံသ၊ ဒုတိယဈာန်စိတ် ကောဒသ၌ရှိသော ဝိစာရစေတသိက် ၁၁-ခု၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့် ၃-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား-

ရုပ် အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏။ စေတသိက် ဆတ္တိံသ တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် စတုတ္တိံသ၊ ဝိစာရစေတသိက် ၁၁-ခုသည် သင်္ခါရက္ခန္ဓာမည်၏- အဝိတက္ကအဝိစာရစိတ် ၅၅-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏။ ပ။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။ အဝိတက္ကအဝိစာရစိတ် ၅၅-ခုသည် မနာယတနမည်၏၊ စေတသိက် ဆတ္တိံသ၊ ဝိစာရ ၁၁-ခု၊ အာပေါ်။ ပ။ အနိစ္စတာအား

ဖြင့် သုခုမရုပ်သောဋ္ဌသ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် ၁၇-ပါး ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ ပ။ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ကြွင်းသော အဝိတက္ကအဝိစာရစိတ် ၄၅-ခုသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက်ဆတ္တိံသ၊ ဝိစာရ ၁၁-ခု၊ အာပေါ။ ပ။ အနိစ္စတာအားဖြင့် သုခုမရုပ်သောဋ္ဌသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၁၇-ပါး ဖြစ်သတည်း။

သစ္စာအားဖြင့် ၃-ပါး ဟူသော်ကား—

လောကီ အဝိတက္ကအဝိစာရစိတ် ၃၁-ခု၊ စေတသိက် တေတ္တိံသ၊ လောကီဝိစာရ ၃-ခု၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ် အဝိတက္ကအဝိစာရစိတ် ၁၂-ခု၌ ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး၊ သကဒါဂါမိမဂ် ၇-ပါး၊ အနာဂါမိမဂ် ၇-ပါး၊ အရဟတ္တမဂ် ၇-ပါးသည် မဂ္ဂသစ္စာမည်၏။

ကြွင်းသောမဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည်လည်းကောင်း၊ လောကုတ္တရာဒုတိယစျာန်စိတ် ၈-ခု၌ရှိသော ဝိစာရစေတသိက် ၈-ခုသည်လည်းကောင်း၊ သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

အာဒိလဒ္ဓနာမတိက် မည်၏၊ သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် သဝိတက္ကဝိစာရစိတ် ၅၅-ခု

၌ရှိသော ဝိစာရစေတသိက် ၅၅ ခုဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသတိုက်မည်၏။

## ၆–ဝိတက္ကတိုက်

### တိုက်မှတ်

"သဝိ-သစာ၊ ငါး ငါးလာ၊ ဝိစာ–စကြွင်းထား။

စေတသိက်သက်သက်၊ တိုက်မှတ်ထွက်၊ ဝိတက်တိုက်တပါး"။

သဝိတက္ကသဝိစာရစိတ် ငါးဆယ့်ငါးခု၌ရှိသော ဝိစာရ စေတသိက် ငါးဆယ့်ငါးခုကို တိုက်ကြွင်း ထားရမည်၊ တိုက်မှတ် ထုတ်ရမည်၊ စေတသိက်သက်သက် တိုက်မှတ်ထွက်သောဟိုက်မှာ ဤဝိတက္ကတိုက် တပါးသာဖြစ်သည်-ဟု ဆိုလိုပါသည်။

### ခန္ဓာဖွဲ့စသည်

ဤတိုက်မှတ်အရ တရားကို ခန္ဓာစသည်ဖွဲ့လိုလျှင် သင်္ခါရက္ခန္ဓာ–ဓမ္မာယတန–ဓမ္မဓာတ်၊ သစ္စာအားဖြင့် တပါးသာ ဖြစ်သတည်း–ဟုဖွဲ့ရမည်။

---

၁။ ဤဝိတက္ကတိုက်ကား သဘော သကန် သိ်မေ့ နက်နဲ ခက်ခဲစွာ၏။ အဓိပ္ပာယ်ကျအောင် ကြံဆင်ခြင်ကြပါလေ။

ဤတိုက်ကုန်အောင် ခန္ဓာ, အာယတန, ဓာတ်, ခန္ဓာတို့ကိုစေ့ငုံ သေချာစွာ ဝါဂုဏ္ဍတန္တဟ်တက်အောင် ဆောင်ရွက်လျှင်အထက်ကို ပေါအားရှိပါတော့သည်ဖြစ်၍ အဘိဓမ္မာဒေသနာတော်၏အနက်အဓိပ္ပာယ်၌ လိမ္မာခြင်းကို အလိုရှိကုန်သော သူတော်ကောင်းဖြစ်ကုန်သော စာသင်အမျိုးသားအပေါင်းတို့သည် သဒ္ဓါပွဲမွှက်မစိတ္တုပါဒ်ဖြင့် ကြိုးစား အားထုတ်၍ ဆောင်ရွက်ကြပါကုန်။

ဤမှအဆက်၌ကား ထူးခြားသောအရာမျှကိုသာ ဖော်ထုတ်၍ဖွဲ့သဖြင့် ရေးပေအံ့။

သစ္စာတပါးကား–လောကီစိတ်ရ ၄၇-ခုသည် ဒုက္ခသစ္စာ မည်၏၊ လောကုတ္တရာစိတ်ရ ၈-ခုသည် သစ္စဝိမုတ်၊ ဤသို့ဖွဲ့ရမည်။

၇–ပီတိတိက်

စိတက္ကတိက်ကို....၌ ပီတိတိက်ကို....၏၊ ဟောဟန်ကား—**ပီတိသဂတာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား— **သုခသဟဂတာ ဓမ္မာ** ဟူသည် တည်း။

ထိုနောင်....၏၊ ဟောဟန်ကား— **ဥပေက္ခာသဟဂတာ ဓမ္မာ** ဟူသည်တည်း။

ပီတိသဟဂတာ၊ ပီတိနှင့်တကွဖြစ်ကုန်သော။ ဝါ၊ ပီတိနှင့်ကျေပွါဒ် အစရှိသောအစွမ်းဖြင့် နှီးနှောကုန်သော။ ဝါ၊ ပီတိနှင့်တကွ ကျေပွါဒ အစရှိသောအဖြစ်သို့ ရောက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ– ကုန်၏။

သုခသဟဂတာ၊ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်သော။ ဝါ၊ သုခ ဝေဒနာနှင့် ကျေပွါဒ အစရှိသောအစွမ်းဖြင့် နှီးနှောကုန်သော။ ဝါ၊ သုခဝေဒနာနှင့်တကွ ကျေပွါဒ အစရှိသောအဖြစ်သို့ ရောက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဥပေက္ခာ သဟဂတာ၊ ကုန်သော၊ ဝါ၊ ကုန်သော။ ဝါ၊ ကုန်သော။ ဓမ္မာတို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ... ကား—** ပီတိသဟဂုတ်စိတ် ၅၁- ခု၊ ပီတိ,ဒေါသ,ဣဿာ, မစ္ဆရိယ ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိတ် ဆစတ္တာလီသ ရ၏။

တိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂– ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ခန္ဓာ,အာယတန ဓာတ်ဖွဲ့ကားလွယ်ပြီ)။

**သစ္စာအားဖြင့် ၃ – ပါး** ဟူသော်ကား—

လောကီ ပီတိသဟ ဂုတ်စိတ် ၂၇–ခု ၊ လောဘကြဉ်သော **စေတ သိက်** ပဉ္စစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယ သစ္စာမည်၏၊ မဂ် ပီတိသဟဂုတ်စိတ် ၁၂–ခုဌ်ရှိသော သမ္မာဒိဋ္ဌိ,**သမ္မာ သင်္ကပ္ပ**။ ပ။ သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈ – ပါး၊ ၇- ပါး။ ပ။ အရဟတ္တမဂ် ၈- ပါး၊ ၇- ပါးသည် မဂ္ဂသစ္စာ**မည်၏**။

ကြွင်း**သော** မဂ်စိတ္တုပ္ပါဒ် ၂၈-ခု ဖိုလ်စိတ္တုပ္ပါဒ် ၃၆-**ခု**သည် **သစ္စာ** ဟူ**သော** အရေအတွက်မှလွတ်၏။ ဤသို့လျှင်သစ္စာအားဖြင့် **၃-ပါးဖြစ် သတည်း**။

**ဒုတိယပုဒ်၏အရ**သည် **ဝေဒနာ**တိုက် မဌမပုဒ်**၏အရနှင့်တူ၏**။

**တတိယပုဒ်၏အရ** သည်ဝေဒနာတိုက် တတိယ ပုဒ်၏**အရနှင့်တူ၏**။ (ခန္ဓာဖွဲ့စသည်လည်း မထူးပြီ)။

**အာဒိလဒ္ဓနာမတိတ်** မည်၏။ သပ္ပဒေသတိုက်, **နိပ္ပဒေသတိတ် အား** ဖြင့် **၂-ပါးအပြား**ရှိ၏၊ ထို **၂-ပါး**တို့တွင် သုခသဟဂုတ်ကာယဝိညာဉ်၊ စတုတ္ထဈာန်ကောဒသဉ်ရှိသော သုခဝေဒနာ **၁**၂- ခု၊ ဥပေက္ခာ**ဝေ**ဒနာ ၅၅ -ခု၊ ဒုက္ခသဟဂုတ်စိတ် ၃- ခု၊ စေတသိတ်ဗာဝီသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသောပရ မတ္ထတရား ရှိသည်၏ **အဖြစ်** ကြောင့် သပ္ပဒေသတိုက်မည်၏။

## ၇-ပီတိတိုက်

### တိုက်မုတ်

"ကာယ စတု၊ ဆယ့်နှစ်သု၊ ဝေဉငါးဆယ့်ငါး။
ဒုစိတ်သုံးရှိ၊ စေဗၥပိ၊ ပီတိရုပ်-နိဗ်ကြွား"

ကာယ၊ စတု၊ ဆယ့်နှစ်သု၊ ဖြင့်သုခသဟဂုတ်၊ ကာယဝိဉာဏ်၊ စတုတ္ထ ဈာန် ကောဒသဉ်ရှိသော သုခဝေဒနာ ၁၂–ခုကိုသိစေသည်။

ဝေဒနာဂါထာနှင့် ငါး-ဖြင့် ဥပေက္ခာ ဝေဒနာ ၅၅- ခုကိုသိစေသည်။ ဒုစိတ်သုံးရှိ၊ စေဟဝိ-ဖြင့် ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ စေတသိက် ဗာဝီသကို သိစေသည်။ ပိတိ-ရုပ်-နိဗ်ကြား-၌ ပိတိဖြင့် တိုက်အမည်ကိုပြသည်။ ရုပ်-နိပ်ကြားဖြင့် ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ကိုကြားသိစေပါသည်။

ဤနေရာ၌ ကျမ်းရင်းတိုက်မှတ် စာသားနှင့် ပြန်လည်ဆက်စပ်ကြည့်ပါ၊ တထပ်တည်းရှိပါလိမ့်မည်။

## ခန္ဓာဖွဲ့စသည်

ရင်းတိုက်မှတ်အရ တရားကို-ခန္ဓာ ၅ ပါး၊ အာယတနာ ၁၂-ပါး၊ ဓာတ် ၁၃-ပါး၊ သစ္စာ ၂-ပါး ဖွဲ့ပါ။

ခန္ဓာ ၅ ပါးကား-ရုပ်အဋ္ဌဝီသရူပက္ခန္ဓာ၊ သုခဝေဒနာ ၁၂-ခု ဥပေက္ခာဝေဒနာ ၅၅-ခုနှင့် စေတသိက် ဗာဝီသ-တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည်သညာက္ခန္ဓာ၊ ဝေဒနာ-သညာမှ ကြွင်းသော စေတသိက်ဝီသသည် သင်္ခါရက္ခန္ဓာ၊ ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ ဝိညာဏက္ခန္ဓာ၊ နိဗ္ဗာန်သည် ခန္ဓဝိမုတ်-ဤသို့ခန္ဓာ ၅-ပါး။ အာယတနလွယ်ပြီ။

ဓာတ် ၁၃-ပါးကား သြဠာရိကဓာတ် ၁၀-ပါး၊ ဒုက္ခသဟဂုတ်၊ ကာယဝိညာဏ်စိတ်-ကာယဝိညာဏဓာတ်၊ ဒွေသမူဒွေး- မနောဝိညာဏဓာတ်၊ သုခဝေဒနာ ၁၂-ခု၊ ဥပေက္ခာဝေဒနာ ၅၅-ခု၊ စေတသိက် ဗာဝီသ သုခုမရုပ်၊ မသာဋ္ဌသ၊ နိဗ္ဗာန်-မပ္ပဓာတ်-ဤသို့ကားဖြင့် ဓာတ် ၁၃-ပါး။

သစ္စာ ၂-ပါးကား-လောကီသုခဝေဒနာ ၄-ခု၊ လောကီဥပေက္ခာဝေဒနာ ၄၇-ခု၊ ဒုက္ခသဟဂုတ်စိတ် ၃- ခု၊ စေတသိက်ဗာဝီသ၊ ရုပ်အဋ္ဌဝီသ၊ ဒုက္ခသစ္စာ၊ နိဗ္ဗာန်-နိရောဓသစ္စာ၊ လောကုတ္တရာ သုခဝေဒနာ ၈-ခု၊ လောကုတ္တရာ-ဥပေက္ခာဝေဒနာ ၈-ခုသည် သစ္စာဝိမုတ် ဤသို့ သစ္စာ ၂-ပါး။

## ၈-ဒဿနတိက်

ပိဋကတ်ကို....၌ ဒဿနတိက်ကို....၏၊ ဟောဟန်ကား— **ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင် ၏၊ ....ကား— **ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ** ဟူသည်တည်း။

**ထိုနောင်....၏၊ ကား—နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ** ဟူသည်တည်း။

ဒဿနေန ပဟာတဗ္ဗာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော[၁]။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဘာဝနာယ ပဟာတဗ္ဗာ၊ အထက်မဂ်သုံးခုသည် ပယ်အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ၊ သောတာပတ္တိမဂ်သည် ပယ်အပ် ကုန်သည်လည်း မဟုတ် အထက်မဂ် ၃—ခုသည် ပယ်အပ်ကုန် သည်လည်း၊ မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** သောတာပတ္တိမဂ်သည် အကြွင်းမရှိသော အားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁—ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ကြဉ်သော စေတသိက် ဗာဝီသ။

သောတာပတ္တိမဂ်သည် တနုကရ အားဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတ ဝိပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဉ္စဝီသ ရ၏။

---

၁။ ငါတို့ကျေးဇူးသခင် ဗားကရာ ဆရာတော်ဘုရားကား ဤကဲ့သို့ သမာသ် ယောဇနာတော်မူ၏၊ တပါးသော ဆရာတို့ကား ဝါကျအနက် ယောဇနာကြကုန်၏။

ထိုတရားတို့သည် ခန္ဓာဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား-

စေတသိက် သတ္တဝိသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ပဉ္စဝိသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ အကုသိုလ်စိတ် ၁၁-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ကား လွယ်ပြီ)။

**သစ္စာအားဖြင့်** ၂-ပါး ဟူသော်ကား-

အကုသိုလ်စိတ် ၁၁-ခု၊ လောဘကြဉ်သော စေတသိက် ဆဗ္ဗီသ သည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယ သစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ....ကား**- သကဒါဂါမိ မဂ်သည် တနုကရအားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ။

အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဉ္စဝီသ။

အရဟတ္တမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ကြဉ်သော စေတသိက် ဧကဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ပဋ္ဌဝီသတို့တွင် **ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊** သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှ ကြွင်းသော **စေတ** သိက် တေဝီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ အကုသိုလ်စိတ် ၇- ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ကား လွယ်ပြီ)။

**သစ္စာအားဖြင့်** ၂-ပါး ဟူသော်ကား—

အကုသိုလ်စိတ် ၇-ခု၊ လောဘကြဉ်သော စေတသိက် စတုဝီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**တတိယ....ကား—** ကုသိုလ် ဧကဝီသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၅-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသ **သည်** ရူပက္ခန္ဓာ မည်၏၊ စေတသိက် အဋ္ဌတိံသ**တို့တွင် ဝေဒနာ**သည် ဝေဒနာက္ခန္ဓာ မည်၏- သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ဆတ္တိံသ သည် သင်္ခါရက္ခန္ဓာ **မည်**၏၊ ကုသိုလ်စိတ် ဧကဝီသ၊ ဝိပါက်**ဆ**တ္တိံသ၊ ကြိယာစိတ် ဝီသသည် **ဝိ**ညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ **ဤသို့လျှင်** ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့် ၁၂-ပါး** ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏။ ပ ။ ပထဝီ, တေဇော, ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာ

ယတန မည်၏၊ ကုသိုလ်စေတနာ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ သည် မနာယတန မည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ။ပ။ အနိစ္စ တာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၁၂-ပါး ဖြစ်သတည်း။

ဓာတ်အားဖြင့် ၁၈-ပါး ဟူသော်ကား—

ရုပ် အဋ္ဌဝီသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ ။ပ။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏၊ စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏ ဓာတ်မည်၏။ပ။ ကာယဝိ ညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း ဒွေသည် မနောဓာတ် သည်၏၊ ကုသိုလ်စေတနာ ကြွင်းသော ဝိပါက်စိတ် စတုဝီသ၊ ကြိယာစိတ် ကျေနဝီသ သည် မနောဝိညာဏ ဓာတ် မည်၏၊ စေတသိက် အဋ္ဌတိံသ၊ အာပေါ။ပ။အနိစ္စတာအားဖြင့် သုခုမရုပ်သောဠ သ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါး ဖြစ်သတည်း။

သစ္စာအားဖြင့်၄—ပါး ဟူသော်ကား—

လောကီကုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ သည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ မဂ်စိတ် ၄- ခုဥ္ဈိသော သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၈—ပါး၊ ၇—ပါး။ပ။ အရဟတ္တမဂ် ၈—ပါး၊ ၇—ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသောမဂ် စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအ တွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၄-ပါး ဖြစ်သတည်း။

အာဒိလက္ခနာမတိက် မည်၏၊ နိပ္ပ ဒေသတိက် မည်၏။

## ဂ-ဒသ်နတိက်

### မဂ်လေးပါးပယ်သောတရားများ

"ဒိဋ္ဌိသံ-ဝိစိ၊ ကြွင်းမဲ့၊ ပယ်ဘိသောတာပန်"

သောတာပတ္တိ မဂ်သည် အကြွင်းမဲ့သောအားဖြင့် ပယ်အပ်သော တရားမှာ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ ဖြစ်ပါသည်။

"တနုကရ၊ အပါယ၊ ပယ်ကြပိပ်-ဒေါသ"

သောတာပတ္တိမဂ်သည် တနုကရအားဖြင့် ပယ် အပ် သော တရားမှာ အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသ မူ ဒွေး-ဟုဆိုလိုပါသည်။

"သကဒါနုကရ-ရုန့်ရင်းပြ၊ ပယ်ကြပိပ်-ဒေါသ"

သကဒါဂါမိမဂ်သည် တနုကရအားဖြင့် ပယ် အပ် သော တရားမှာ ရုန့်ရင်းသောဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေး-ဖြစ်ပါသည်။

"အနာဂါမ်လျှင်-ကြွင်းမမြင်၊ ယာယှဉ်ပိပ်-ဒေါသ"

အနာဂါမိမဂ်သည် အကြွင်းမဲ့သောအားဖြင့် ပယ်အပ်သောတရားမှာ ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ဒေါသမူဒွေးဖြစ်ပါသည်။ ရဟန္တာမူ-ကြွင်းမယူ၊ မူ-မူ-ပိပ်-ဥဒ္ဓ။

အရဟတ္တမဂ်သည် အကြွင်းမဲ့သောအားဖြင့် ပယ်အပ်သောတရားမှာ ရူပရာဂ-အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဟုဆိုလိုပါသည်။

**မှတ်ချက်။** ။မဂ်လေးပါးအလိုက် ပယ်သည့်စိတ်အားလျော်စွာ ယှဉ်နိုင်သော စေတသိက်တို့ကိုလည်း ထည့်သွင်းယူရပါမည်။ သတိပြုပါ။

**ညဝါ-၅**

## ၉ - ဒဿနဟေတုတိက်

ဒဿနတိက်ကို....၌ ဒဿနဟေတုတိက်ကို ...၏၊ ....ကား— **ဒဿနေန ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ....ကား— **ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်...၏၊ ..ကား— **နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ** ဟူသည်တည်း။

ဒဿနေန ပဟာတဗ္ဗ ဟေတုကာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ၊ အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ၊ သောတာပတ္တိသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် အထက်မဂ် ၃ ခုသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** သောတာပတ္တိမဂ်သည် အကြွင်းမရှိသော အားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ မောဟကြဉ်သော[1] စေတသိက် ဗာဝီသ၊

သောတာပတ္တိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ ရ၏။ (ဒဿနတိက် ပဌမပုဒ်နှင့် အတူဖွဲ့လေ မထူးပြီ)။

---

၁။ သမ္ပယုတ်ဟိတ် တပါး မရှိသောကြောင့် ဝိစိကိစ္ဆာ သဟ ဂုတ်စိတ်၌ မောဟကို ကြဉ်ရသတည်း။

**ဒုတိယ....ကား** သကဒါဂါမိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ။

အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ။

အရဟတ္တမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ [၁]ကြဉ်သော စေတသိက် ဧကဝီသ ရ၏။ (ဒဿနတိက် ဒုတိယပုဒ်နှင့် အတူဖွဲ့လေ)

**တတိယ....ကား—** ကုသိုလ်ဧကဝီသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ၊ **စေ**တသိက် အဋ္ဌတိံသ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် **ရ၏**။ (ဒဿနတိုက် တတိယပုဒ်နှင့် အတူဖွဲ့လေ)။

(မောဟမူဒွေ၌ မောဟကို သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ် ဒုက္ခသစ္စာသို့ သွင်း၍ဖွဲ့သည်မျှသာ ထူးသည်။)

**အာဒိလဒ္ဓနာမတိုက် မည်၏၊ နိပ္ပဒေသတိက် မည်၏။**

## ၁၀-အာစယဂါမိတိက်

ဒဿန ဟေတုတိုက်ကို....၌ အာစယ ဂါမိတိက်ကို....၏၊ ....ကား— **အာစယဂါမိနော ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ....ကား— **အပစယဂါမိနော ဓမ္မာ** ဟူသည်တည်း။

---

၁။ သမ္ပယုတ်ဟိတ် တပါး မရှိသောကြောင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကိုကြဉ်ရသတည်း။

ထိုနော်င်....၏၊ ....ကား—**နေဝါစယဂါမိနော ပစယဂါမိနော ဓမ္မာ** ဟူသည်တည်း။

အာစယဂါမိနော၊ စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပစယဂါမိနော၊ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

နေဝါစယဂါမိနာပစယဂါမိနော၊ စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်း လည်းမဟုတ် နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပထမ....ကား—** အကုသိုလ်စိတ် ဒွါဒသ၊ လောကီကုသိုလ်စိတ်သတ္တရသ၊ စေတသိက် ဒွေပညာသ ရ၏။

**ထို**တရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ **ဓာ**တ်အားဖြင့် ၂—ပါး၊ သစ္စာအားဖြင့် ၂—ပါး ဖြစ်ကုန်၏။ (ဖွဲ့လေလွှယ်ပြီ)။

**ဒုတိယ....ကား-** မဂ်စိတ် ၄—ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ဆတ္တိံသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှကြွင်းသော စေတသိက် စတုတ္တိံသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ မဂ်စိတ် ၄-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄—ပါးဖြစ်**သ**တည်း။ (**အာယတန်, ဓာတ်ဖွဲ့**လွယ်ပြီ)။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား--

မဂ်စိတ် ၄—ခု၌ ရှိသောသမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈—ပါး၊ ၇—ပါး။ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၁—ပါး ဖြစ်သတည်း။

**တတိယပုဒ်သည်** အဗျာကတာ ဓမ္မာနှင့် အလုံးစုံတူပြီ။

**အာ**ဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

၁၁-သေက္ခတိက်

**အာစယ**ဂါမိတိက်ကို....၌ သေက္ခတိက်ကို....၏၊ ....ကား- **သေက္ခာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ....ကား— **အသေက္ခာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ....ကား- **နေဝသေက္ခနာသေက္ခာဓမ္မာ** ဟူသည်တည်း။

**သေက္ခာ**၊ သေက္ခ ပုဂ္ဂိုလ် ၇—ယောက်တို့၏ ဥစ္စာဖြစ်ကုန်သော။ **ဓမ္မာ**၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**အသေက္ခာ**၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်သော။ဓမ္မာ၊ တို့သည်၊ သံဝိဇ္ဇန္တိ၊ ကုန်၏။

**နေဝသေက္ခာ** နာသေက္ခာ၊ သေက္ခပုဂ္ဂိုလ် ၇— ယောက်တို့၏ ဥစ္စာ လည်းမဟုတ်၊ ရဟန္တာတို့၏ ဥစ္စာလည်းမဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား—** အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ် ၇—ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (လွယ်ပြီဖွဲ့လေ)။

**ဒုတိယ....ကား**- အရဟတ္တဖိုလ်စိတ် ၁-ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး ဖြစ်ကုန်၏။ ပ။

ဓာတ်အားဖြင့် ၂-ပါး ဟူသော်ကား-

အရဟတ္တဖိုလ်စိတ် ၁-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ဆတ္တိံသ သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါး ဖြစ်သတည်း။

အရဟတ္တဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။

**တတိယ....ကား**- လောကီစိတ် ကောသိတို့၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

ခန္ဓာ, အာယတန, ဓာတ်ဖွဲ့လွယ်ပြီ၊ မနောဝိညာဏဓာတ်မှာ ကြွင်းသော လောကီစိတ် ၆၈-ခု ဟုဆိုလေ။ သစ္စာဖွဲ့လည်း လွယ်ပြီ။

အာဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

## ၁၂-ပရိတ္တတိက်

သေက္ခတိက်ကို....၌ ပရိတ္တတိက်ကို....၏၊ ဟောဟန်ကား-**ပရိတ္တာဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား- **မဟဂ္ဂတာ ဓမ္မာ** ဟူသည်တည်း

ထိုနောင်....၏၊ ဟောဟန်ကား- အပ္ပမာဏာ ဓမ္မာ ဟူသည်တည်း။

ပရိတ္တာ၊ နည်းသော အာနုဘော် ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

မဟဂ္ဂတာ၊ မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော။ ၁၊ မြတ်ကုန်သော စျာနလာဘီပုဂ္ဂိုလ်တို့သည် ရောက်အပ်ကုန်သော[၁]။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပ္ပမာဏာ၊ နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။

**ပဌမ....ကား—** ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ ရုပ် အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

ဖွဲ့လေ လွယ်ပြီ၊ မနော ဝိညာဏ ဓာတ်မှာ ကြွင်းသော ကာမစိတ် ၄၁—ခု ဟုဆိုလေ။

**ဒုတိယ ကား-** မဟဂ္ဂုတ်စိတ် သတ္တဝီသ၊ စေတသိက် ပဉ္စတိံသရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**တတိယ....ကား—** လောကုတ္တရာစိတ် ၈-ခု စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အာဒိလဒ္ဓနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

---

၁။ ဝိနီဝရဏာ ဒိတာယ မဟတ္တံ ဂတာနိ၊ မဟာဆန္ဒေဟိ ဝါ စျာယီဟိ ဂတာနိ ပတ္တာနီတိ မဟဂ္ဂတာနိ။ ဋီကာကျော် (၁၁၆)။

## ၁၃-ပရိတ္တာရမ္မဏတိက်

ပရိတ္တတိက်ကို...၌ ပရိတ္တာရမ္မဏတိက်ကို...၏၊ ကား— **ပရိတ္တာရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ...ကား— **မဟဂ္ဂတာ ရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်...၏၊ ....ကား— **အပ္ပမာဏာ ရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ပရိတ္တာရမ္မဏာ၊ ပရိတ္တတရားလျှင် အာရုံရှိကုန်သော။ ဝါ၊ ပရိတ္တ တရားကို အာရုံပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

မဟဂ္ဂတာရမ္မဏာ၊ မဟဂ္ဂုတ်တရားလျှင် အာရုံ ရှိကုန်သော။ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အပ္ပမာဏာရမ္မဏာ၊ အပ္ပမာဏ်တရားလျှင် အာရုံရှိကုန်သော။ ဝါ၊ ပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမ....ကား**— ပရိတ္တတရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေ ပဉ္စဝိညာဉ် ၁ဝ၊ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခု၊ မဟာဝိပါက် ၈-ခု၊ ဟသိတုပ္ပါဒ်စိတ် ၁-ခု၊ **စေ**တသိက် တတ္တိံသ။

ပရိတ္တတ်ရားကို အာရုံပြုခိုက် အကုသိုလ်ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ်၈-ခု အဘိညာဉ်ဒွေ၊ အပ္ပမ ညာကြဉ်သော စေတသိက် ပညာသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှ ကြွင်းသော စေတ

သိက် အဠ္ဌစတ္တာလီသ သည် သင်္ဂါရက္ခန္ဓာ မည်၏၊ ပရိတ္တာ ရမ္မဏာ ၅၆–ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတနဖွဲ့ကား လွယ်ပြီ)။

**ဓာတ်အားဖြင့် ၈-ပါး** ဟူသော်ကား–

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ပ။ ကာယဝိညာဉ် ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေ သည် မနောဓာတ် မည်၏၊ ကြွင်းသော ပရိတ္တာရမ္မဏစိတ် ၄၃–ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ပညာသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၈-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား–

ပရိတ္တာရမ္မဏတိစိတ် ၅၆–ခု၊ လောဘကြဉ်သော စေတသိက် ၎င်း နပညာသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

**ဒုတိယ**...**ကား**— မဟဂ္ဂုတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော **ဝိညာဏဉ္စာယတနစိတ် ၃–ခု၊ နေဝသညာ နာသညာယတနစိတ်** ၃-ခု၊ **စေတသိက်တိံသ**။

မဟဂ္ဂုတ်တရားကို အာရုံပြုခိုက် အကုသိုလ် ဒွါဒသ၊ မနောဒွါရာ ဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အဘိညာဉ်ဒွေ၊ **ဝိရတီ,အပ္ပမညာ**ကြဉ်သော စေတသိက် သတ္တစတ္တာလီသ ရှိ၏။

**ထိုတရား**ကိုသည် ခန္ဓာအားဖြင့် ၄-ပါး။ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။ (လွယ်ပြီ၊ မဟဂ္ဂတာရမ္မဏစိတ် ၃၄-ခု ဟုဆိုလေ)။

**တတိယ**....**ကား**— အပ္ပမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော **လောကုတ္တရာ**စိတ် ၈ ခု၊ စေတသိက်ဆတ္တိံသ။

အပ္ပမာဏာရမဏကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီအပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄ပါး ဟူသော်ကား—**

စေတသိက် ဆတ္တိံသတို့တွင်။ ပ။ ကြွင်းသောစေတသိက် စတုတ္တိံသ သည် သင်္ခါရက္ခန္ဓာ မည်၏၊ အပ္ပမာဏာ ရမ္မဏစိတ် ၁၉— ခုသည် ဝိညာဏက္ခန္ဓာ မည်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ကားလွယ်ပြီ)

**သစ္စာအားဖြင့် ၂-ပါး ဟူသော်ကား—**

လောကီ အပ္ပမာဏာရမ္မဏစိတ် ၁၁-ခု၊ စေတသိက် တေတ္တိံသသည် ဒုက္ခသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ။ ပ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး။ ပ။ အရဟတ္တမဂ် ၈-ပါး ၇-ပါးသည် မဂ္ဂသစ္စာ မည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**အာဒိလဒ္ဓနာမတိက်** မည်၏၊ အပ္ပဒေသ။ ပ။ တို့တွင် ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော အာကာသာနဉ္စာ ယတနစိတ် ၃—ခု၊ အာကိဉ္စညာယတနစိတ် ၃-ခု၊ အဘိညာဉ်ဒွေမှတပါး ရူပစိတ် ၁၅-ခု၊ စေတသိက် ပဉ္စတိံသ။

ပညတ်တရားကို အာရုံပြုကို အကုသိုလ် ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီကြဉ်သော

စေဘာသိက် ကျေန ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် သပ္ပဒေသတိက် မည်၏။[၁]

## ၁၃-ပရိတ္တာရမ္မဏတိက်

### ကာမကေန်စသည်

ဤတိက်နှင့် သက်ဆိုင်သောကာမ- မဟဂ္ဂုတ်- နိဗ္ဗာန်နှင့်ပညတ်တရားတို့၏ ကေန်- အနေကန်လင်္ကာတို့ကို အရကောက် ကျမ်းမှထုတ်ပြပေအံ့။

* ပဉ္စဝိညာ၊ မနောဓာ၊ တဒါ- ဟသိနော။ (ကာမကေန်- ၂၅)

* ဟသိမပါ၊ ဇောကာမာ၊ ဘိညာဒွေဝုဋ္ဌော။
(ကာမအနေကန်- ၃၁)

* ဝိညာဏဉ္စာ၊ နာသညာ၊ သချာဆဟုဟော။(မဟဂ္ဂုတ်ကေန်- ၆)
ဟသိမပါ၊ ဇောကာမာ၊ ဘိညာဒွေဝုဋ္ဌော။
(မဟဂ္ဂုတ်အနေကန်- ၃၁)

* လောကုတ္တရံ၊ မြတ်နိဗ္ဗာန်၊ ကေန်သိစေသော။
(နိဗ္ဗာန်ကေန်- ၈)
ကာမကုသလံ၊ ကြိယံ၊ ဉာဏ်နှင့်ယှဉ်စေသော၊
ဝုဋ္ဌောကေ၊ ဘိညာဒွ၊ ကောဒသဟော။
(နိဗ္ဗာန်အနေကန်- ၁၁)

* ပဋ္ဌရသာ၊ စိတ်ရှုပါ၊ အာကာ၊ အာကိဉ္စော။
(ပညတ်ကေန်- ၂၁)

---

၁။ ဤပရိတ္တာရမ္မဏတိက်၏ သဘောကို နားလည်အောင် သင်္ဂြိုဟ်အာရမ္မဏသင်္ဂဟကို အလေ့အလာ ပြုလေ။

ဟာသိမပါ၊ ဇောကာမာ၊ ဘိညာဒွေစုဠွော။
(ပညတ်အနေကန်- ၃၁)

## တိတ်မုတ်

တဖန်ဆက်လက်၍ တိတ်မုတ်အရ တရားဖြစ်သော ပညတ်ကေန်အနေကန်ကိုပင် ဆိုမြဲကျအတိုင်း သံပေါက်လင်္ကာဖြင့်ပြပေဦးအံ့။

"အာကာ—အာကိစ်၊ ဘိညာဉ်ဆိတ်၊ ရူစိတ်- စေသုံးငါး။
အကု- နေဒွိ၊ ဟာကု ကိ၊ဘိညိရတိဘား။
ပရိတ္တာရာမ်၊ ရုပ်- နိဗ္ဗာန်၊ ကြွင်းကျန်ပညတ်ထား"

* အာကာ-ဖြင့်အာကာသာနဉ္စာယတနစိတ် ၃-ခု၊

* အာကာစ်-ဖြင့်အာကိဉ္စညာယတနစိတ်-၃-ခု၊

* ဘိညာဉ်ဆိတ်-ရူစိဟ်-ဖြင့်အဘိညာဉ်ဒွေး ဆိတ်သုံးသော (ကြည်သော) ရူပစိတ် ၁၅-ခု၊

* စေသုံးငါး- ဖြင့်စေတသိက် ပဉ္စတိံသ။ (ဤကားကေန်)

* အကု—ဖြင့်အကုသိုလ် ဒွါဒသ၊

* ဟာကု-ကိ-ဖြင့် မဟာကုသိုလ်စိတ် ၈—ခု၊ မဟာကြိယာစိတ် ၈-ခု၊

* ဘိညိ-ဖြင့် အဘိညာဉ်ဒွေး၊

* ရတိဘား—ဖြင့် ဝိရတိကြဉ်သော စေတသိက် ကေ္ဂနပညာသ။ (ဤကားအနေကန်)

* ပရိတ္တာရေမ်-ဖြင့် ဤတိက်၏အမည်ကိုပြသည်။

* ရုပ်-နိဗ္ဗာန်ဖြင့် ရုပ်အဋ္ဌဝီသနိဗ္ဗာန်။

* ကြွင်းကျန်ဖြင့် ဤတရားများသည် ပရိတ္တာရမ္မဏတိက်မှကြွင်းကျန်သော တိတ်မုတ်တရားများ ဖြစ်သည်–ဟုပြသည်။

* ပညတ်ထား-ဖြင့် ကောန်ဒအရာ၌ ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော- ဟုလည်းကောင်း၊ အနေကန်ဒအရာ၌ပညတ်တရားကိုအာရုံပြုခိုက်- ဟုလည်းကောင်း၊ ဆိုရမည့်အဖြစ်ကိုပြပါသည်။

## ပရိတ္တာရမ္မဏတိက်

ဤသို့လျှင် ပြန်လည်ဆက်ပေ၍ ကျမ်းရင်းစာသားနှင့် တိုက်ဆိုင်လေ့လာကြပါကုန်။

ခန္ဓာဖွဲ့စသည်လွတ်ပြီ။

ပညတ္တာရမ္မဏစိတ် ၅၃-ခု၊ စေတသိက် ကျေနပညာသ- ရုပ်အဋ္ဌဝိသ၊ နိဗ္ဗာန်ထား၍ ခန္ဓာ ၅ ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၂–ပါး၊ သစ္စာ ၁၃–ပါး၊ ဖွဲ့ပါလေ။

## ၁၄–ဟီနတိက်

ပရိတ္တာရမ္မဏတိက်ကို...၌ ဟီနတိက်ကို... ၏၊ ဟောဟန်ကား **ဟီနာဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ကား–**မဇ္ဈိမာ ဓမ္မာ** ဟူသတည်း။

**ထိုနောင်**....၏၊ ကား–**ပဏီတာ ဓမ္မာ** ဟူသည်တည်း။

ဟီနာ၊ ယုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

မဇ္ဈိမာ၊ အလတ်ဖြတ်ကုန်သော။ ဝါ၊ အယုတ် အမြတ် တို့၏ အလယ်၌ဖြစ်ကုန်သော။[၁] ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပဏီတာ၊ မြတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။

(သံကိလိဋ္ဌတိက်နှင့်တူပြီ၊ ကောက်လေ့ဖွဲ့လေ)။

---

၁။ နောက်နည်းကား "ဟီနပဏီတာနံ မဇ္ဈေ ဘဝါတိ မဇ္ဈိမာ" ဟူသော အဋ္ဌကထာနှင့် အညီတည်း။ (ဋ္ဌ–၇၇)။

## ၁၅-မိစ္ဆတ္တတိက်

ဟိနတိက်ကို....၌ မိစ္ဆတ္တတိက်ကို... ၏၊ ဟောဟန်ကား—**မိစ္ဆတ္တနိယတာ ဓမ္မာ** ဟူသည်တည်း။

ထိုခနောင်....၏၊ ဟောဟန်ကား— **သမ္မတ္တနိယတာဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ **ဟောဟန်ကား— အနိယတာ** ဓမ္မာ ဟူသည်တည်း။

မိစ္ဆတ္တနိယတာ၊ ဖောက်ပြန်သော သဘော ရှိကုန်သည်ဖြစ်၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သမ္မတ္တနိယတာ၊ မဖောက်ပြန်သော သဘောရှိကုန်သည်ဖြစ်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနိယတာ၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် မမြဲကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပထမ....ကား—** နိယတမိစ္ဆာဒိ ဋ္ဌိကံ၏ **အစွမ်းဖြင့်ဖြစ်သော** ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄—ခု၊ သတ္တမဇော[1]၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော **စေတသိက်** ကောဝိသ။

မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက သံဃဘေဒက တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေ၊ သတ္တမဇော၊ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဗာဝီသ ရ၏။

---

၁။ ဇောခုနစ်ချက်တို့တွင် သတ္တမဇော စေတနာ သာလျှင် အနန္တရဘဝ၌ အကျိုးပေးခြင်း လက္ခဏာရှိသောကြောင့် ပထမပုဒ်၌ ဒိဋ္ဌိဂတသမ္ပယုတ် သတ္တမဇော၊ ဒေါသမူ သတ္တမဇောကိုသာ ကောက်ရမည်။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ပဉ္စဝီသတို့တွင်။ ပ။ ကြွင်းသောစေတသိက် တေဝီသသည် သင်္ခါရက္ခန္ဓာ မည်၏၊ အကုသိုလ်စိတ် ၆–ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄–ပါးဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့ လွယ်ပြီ)

**သစ္စာအားဖြင့် ၂-ပါး** ဟူသော်ကား–

အကုသိုလ်စိတ် ၆–ခု၊ လောဘကြဉ်သော စေတသိက် တေဝီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယ...ကား**— မဂ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄–ပါး။ ပ။ သစ္စာအားဖြင့် ၁-ပါး၊ ဖြစ်ကုန်၏။ (လွယ်ပြီ ဖွဲ့လေ)။

**တတိယ..ကား**– နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ခု၊ သတ္တမဇော။

မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက သံဃဘေဒက တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ သတ္တမဇောမှတပါး။

အကုသိုလ် ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ခန္ဓာ, အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

**သစ္စာအားဖြင့် ၃-ပါး ဟူသော်ကား=**

အကုသိုလ်စိတ် ဒွါဒသ၊ လောကီဟုသိုလ် သတ္တရသ၊ လောကီဝိပါက် ဗာဟ္တိံသ၊ ကြိယာစိတ်ဝီသ၊ လောဘကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ဗိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

အာဒိလဒ္ဒနာမတိက် မည်၏၊ နိပ္ပဒေသတိက် မည်၏။

**၁၅-မိစ္ဆ တ္တ တိက်**

**ပထမပုဒ်အရဆောင်ပုဒ်**

"မိစ္ဆာဒိဋ္ဌိကံ၊ ဒိဋ္ဌိသမ်၊ ပဉ္စံဒေါသမူ။
သတ္တမဇော၊ နောက်ကနော၊ စေရောယှဉ်တိုင်းယူ။
ကောဝိ၊ ဗာဝိ၊ စေယှဉ်ပြီ၊ ပဉ်ဝီပေါင်းရဟူ"။

| | | |
|---|---|---|
| မိစ္ဆာဒိဋ္ဌိကံ၊ ဒိဋ္ဌိသမ် | – | နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ခု၊ (ပထမစိတ်) |
| ပဉ္စံ-ဒေါသမူ | – | ပဉ္စနန္တရိယကံ၏ အစွမ်း ဖြင့် ဖြစ်သော ဒေါသမူဒွေ။ (ဒုတိယစိတ်) ဤစိတ် ၂-ခု၊ မူတည်ယား။ |
| **သတ္တမဇော-နောက်ကနော** | - | ၄င်း စိတ် ၂-ခုတွင် တ ခု စီ ၏ နောက် ကသတ္တမဇော ဟုထပ်နော။ နောပုံမှာ၊ **နိ**ယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေ၊ သတ္တမ-ဇောဟူလို။ |

စေရောယုဉ်တိုင်းယူ — စေတသိက်မှာ ယှဉ်သည့်အတိုင်း အသီးသီး ယူပါ။
ကောဝီ ဗာဝီ စေယှဉ်ပြီး — ထိုသို့ယူရာ၌ ပဌမစိတ်သတ္တမဇောနောက်မှ ကောဝီသ။ ဒုတိယ စိတ် သ တ္တ မ ဇော နောက်မှ ဗာဝီသ ယှဉ်သည်။
ပဥ္စဝီပေါင်းရဟူ — နှစ်ခုတူရာ ပေါင်းယူလျှင် စေတသိက် ပဥ္စဝီသ၊ ဟုပြုပါသည်။

တတိယပုဒ်ကောက်သည့်အခါ၌ ပဌမပုဒ်တရားများကို အပါဒါန်ခံ၍ ကောက်ရသဖြင့် တချတ်ခုတ် နှစ်ချက်ပြတ်ဖြစ်ပါတော့သည်။

## ၁၆-မဂ္ဂါရမ္မဏတိတ်

မိစ္ဆာတ္တတိတ်ကို...၌ မဂ္ဂါရမ္မဏတိက်ကို... ၏၊ ဟောဟန်ကား—မဂ္ဂါရမ္မဏ **ဓမ္မာ** ဟူသည်တည်း။

ထိုနောင်၏....၊ဟောဟန်ကား—**မဂ္ဂဟေတုကာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်... ၏၊ ဟောဟန်ကား—**မဂ္ဂါဓိပတိနော ဓမ္မာ** ဟူသည် **တည်း**။

မဂ္ဂါရမ္မဏာ၊ မဂ်လျှင် အာရုံရှိကုန်သော။ ဝါ၊ မဂ်ကိုအာရုံပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

မဂ္ဂဟေတုကာ၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**တနည်းကား**—မဂ္ဂဟေတုကာ၊ မဂ်နှင့်ယှဉ်သော ဟိတ်ရှိကုန်သော။ ဝါ၊ မဂ်၌ဖြစ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏[၁]။

---

၁။ တနည်းကား—
မဂ္ဂဟေတုကာ၊ မဂ်နှင့်ယှဉ်သောဟိတ် ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ **သံဝိဇ္ဇန္တိကုန်**၏။

**တနည်းကား**—မဂ္ဂဟေတုကာ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ဆိုအပ်သော ဟိတ်ရှိကုန်သော[၁]။ ဓမ္မာတို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

မဂ္ဂါဓိပတိနော၊ မဂ်ဟုဆိုအပ်သော **အာရမ္မဏာဓိပတိ ပစ္စည်း** ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**တနည်းကား**—မဂ္ဂါဓိပတိနော[၂]၊ မဂ်ဟုဆို**အပ်သော သဟဇာတာ** ဓိပတိပစ္စည်းရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။
**တနည်းကား**—မဂ္ဂါဓိပတိနော၊ မဂ်လျှင် သဟဇာတာဓိပတိပစ္စည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပထမကား**—သောတာပတ္တိမဂ်ကို အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ် အဘိညာဉ်။

သောတာပတ္တိမဂ်, သကဒါဂါမိမဂ်-၂ ပါးကို အာရုံပြုသော **သက** ဒါဂါမိပုဂ္ဂိုလ်၏ **မ**နောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်။

---

၁။ တနည်းကား—
မဂ္ဂဟေတုကာ၊ မဂ်၌တည်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ **သံဝိဇ္ဇန္တိကုန်၏** ဟု ရှေးဆရာမြတ်တို့ကား ဤအတိုင်း **အနက်**ယောဇနာကြ၏။
ဤမူ၌ကား-
**အဋ္ဌကထာနှင့်အညီ** အနက်ယောဇနာလိုက်သည်။

၂။ တတိယပုဒ် ဒုတိယ **ယောဇနာနည်း၌ မဂ္ဂေါ အဓိပတိ ဧတေသန္တိ** မဂ္ဂါဓိပတိနော (ဋ္ဌ-၇၇)။ မဂ္ဂေါ အဓိပတိ။ မဂ္ဂါဓိပတိ **စ** မဂ္ဂါဓိပတိ **စ** မဂ္ဂါဓိပတိဟု ဗဟုဗ္ဗီဟိ **ကမ္မဓာရည်းပြုပြီးမှ ဧကသေသသာမည** နိဒ္ဒေသပြု၊ ဗဟုဗ္ဗီဟိအခါ အဓိပတိတပ်ခိုက် ဝီရိယ, ဝိမံသမရ။ ကမ္မဓာရည်း အခါ အဓိပတိတပ်ခိုက် ဝီရိယ, ဝီမံသရ၏ **ဟူလိုသည်။** ပဋ္ဌာန်းပါဠိကို **ထောက်၍** မူလဋီကာ (၄၆) **အနုဋီကာ (၄၉)။**

သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ် ၃-ပါးကို အာရုံပြုသော အနာဂါမ်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်။

မဂ် ၄-ပါး ကိုအာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကြိယာအဘိညာဉ်၊ ဝိရတီ, အပ္ပမညာကြဉ်သောစေတသိက် တေတ္တိံသ ရ၏[၁]။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား-

စေတသိက် တေတ္တိံသတို့တွင်။ ပ။ စေတသိက် ဝေတိံသသည် သင်္ခါရက္ခန္ဓာမည်၏၊ မဂ္ဂါရမ္မဏစိတ် ၁၁-ခုသည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့လျှင်ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား—

မဂ္ဂါရမ္မဏစိတ် ၁၁-ခု၊ နှင့်စေတသိက် တေတ္တိံသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါးဖြစ်သတည်း။

**ပထမယောဇနာနည်း၌—**

**မဂ္ဂဟေတုကာ** ဓမ္မာဟူသော **ဒုတိယပုဒ်၏အရကား—မဂ်စိတ် ၄-ခု၊ မဂ္ဂင် ၈-ပါးကြဉ်သော စေတသိက် အဌဝီသ ရ၏။**

---

**၁။** အောက် အောက်သော ပုဂ္ဂိုလ်သည် အထက်ထက်သော မဂ်ကိုအာရုံမပြုနိုင်သောကြောင့် ဤသို့ ခွဲ၍ကျောက်ရသတည်း။

**ဒုတိယ ယောဇနာနည်း၌-**

မဂ္ဂဟေတုကာ ဓမ္မာဟူသော **ဒုတိယပုဒ်၏အရကား**–မဂ်စိတ် ၄-ခု၊ စေတသိတ် ဆတ္တိံသရ၏။[၁]

**တတိယ ယောဇနာနည်း၌-**

မဂ္ဂဟေတုကာ ဓမ္မာဟူသော **ဒုတိယပုဒ်၏အရကား**-မဂ်စိတ်၄-ခု၊ အမောဟကြဉ်သော စေတသိတ် ပဉ္စတိံသရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး ။ပ။ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက် ဆတ္တိံ သတို့တွင်။ပ။ စေတသိက် စတုတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏။ မဂ်စိတ် ၄-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါးဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့လည်းယှဉ်ပြီ)။

**သစ္စာအားဖြင့် ၁-ပါး** ဟူသော်ကား—

မဂ် စိတ်၄—ခု၌ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး။ ၇-ပါး။ ပ။ အရဟတ္တမဂ် ၈-ပါး

---

၁။ ရှေးဆရာမြတ်တို့ကား ဤဒုတိယ ယောဇနာနည်း၌ မဂ်စိတ် ၄—ခု၊ အလောဘ အဒေါသကြဉ်သော စေတသိက် စတုတ္တိံသရ၏ဟု ကောက်တော်မူကြ၏။
ဤမှု၌ကား—
ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂဏ်ိတို့နှင့်အညီ အလောဘ, အဒေါသ မကြဉ်မူ၍ စေတသိက်ဆတ္တိံသဟု ကောက်လိုက်သည်။
အကျယ်ကိုလိုမူ ပါဠိတော် (၂၁၂) အဋ္ဌကထာ (၈၇-၃၉၂)မူလဋီကာ (၄၆) အနုဋီကာ (၄၉) မာတိကာ ဂဏ်ိမဂ္ဂါရမ္မဏတိက် အဖွင့်တို့၌ ရှုပါ။

၇-ပါးသည် မဂ္ဂ ၁စ္စာ မည်၏။၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသောအရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၁-ပါးဖြစ်သတည်း။

**ပထမယောဇနာနည်း၌ -**

မဂ္ဂါဓိပတိနော ဓမ္မာဟူသော **တတိယပုဒ်၏အရကား-** သောတာ မတ္တိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု။

သကဒါဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု။

အနာဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အရုံပြုသော အနာဂါမ် ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု။

အရဟတ္တမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော ရဟန္တာ ပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသရ၏။[၁]

**ဒုတိယ ယောဇနာနည်း၌ -**

မဂ္ဂါဓိပတိနော ဓမ္မာဟူသော **တတိယပုဒ်၏အရကား**-မဂ်စိတ် ၄-ခု၊ ဝိရိယတပ်ခိုက် ဝိရိယကြဉ်သော စေတသိက် ပဉ္စတိံသ၊ ဝီမံသ ဒဋိပ်ခိုက် ဝီမံသကြဉ်သော စေတသိက် ပဉ္စတိံသရ၏။

---

၁။ အလေးအမြတ်ကား မိမိ မဂ်ကိုသာ အာရုံပြုသောကြောင့် ဤသို့ကောက်သတည်း။ ဤတိက်၌ တပါးသောဆရာတို့ကား သာမညသာ ကောက်ကြကုန်၏။ ဖြည့်ဆည်းပူး အပ်သော ကုသိုလ်တော် ထူးမြတ်လှသောကြောင့် ဉာဏ်အမြင်ထူးမြက်လှသော ငါတို့ကျေးဇူးရှင်သခင် ဗုဒ်ကရာဆရာတော်ဘုရားကား ပြသင့်သော အတိုင်း ခွဲခြမ်းဝေဖန်၍ကောက်းတော်မူပေသည်။ တချို့ကောင်းသားတို့သည် မမေ့မလျော့ ဆောင်ရွက်ကြပါကုန်၊

**တတိယယောဇနာနည်း၌ —**

မဂ္ဂါဓိပတိနောဝမ္မာဟူသောတတိယပုဒ်၏ အရကား- အဓိပတိတပ်ခိုက် ဝိရိယ,ဝိမံသလည်းရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ပ။သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့်၄-ပါးဟူသော်ကား —**

**စေတသိက်ဆတ္တိံသတို့တွင်။ပ။** **စေသသိက်စတုတ္တိံသသည်** သင်္ခါရက္ခန္ဓာမည်၏။ မဂ္ဂါဓိပတိစိတ်၁၂-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

**သစ္စာအားဖြင့် ၂-ပါးဟူသော်ကား —**

လောကီမဂ္ဂါဓိပတိစိတ်၈-ခု၊ စေတသိက် တေတ္တိံသ သည် ဒုက္ခသစ္စာ မည်၏။ မဂ်စိတ်၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ။ ပ။ သမ္မာ သမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး ။ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာမည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

အာဒိလဒ္ဓိနာမတိက်မည်၏၊ သပ္ပဒေသ။ပ။ တို့တွင် မဂ်ကိုအာမပြုနေ အကုသိုလ် ဒွါဒသမနောဒွါရာဇဝဇ္ဇန်း မှတပါး အဟိတ်စိတ်သတ္တရသ၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်၄-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ မဟာကြိယာဉာဏ ဝိပ္ပယုတ်စိတ်၄- ခု၊အဘိညာဉ်ဒွေမှတပါး ရူပစိတ် ၁၅-ခု၊ အရူပစိတ် ၁၂-ခု၊ဖိုလ်စိတ်၄-ခု၊ စေတသိက် ဒွေပညာသ။

မဂ်ကိုအာရုံမပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်၄-ခု၊ အဘိညာဉ်ဒွေ၊

**စ**တေသိက် အဋ္ဌတိံသရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏။ အဖြစ်ကြောင့် **သပ္ပဒေသတိက်** မည်၏။

**မဂ္ဂါရမ္မဏာဝိဘာဝနီ မှာ အရ**

“တစ်-နှစ်-သုံးဟု၊ **အောက်မဂ်** ရှု၊ နော -ကုညာဏ်-ကုသိုလ်။
မဂ်လေးပါးမှာ၊ ရဟန္တာ၊ ကြိယာပြောင်း၍ဆို။
တီ–ညာနှစ်သွယ်၊ ကြဉ်ထားဖယ်၊ သုံးဆယ့်သုံးခုပို”။

**တစ်-နှစ်-သုံးဟု အောက်မဂ်ရှု** — (တစ်) သောတာပတ္တိမဂ်တပါးကို အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏၊

(နှစ်) သောတာပတ္တိမဂ်- သကဒါဂါမိမဂ် နှစ်ပါးကို အာရုံပြုသော သကဒါဂါမိ ပုဂ္ဂိုလ်၏၊

(သုံး) သောတာပတ္တိမဂ်- သကဒါဂါမိ မဂ်၊ အနာဂါမိမဂ် သုံးပါးကို အာရုံပြုသော အနာဂါမိမဂ်သုံးပါးကို အာရုံပြုသော အနာဂါမိပုဂ္ဂိုလ်၏-ဟု အောက်မဂ် ပုဂ္ဂိုလ်များကို ဆိုပါသည်။

**နော-ကုညာဏ် ကုသိုလ်** — ထို အောက်မဂ် ပုဂ္ဂိုလ်များ၏ စိတ်မှာ နော-မနောဒွါရာဝဇ္ဇန်း။ ကုညာဏ်-မဟာကုသိုလ်- ဉာဏသမ္ပယုတ် စိတ် ၄-ခု၊ ကုသိုလ်-ကုသိုလ် အဘိညာဉ်တို့ ဖြစ်သည်။ ၎င်း စိတ်တို့ကို ပုဂ္ဂိုလ်ဘပါးစီထည့်၍ ခွဲခြား ဆိုရမည်။

မက်လေးပါးမှာ ရဟန္တာ — မဂ်လေးပါးကိုအားရုံပြုသောရဟန္တာပုဂ္ဂိုလ်၏-ဟု ဆိုလိုသည်။

ကြိယာပြောင်း၍ဆို — ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်မှာ ယခင်ကုသိုလ်နေရာတို့၌ မဟာ ကြိယာ ဉာဏ သမ္ပယုတ် စိတ် ၄-ခု ကြိယာ အဘိညဉ်ဟု ပြောင်းဆိုပါ။ မနော ဒွါရ ဇဝနမှာဆိုမြဲ။ ကြိယာ စိတ်ဖြစ်၍ ပြောင်းရန်မလို။

နောက်ဆုံးလက်ာဖြင့် ဝိရတီ – အပ္ပမညာကြဉ် စေတသိက်တေတ္တိံသ-ကို ပြသည်။

## ၁၆-မဂ္ဂါရမ္မဏတိက်

### မဂ္ဂဟေတုကာဝမ္မာအရ

"မဂ်ကြောင်းတစိပ်၊ မဂ်ယှဉ်ဟိတ်၊ တည်ဟိတ်သုံးနက်ပေး။
မဂ် စိတ် လေးခု၊ သုံးနည်းရှု၊ ကြဉ်ရှုမဂ္ဂင်ရှေး။
အလော-အဒေါ၊ ဒု-ကြဉ်ပြော၊ အမော-တ-ကြဉ်ပေး"

မဂ်ကြောင်းတစိပ် — မဂ်ဟု ဆို အပ် သော အကြောင်းရှိကုန်သော။

မဂ်ယှဉ်ဟိတ် – မဂ်နှင့်ယှဉ်သော ဟိတ် ရှိကုန်သော။

တည်ဟိတ် — မဂ်၌ တည်သောဟိတ် ရှိကုန်သော။

သုံးနက်ပေး — ဤသို့ မဂ္ဂဟေတုကာ-ပုဒ်ကို သုံးနည်းခွဲ၍ အနက်ပေးပါဟု ဆိုလိုသည်။

မဂ်စိတ်လေးခု သုံးနည်းရှု — မဂ်စိတ် ၄-ခုကို အနက် ပေးနည်း သုံးနည်းလုံး၌ အရကောက်ရမည်။

**ကြဉ်မှုမဂ္ဂင်ရှေး** = ရှေးဖြစ်သော ပထမ ယောဇနာနည်း၌ မဂ္ဂင် ရှစ် ပါး ကြဉ် ၍ စေတသိက်အငွဲစီသ။

**အလော-အဒေါ-ဒုကြဉ်ပြော** = ဒုတိယယောဇနာနည်း၌ အလောဘ အဒေါသ ကြဉ်၍ စေ တ သိက် စတုတ္တိံသ။

**အမော-တ-ကြဉ်ပေး** – တတိယ ယောဇနာနည်း၌ အမောဟ ကြဉ်၍ စေတသိက် ပဥ္စတိံသ-ဤသို့ စေတသိက်ကို အသီးသီး ကောက်ရမည်ဟု ဆိုလိုသည်။

## မဂ္ဂါဓိပတိနော ဓမ္မာအရ

"အာရုံမှာ တစ်၊ သဟာနှစ်၊ ရှိ-ဖြစ် သုံးနက်စွဲ။
ပ-မှာလေးမြတ်၊ အာရုံမှတ် လေးရပ်မင်ဟုခွဲ။
အောက်မင်သုံးရှိ၊ ကူညာဏ်သိ၊ထက်ကိ-တိ-ညာပဲ။
ဝိရိ-ဝိမံ-တပ်ခိုက်ချန်၊ ဒု-မှန် မင်စိတ်ပဲ။
တ-မှာဓိပတိ၊ တပ်ခိုက်ရှိ၊ ဝိရိ-ဝိမံစွဲ"

**အာရုံမှာတစ်** – (အာရုံ) အာရမ္မဏာ ဓိပတိပစ္စည်း။ (တစ်) ပထမ ယော ဇ နာ နည်း၊ မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်း ရှိကုန်သော-ဟုအနက်ပေး။

**သဟာနှစ်** – (သဟာ)သဟာဇာတာဓိပတိပစ္စည်း။ (နှစ်) ဒုတိယ ယောဇနာနည်း။

မဂ်ဟုဆိုအပ်သော သ ဟ ဇာ တာ ဓိ ပ တိ ပစ္စည်း ရှိကုန်သော- ဟု အနက်ပေး။

ရှိ-ဖြစ်သုံးနက်စွဲ — (ရှိ) ဖော်ပြခဲ့သော ၂-နည်းလုံး၌ရှိ ဟု အနက်ပေးရမည်။ (ဖြစ်) သုံးခု မြောက် တတိယနည်းမှာ ဖြစ်-ဟု အနက်ပေးရမည်။

အလယ်က သဟဇာတာ ဓိပတိ ပစ္စည်းက နောက်သို့လိုက်၍ ပေး ရမည်။

ပေးပုံမှာ- မဂ်လျှင်သဟဇာတာပတိပစ္စည်း၊ ဖြစ်ကုန်သော- ဟူလို။

"ပ- မှာလေးမြတ်၊ အာရုံမှတ်၊ လေးရပ်မဂ်ဟုခွဲ"

ဤလင်္ကာဖြင့် ပထမယောဇနာနည်းအရ- အလေးအမြတ်အားဖြင့် အာရုံပြုသော- ဟူ၍ မဂ် ၄-ပါး တပါးစီ ခွဲခြားဆိုရမည်ကိုပြသည်။ သောတာပတ္တိမဂ်ကို အလေးအမြတ် အားဖြင့် အာရုံပြု သောတာပန် ပုဂ္ဂိုလ်၏၊ သကဒါဂါမိမဂ်ကို အလေးအမြတ် အားဖြင့် အာရုံပြုသော သကဒါဂါမ် ပုဂ္ဂိုလ်၏၊ အနာဂါမိမဂ်ကို အလေးအမြတ် အားဖြင့် အာရုံပြုသော အနာဂါမ်ပုဂ္ဂိုလ်၏၊ အရဟတ္တမဂ်ကို အလေးအမြတ် အားဖြင့် အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏၊ ဤသို့ ခွဲခြား ဆိုရမည်။

အောက်မဂ်သုံးရှိ၊ ကုညာဏ်သိ — အောက်မဂ် ပုဂ္ဂိုလ် သုံးပါး၏ စိတ်ကို မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုဟု သိပါ။

ထက်-ကို — အထက်မဂ် ပုဂ္ဂိုလ် ရဟန္တာ၏ စိတ်ကို မဟာကြိယာ ဉာဏသမ္ပယုတ် ၄- ခုဟု သိပါ။

**တိဥ္စာ-ဖဲ** စေတသိက်မှာ ဝိရတီ-အပ္ပမညာ ကြဉ်၍ တေတ္တိံသဟု ကောက်

"ဝိရီ-ဝိမံ၊ တပ်ခိုက်ချန်၊ ဒု-မှန် မဂ်စိတ်ပဲ"

ဤလင်္ကာဖြင့် ဒုတိယယောဇနာနည်း၌ မဂ်စိတ် ၄-ခု၊ ဝိရိယတပ်ခိုက် ဝိရိယချန်၍ (ကြဉ်၍) စေတသိက် ပဉ္စတိံသ၊ ဝိမံသတပ်ခိုက် ဝိမံချန်၍ (ကြဉ်၍) စေတသိက် ပဉ္စတိံသ-ကောက်ယူရမည်ကိုပြသည်။

"တ-မှာ မိပတိ၊ တပ်ခိုက်ရှိ၊ ဝိရီ-ဝိမံစွဲ"

ဤလင်္ကာဖြင့် တတိယယောဇနာနည်းအရ အဓိပတိတပ်ခိုက်၊ ဝိရိယ-ဝိမံသလည်း ရ၏-ဟု ကောက်ရမည်ကို ပြသည်။

## တိက်မှတ်

မဂ်ကိုအာရုံ၊ မပြုဆုံ၊ နှုတ်ငုံဆောင်စေသား။

အကု-နောကြဉ်၊ အဟိတ်လျှင်၊ ဝိပ္ပတွင် ကု-ကိထား။

မဟာဝိပါက်၊ ဘိညာဉ်ဖျက်၊ မဟာက်-ဖိုလ်-သိက်ပွား။

နော-ကု-ကိနေ၊ ဉာဏ်ယှဉ်လေ၊ ဘိဉ်-စေရှပ်နိုင်ကြား။

"မဂ်ကို-အာရုံ၊ မပြုဆုံ၊ နှုတ်ငုံဆောင်စေသား"

ဤလင်္ကာဖြင့် မဂ်ကို အာရုံမပြုနေ-ဟု ဆိုရမည့်အဖြစ်ကို ပြသည်။

**အကု** — အကုသိုလ်စိတ် ဒွါဒသ၊

**နောကြဉ်-အဟိတ်လျှင်** — မနောဒွါရာဝဇ္ဇန်းကြဉ် အဟိတ်စိတ္တရသ၊

**ဝိပ္ပတွင်ကု-ကိထား** — မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခု၊ မဟာကြိယာဉာဏ ဝိပ္ပယုတ် ၄-ခု၊

## ၁၆–မဂ္ဂါရမ္မဏတိက်

| | |
|---|---|
| မဟာဝိပါတ် | — မဟာဝိပါတ်စိတ် ၈-ခု၊ |
| ဘိညာဉ်ဖျက်-မဟာဂ် | — အဘိညာဉ်ဒွေးကြဉ်မဟဂ္ဂုတ်စိတ် ၂၇-ခု၊ |
| ဖိုလ် | — ဖိုလ်စိတ် ၄-ခု၊ |
| သိက်ပွား | — စေတသိက်ဒွေပညာသ။ |

ဤနေရာ၌ ရုပ် အဌဝီသ- နိဗ္ဗာန်ကိုဆက်၍ ကောက်ရမည် ဖြစ်သော်လည်း တိက်ဝင်တရားဖြစ်သော မဂ္ဂါရမ္မဏ စိတ် ၁၁-ခုကိုပင် မဂ်ကို အာရုံမပြုခိုက် တိက်မုတ် ထုတ်ပြန်သည်။ ၎င်းတို့မှာ—

| | |
|---|---|
| နော | — မနောဒွါရာ ဝဇ္ဇန်း |
| ကု-ကိနေ-ဉာဏ်ယှဉ်လေ | — မဟာ ကုသိုလ်ဉာဏ သမ္ပယုတ် ၄-ခု၊ မဟာကြိယာဉာဏ သမ္ပယုတ် ၄-ခု၊ |
| ဘိဉ် | — အဘိညာဉ်ဒွေး၊ |
| စေ | — စေတသိက် အဌတိံသ- တို့ပေတည်း။ |
| ရုပ်-နိဗ်ကြား | — ၎င်းနောက် ရုပ်အဌဝီသ-နိဗ္ဗာန်ကို ဆက်ထုတ်လေ။ |

### ခန္ဓာဖွဲ့စသည်

ဤ တိက်မုတ်အရ တရားများကို မဂ်စိတ် ၄-ခုမှတပါး စိတ် ၈၇-ပါး (အဘိညာဉ်ဒွေပါသည်) စေတသိက် ဒွေပညာသ၊ ရုပ်အဌဝီသ၊ နိဗ္ဗာန် ထား၍ ခန္ဓာ ၅-ပါး၊ အာယတန ၁၂ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၃-ပါး ဖွဲ့ပါလေ။

## ၁၇-ဥပ္ပန္နတိက်

မဂ္ဂါရမ္မဏတိက်ကို…၌ ဥပ္ပန္နတိက်ကို…၏၊ ဥပ္ပန္နာ ဓမ္မာ ဟူသည်တည်း။

ထိုနောင်…၏၊ ဟောဟန်ကား– အနုပ္ပန္နာ ဓမ္မာ ဟူသည်တည်း၊

ထိုနောင်…၏၊ ဟောဟန်ကား- ဥပ္ပါဒိနော ဓမ္မာ ဟူသည်တည်း။

ဥပ္ပန္နာ၊ ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနုပ္ပန္နာ၊[1] ဥပါဒ်, ဌီ, ဘင် ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်းမဟုတ် ရောက်ဆဲလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဥပ္ပါဒိနော၊[2] ပြီးပြီးသော အကြောင်းတရားရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပထမကား**—ပစ္စုပ္ပန်ဖြစ်သော စိတ်တရုပ်ကိုးဆယ်၊ စေတသိက်ဒွေပဿသ၊ ရုပ်အဋ္ဌဝီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတန အားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈ ပါး၊ သစ္စာအားဖြင့် ၃ -ပါး ဖြစ်ကုန်၏။

---

၁။ ဒုတိယပုဒ်၌ "ဥပ္ပဇ္ဇိတ္ထာတိ ဥပ္ပန္နော၊ ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ၊ ဥပ္ပန္နာ စ ဥပ္ပန္နာ စ ဥပ္ပန္နာဟု ကေသေသ သာမသန်ဒွေသကြံ၊ အနာဝတ်ကုသိုလ် အကုသိုလ်ကိရိယာစိတ္တုပ္ပါဒ် တိဇရုပ် ဟူလိုသည်။ အကျယ်ကိုလိုမူ အဋ္ဌကထာ (၃၉၃)၊ ဋီကာ (၄၇)၊ အနု (၄၉)တို့မှ ယူလေ။

၂။ တတိယပုဒ်၌ ဥပ္ပဇ္ဇ ပဒဓာတ်၊ အဝသ္ကာဓမိ ဏောသုဏီစ သုတ်ဖြင့် ဏီပစ္စည်း သက်ဟူလိုသည်။

(ခန္ဓာ, အာယတန, ဓာတ်ဖွဲ့လွယ်ပြီ၊ မနောဝိညာဏ ဓာတ်မှာ ကြွင်းသောစိတ် ၇၆-ခုဟု ဆိုလေ)။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား—

လောကီစိတ် ကောသိတိ၊ လောဘကြဉ်သော စေတသိက် ကေ ပညာသ၊ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏။ လောဘသည် သမု ဒယသစ္စာ မည်၏၊ မဂ်စိတ် ၄-ခုဉ်ရှိသော။ ပ။ မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ်တ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

ဒုတိယ....ကား—အနာဂတ်ဖြစ်သော အကုသိုလ်ဒွါဒသ၊ ကုသိုလ် ကေဝီသကိုရိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် သတ္တ ရသ၊ ဥတုဇရုပ်ပန္နရသ၊ အာဟာရဇရုပ် စုဒ္ဒသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၇-ပါး၊ ဓာတ်အားဖြင့် ဂ-ပါး၊ သစ္စာအားဖြင့်၃-ပါးဖြစ်ကုန်၏။

(ဥပါဒိန္နတိက် ဒုတိယပုဒ်ကိုမှီ၍ဖွဲ့လေ မထူးလှပြီ)။

**တတိယ....ကား**- အနာဂတ်ဖြစ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတ သိက်အဋ္ဌတိံသ၊ ကမ္မဇရုပ် ဝီသရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၁-ပါး၊ ဓာတ်အားဖြင့် ၁၇-ပါး၊ သစ္စာအားဖြင့်၁-ပါးဖြစ်ကုန်၏။

(ဥပါဒိန္န ပထမပုဒ်ကိုမှီ၍ဖွဲ့လေ မထူးလှပြီ)။

အာဒိလဒ္ဓနာမတိက် မည်၏၊ သပ္ပဒေသ။ ပ။တို့တွင် နိဗ္ဗာန်ဟုဆိုအပ်သော ကြွင်း သောပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် သပ္ပဒေသတိက် မည်၏။[၁]

## ၁၈- အတီတတိက်

ဥပ္ပန္နတိက်ကို....၏ အတီတတိက်ကို....၏၊ ဟောဟန်ကား—**အတီတာ ဓမ္မာ**ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား—အနာဂတာ **ဓမ္မာ**ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား—**ပစ္စုပ္ပန္နာ** ဓမ္မာ ဟူသည်တည်း။

**အတီတာ၊ အတိက်ဖြစ်ကုန်သော။** ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏

**အနာဂတာ**၊ ကုန်သော။ ဓမ္မာ၊ တို့သည်သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပစ္စုပ္ပန္နာ**၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပထမ....ကား**—အတိက်ဖြစ်သော စိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့်၅-ပါး၊ အာယတနအားဖြင့်၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၃ပါး ဖြစ်ကုန်၏။
(ဖွဲ့လေ လွယ်ပြီ)။

---

၁။ ရှေးဆရာမြတ်တို့ကား အတိတ် စိတ္တုပ္ပါဒ် ရုပ်ကိုတိက်မှတ်ထုတ်တော်မူကုန်၏။ မသင့်၊ အဘယ့်ကြောင့်နည်း နိဗ္ဗာနံ န ဝတ္တဗ္ဗံ ဥပ္ပန္နန္တိပိ အနုပ္ပန္နန္တိပိ ဥပ္ပါဒိနောတိပိ ဟု ပါဠိတော်(၂၇၂။)၌ တိက်မှတ်ထုတ်တော်မူသည်။
အဋ္ဌကထာ (၃၉၃)၌လည်း အယံ ပန တိကော ဒွိန္နံ အဒ္ဓါနဝသေန ပူရေတွာ ဒဿိတော—ဟု လာသောကြောင့်တည်း။

"အကျယ်လိုမူ အနုဋီကာ(၄၉)မှ ယူလေ"

**ဒုတိယ....ကား**–အနာဂတ်ဖြစ်သော စိတ်တခု ယုတ် ကိုးဆယ်။ ပ။ ရုပ်အဋ္ဌဝီသရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅–ပါး။ ပ။ သစ္စာအားဖြင့် ၃–ပါး ဖြစ်ကုန်၏။ (ဖွဲ့လေလွယ်ပြီ)။

**တတိယ... ကား**–ပစ္စုပ္ပန်ဖြစ်သော စိတ်တခုယုတ် ကိုးဆယ် ။ပ။ ရုပ် အဋ္ဌဝီသရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅–ပါး ။ပ။ သစ္စာအားဖြင့်၃–ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ လွယ်ပြီ)

အာဒိလဒ္ဓနာမတိက်မည်၏၊ သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့် ၂–ပါး အပြားရှိ၏၊ ထို ၂–ပါးတို့တွင်နိဗ္ဗာန်ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသတိက် မည်၏။

## နိဗ္ဗာန်တိက်မုတ်

အခြားတရား မဖက် နိဗ္ဗာန်သက်သက် တိက်မုတ်ထုတ်သော တိက်များမှာ ဤဥပ္ပန္နတိက်နှင့် အတီတတိက် ၂–ပါးတို့ပေတည်း။

[ ဆောင် ] နိဗ္ဗာန်တခု၊ တိက်မုတ်ပြု၊
မှတ်ရှု – ပ္ပန် – တီထား။

## ၁၉-အတီတာရမ္မဏတိက်

အတီတတိက်ကို....၌ **အတီတာရမ္မဏတိက်ကို**....၏၊ **ကား–အတီတာ ရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ကား–**အနာဂတာရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ကား–**ပစ္စုပ္ပန္နာရဏာမ္မာ မ္မဓာ** ဟူသည်တည်း။

**အတီတာရမ္မဏာ၊ အတိက်တရားလျှင် အာရုံရှိကုန်သော**။ ဝါ၊

အတိက်တရားကို အာရုံပြုကုန်သော။ မဟ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနာဂတာရမ္မဏာ၊ ရှိကုန်သော။ ဝါ၊ ပြုကုန်သော။ မဟ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပစ္စုပ္ပန္နာရမ္မဏာ၊ ရှိကုန်သော။ ဝါ၊ ပြုကုန်သော။ မဟ္မာ၊ တို့သည် သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမကား**—အတိက်တရားကို မြဲသော အားဖြင့် အာရုံ ပြုသော ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာ နာသညာယတနစိတ် ၃-ခု၊ စေတသိက် တိံသ။

အတိက်တရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတခု ယုတ်သုံးဆယ်၊ တဒါရုံ ကောဒသ၊ အဘိညာဉ်ဒွေ၊ ဝိရတီ အပ္ပမညာ ကြဉ်သော စေတသိက် သတ္တစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

**စေတသိက်** သတ္တ စတ္တာလီသ တို့တွင်။ ပ။ စေတသိက် ဆဋ္ဌစတ္တာလီသသည် သင်္ခါရက္ခန္ဓာမည်၏၊ အတိတာရမ္မဏစိတ်၄၉-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန, ဓာတ်ဖွဲ့လွယ်ပြီ)။

**သစ္စာအားဖြင့် ၂-ပါး** ဟူသည်ကား—

**အတီတာရမ္မဏစိတ်** ၄၉-ခု၊လောဘကြဉ်သော စေတသိက် ဆစတ္တာလီသသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယသစ္စာ မည်၏၊ ဤသို့လျှင် သစ္စာ**အား**ဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယကား**—အနာဂတ်တရားကို အာရုံပြုကို မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတခုယုတ်ကိုးဆယ်၊ တဒါရုံကောဒသ၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

စေတသိက်ပညာသတို့တွင် ။ပ။ **စေတသိက်** အဌစတ္တာလီသသည် သင်္ခါရက္ခန္ဓာမည်၏၊ အနာဂတာရမ္မဏစိတ် ၄၃-ခုသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (**အာယတန, ဓာတ်ဖွဲ့လွယ်ပြီ**)။

**သစ္စာအားဖြင့် ၂ - ပါး** ဟူသော်ကား—

အနာဂတာရမ္မဏစိတ် ၄၃ — နှ၊ လောဘကြဉ်သော **စေတသိက်** ကျေနပညာသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂ — ပါးဖြစ်သတည်း။

**တတိယကား**— ပစ္စုပ္ပန်တရားကို မြဲသောအားဖြင့် **အာရုံပြုသော**

ဒွေပဥ္စဝိညာဉ်၁၀၊မနောဓာတ် ၃—ခု၊ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော **အညသမာန်း** စေတသိက် ၁၀။

ပစ္စုပ္ပန်တရားကိုအာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တခုယုတ်သုံးဆယ်၊ တဒါရုံကောဒသ၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော **စေတသိက်**ပညာသ ရ**၏**။

ထိုတရားတို့သည် ခန္ဓာအားဖြင့်၄—ပါး၊**အာယတနအား**ဖြင့် ၂—ပါး၊ **ဓာတ်အားဖြင့်** ၈- ပါး၊ သစ္စာအားဖြင့် ၂- ပါးဖြစ်ကုန်၏။

(ပရိတ္တာရမ္မဏာဓမ္မာနှင့်**အတူ**ဖွဲ့လေ၊ပစ္စုပ္ပန္နာရမ္မဏ စိတ်ဆိုသည်မျှ**သာ** ထူး**၏**)။

အာဒိလဒ္ဓနာမတိုက်မည်၏၊ သပ္ပဒေသတိုက်, နိပ္ပဒေသတိုက်အားဖြင့် ၂- ပါး အပြားရှိ၏။ ထို ၂ ပါးတို့တွင် ပညတ်တရားကိုမြဲသောအားဖြင့် အာရုံပြုသော အာကာသာနဉ္စာယတနစိတ် ၃-ခု၊ အာကိဉ္စညာယတနစိတ် ၃- ခု၊ အဘိညာဉ်ဒွေမှဘပါး ရူပစိတ် ၅-ခု၊ စေတသိက် ပဉ္စတိံသ။

ပညတ်တရားကို အာရုံပြုကို အကုသိုလ် ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ်၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီ ကြဉ်သောစေတသိက် ဧကူနပညာသ။

အပ္ပမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ။

အပ္ပမာဏတရားကိုအာရုံပြုခိုက်မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ကြွင်းသောပရမတ္ထတရားရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသတိုက်မည်၏။

## ၁၉-အတီတာရမ္မဏတိုက်

### ပစ္စုပ္ပန်ကောန်စသည်

ပဉ္စဝိညာ၊ မနောဓာ၊ သန်ျာတေရသော။ (ပစ္စုပ္ပန်ကောန်-၁၃)

ကာမနေကာ၊ ပေါ်တွင်သာ၊တဒ္ဒါဟာသိနှော။
(ပစ္စုပ္ပန်အနေကန်-၄၃)

ဝိညာဏဉ္စာ၊ နာသညာ၊ မှန်စွာအတိတ်ဟော။ (အတိတ်ကောန်-၆)

ပစ္စုပ်နေကန်၊ တိစတ္တံ၊ အမှန်သိစေသော။
(အတိတ်အနေကန်–၄၃)

ကောန်မပါ၊ နာဂတာ၊ မိန့်မှာရှင်ပင်တော။
(အနာဂတ်ကောန်မရှိ)

ပစ္စုပ်နေကန်၊ တိစတ္တံ၊ အမှန်သိစေသော။ (အနာဂတ်အနေကန်-၄၃)
ကောန်မပါ နာဂတာ၊ မိန့်မှာရှင်ပင်တော။ (အနာဂတ်ကောန်မရှိ)
ပစ္စုပ်နေကန်၊ တိစတ္တံ၊ အမှန်သိစေသော။ (အနာဂတ်အနေကန်-၄၃)
(အရကောက်ကျမ်းမှ)

## တိတ်မှတ်

အာကာ-အာကိစ်၊ ဘိညာဉ်ဆိတ်၊ ရှုစိဘ်-စေသုံးငါး။

အကုံ-နော္ဒိ၊ ဟာကု-ကိ၊ ဘိညိ- ရတိတား။

တဖန်အပ္ပမ၊ လောကုတ်ပြ၊ စေရသုံး ခြောက်ပါး။

နော- ကုံ- ကိနေ၊ ဉာဏ်ယှဉ်လေ၊ ဘိဉ်- စေ- ရုပ်- နိဗ်ကြား။

ဤဉ်စေမှန်- တိ-ညာ-ချန်၊ တိရမိတိက်မှတ်ထား။

ပဌမ- ဒုတိယလင်္ကာနှစ်ပိုဒ်ဖြင့် ပညတ်ကောန်- အနေကန်ကိုပြသည်။ (ပရိတ္တာရမ္မဏတိက်ပြန်ရှုပါ) တတိယလင်္ကာဖြင့် အပ္ပမာဏတရားကိုမြဲသောအားဖြင့်အာရုံပြုသော လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက်ဆတ္တံသကိုပြသည်။

စတုတ္ထလင်္ကာဖြင့် အပ္ပမာဏတရားကို အာရုံပြုခိုက်၊ မနော္ဒွါရာဝဇ္ဇန်း

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်၄-ခု၊ အဘိညာဉ်ဒွေ၊ စေတသိက် (တေတ္တိံသ) ရုပ်အဋ္ဌဝီသနိဗ္ဗာန်ကိုပြသည်။

ပဉ္စမလင်္ကာဖြင့်ဖော်ပြရာပါ စတုတ္ထလင်္ကာဉ်စေ- အရဝီရတီအပ္ပမညာကြဉ်၍ စေတသိက် တေတ္တိံသယူရမည်ကိုပြသည်။

ဤကား အတိတာရမ္မဏတိက်၏ တိက်မှတ်တရားများပေတည်း။

## ခန္ဓာဖွဲ့စသည်

တူရာပေါင်း၍၊ ခန္ဓာအာယတနစသည်ဖွဲ့လိုက်ပါလျှင် ပရိတ္တ-အပ္ပမာဏ

ကောန်အနေကန်ဖြစ်သော အတီတာရမ္မဏတိကဝိမုတ်စိတ် ၆၀၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊နိဗ္ဗာန်ကောက်၍ခန္ဓာ ၅ပါး၊ အာယတန ၁၂- ပါး၊ ဓာတ် ၁၂- ပါး၊ သစ္စာ ၄- ပါးဖွဲ့လေ။

## ၂၀-အဇ္ဈတ္တတိက်

အတီတာရမ္မဏတိက်ကို....၌ အဇ္ဈတ္တဘိက်ကို....၏၊ ကား—**အဇ္ဈတ္တာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ကား—ဗဟိဒ္ဓါ ဓမ္မာ ဟူသည်တည်း။

**ထိုနောင် ...၏၊** ကား အဇ္ဈတ္တဲဗဟိဒ္ဓါ ဓမ္မာ ဟူသည်တည်း။

အဇ္ဈတ္တာ၊အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဗဟိဒ္ဓါ၊ ဗဟိဒ္ဓသန္တာန်၌ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဇ္ဈတ္တဗဟိဒ္ဓါ၊ အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော။ **ဓမ္မာ၊** တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပဌမကား**—အဇ္ဈတ္တသန္တာန်၌ဖြစ်သော စိတ်တခု ရုပ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ရ၏။

ထိုဘရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ်အားဖြင့် ၁၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**ဒုတိယကား**– ဗဟိဒ္ဓသန္တာန်၌ဖြစ်သော စိတ်တခု ရုပ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

ထိုဘရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး။ပ။သစ္စာအားဖြင့် ၄-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

**တတိယကား**—အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန် ၂-ပါး၌ ဖြစ်သော စိတ်တခုရုပ်ကိုးဆယ် ။ပ။ ရုပ်အင္ဒြိယ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး ။ပ။ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ (ဖွဲ့လေ)။

အဒိလဗ္ဗနာမတိတ် မည်၏၊ နိပ္ပဒေသတိက် မည်၏။

## ၂၁-အဇ္ဈတ္တာ ရမ္မဏတိက်

အဇ္ဈတ္တတိက်ကို....၌ အဇ္ဈတ္တာ ရမ္မဏတိက်ကို....၏၊ ကား—**အဇ္ဈတ္တာ ရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား-**ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ** ဟူသည်တည်း။

ထိုနောင်....၏၊ ဟောဟန်ကား-**အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ** ဟူသည် တည်း။

အဇ္ဈတ္တာရမ္မဏာ၊ အဇ္ဈတ္တတရားလျှင် အာရုံရှိကုန်သော။ ဝါ။ အဇ္ဈတ္တတရားကို အာရုံပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဗဟိဒ္ဓါရမ္မဏာ၊ ရှိကုန်သော။ ဝါ။ ပြုကုန်သော။ဓမ္မာ။ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ၊ သဇ္ဈတ္တဗဟိဒ္ဓတရားနှစ်ပါးလျှင် အာရုံရှိကုန်သော။ ဝါ။ ပြုကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏၊

**ပထမကား**-အဇ္ဈတ္တတရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဥ္စာယတနစိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ စေတသိက်တိံသ။

အဇ္ဈတ္တတရားကို အာရုံပြုခိုက် ကာမစိတ် စတုပညာသ၊ အဘိညာဉ် ဒွေ၊ ဣဿာ, အပ္ပမညာကြည်သော စေတသိက် ဧကူနပညာသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတန အားဖြင့် ၂ပါး၊ ဓာတ်အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား—

**စေတသိက်** ကျေနပညာသတို့တွင် ။ပ။ စေတသိက် သတ္တာစတ္တာလီသ သည် သင်္ခါရက္ခန္ဓာမည်၏၊ အဇ္ဈတ္တာရမ္မဏစိတ် ၆၂-ခုသည် ဝိညာဏက္ခန္ဓာ မည်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း (အာယတန ဖွဲ့လွယ်ပြီ)

**ဓာတ်အားဖြင့် ၈-ပါး** ဟူသော်ကား-

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏ ဓာတ်မည်၏။ ပ။ **ကာယ ဝိညာဉ်ဒွေသည်** ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသော အဇ္ဈတ္တာရမ္မဏစိတ် ၄၉-ခုသည် မနောဝိညာဏဓာတ် မည်၏၊ စေတသိက် ကျေနပညာသသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၈-ပါး ဖြစ်သတည်း။

**သစ္စာအာဖြင့် ၂-ပါး** ဟူသော်ကား-

အဇ္ဈတ္တာရမ္မဏစိတ် ၆၂-ခု၊ လောဘကြဉ်သော စေသိက် အဋ္ဌ စတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယ သစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**ဒုတိယကား**-ဗဟိဒ္ဓတရားကို မြဲသောအားဖြင့် အာရုံပြုသော အဘိ ညာဉ်ဒွေမှ ဘပါး ရူပစိတ် ၁၅-ခု၊ အာကာသနဉ္စာယတနစိတ် ၃-ခု၊ လော ကုတ္တရာစိတ် ၈-ခု၊ စေတသိက် အဋ္ဌတိံသ။

ဗဟိဒ္ဓာတရားကိုအာရုံပြုခိုက် ကာမစိတ် စတုပညာသ၊ အဘိညာဉ်ဒွေ၊ မဇ္ဈရိယကြဉ်သော စေတသိက် ဧကပညာသ ရ၏။

**ထိုတရား**တို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၈-ပါး၊ သစ္စာအားဖြင့် ၃-ပါး ဖြစ်ကုန်၏။

**ခန္ဓာအားဖြင့် ၄-ပါး** ဟူသော်ကား-

စေတသိက် ဧကပညာသတို့တွင် ။ပ။ စေတသိက် ကွေ့နပညာသသည် သင်္ခါရက္ခန္ဓာ မည်ရ၏၊ ဗဟိဒ္ဓါရမ္မဏစိတ် ရှစ်ဆယ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ဤသို့လျှင် ခန္ဓာအားဖြင့် ၄-ပါး ဖြစ်သတည်း။ (အာယတန ဖွဲ့လွယ်ပြီ)။

**ဓာတ်အားဖြင့် ၈-ပါး** ဟူသော်ကား-

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ် မည်၏။ ပ။ ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ် မည်၏။ ကြွင်းသော ဗဟိဒ္ဓါရမ္မဏစိတ် ၆၇-ခုသည် မနောဝိညာဏ ဓာတ်မည်၏။ စေတသိက် ဧကပညာသသည် ဓမ္မဓာတ် မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၈-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့် ၃-ပါး** ဟူသော်ကား-

လောကီဗဟိဒ္ဓါရမ္မဏစိတ် ၇၂-ခု၊ လောဘကြဉ်သော စေတသိက် ပည်သသည် ဒုက္ခသစ္စာ မည်၏။ လောဘသည် သမုဒယသစ္စာမည်၏။ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ။ ပ။ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇ပါး။ ပ။ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါး သည် မဂ္ဂသစ္စာ မည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့ လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

**တတိယ**....ကား....အဇ္ဈတ္တာ ရား ဗဟိဒ္ဓတရားကို အာရုံပြုခိုက် ကာမစိတ် စတုပညာသ၊ အဘိညာဉ်ဒွေ၊ ဣဿာ, မစ္ဆရိယ, အပမညာ ကြဉ်သော စေတသိက် အဋ္ဌစတ္တာလီသ ရ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး။ ပ။ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

(ပရိတ္တာရမ္မဏာ ဓမ္မာနှင့် အတူဖွဲ့လေ။ အဇ္ဈတ္တ ဗဟိဒ္ဓါရမ္မဏစိတ်

ဆိုသည်နှင့် စေတသိက် အဌစတ္တာလီသ ဆိုသည်သာ ထူးသည်။)

အဒိသဒ္ဒနာမတိက် မည်၏။ သပ္ပဒေသ ။ပ။ တို့တွင် အာကိဉ္စညာယတနစိတ် ၃-ခု၊ စေတသိက် တိံသ။

ထို အာကိဉ္စညာယတန စိတ်၏အာရုံဖြစ်သော နတ္ထိဘောပညတ်ကို အာရုံပြုခိုက် အကုသိုလ်စိတ် ၁၂-ခု၊မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈ခု၊ အဘိညာဉ်ဒွေ၊ ဝိရတိ, အပ္ပမညာ, ဣဿာ, မစ္ဆရိယ ကြဉ်သော စေတသိက် ပဥ္စတ္တာလီသ ရုပ် အဌဝီသ၊ နိဗ္ဗာန်ဟုဆိုအပ်သော ကြွင်းသော ပရမတ္ထ တရားရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသတိက် မည်၏။[၁]

---

၁။ ရှေးဆရာမြတ်တို့ကား—

အာကိဉ္စညာယတနံ နဝတ္တဗ္ဗံ အဇ္ဈတ္တာရမ္မဏန္တိပိ ဗဟိဒ္ဓါရမ္မဏန္တိပိ အဇ္ဈတ္တဗဟိဒ္ဓါရမ္မနန္တိပိ ဟူသော ပါဠိတော်(၂၇၄)ကိုသာ ထောက်၍ အာကိဉ္စညာယတနစိတ္တုပ္ပါဒ်ကိုသာ တိက်မုတ် ထုတ်တော်မူကုန်၏။ မကုန်စင်၊ တိက်မုတ်ကျန်ကြွင်းသည်၊ အာကိဉ္စသာယတနစျာန်ကို တိက်မုတ် ဟောတော်မူလျှင် ထိုစျာန်စိတ်၏ အာရုံနတ္ထိဘောပညတ်ကို အာရုံပြုခိုက် အာဝဇ္ဇန်းစသော ၃၃-ပါးသော စိတ်ကိုလည်း ဟောတော်မူခြင်းကိစ္စ ပြီးတော့သည်ဟု အာဘောဂ ရှိတော်မူသဖြင့် အာကိဉ္စညာယတနစိတ်ကိုသာ တိက်မုတ်ဟောတော်မူသည်။ ဘုရားသခင် အလိုတော်ကိုသိသော ဗုဒ္ဓမတည္ထု ရှင်အဌကထာဆရာသည်'' 'အဇ္ဈတ္တာဓမ္မာပဂမမတ္တတောဝ အာကိဉ္စညာယတနာ ရမ္မဏာဿ အဇ္ဈတ္တဘာဝမ္ပိ ဗဟိဒ္ဓဘာဝမ္ပိ အဇ္ဈတ္တဗဟိဒ္ဓဘာဝမ္ပိ တန္နုဇာနိတွာ အာကိဉ္စညာယတနံ နဝတ္တဗ္ဗံ အဇ္ဈတ္တာရမ္မဏန္တိပိ'' တိအာဒိဝုတ္တံ။

တတ္ထ န ကေဝလံတဒေဝနဝတ္တဗ္ဗာရမ္မဏံ။ တဿပန ဥပစာရစိတ္တာနိပိ တဿာရမ္မဏာဿ ပစ္စဝေက္ခဏစိတ္တာနိပိ တဿေဝ အဿာဒနာဒိဝသေနပဝတ္တာနိအကုသလစိတ္တာနိပိ၊ န ဝတ္တဗ္ဗာရမ္မဏာနေဝ ါတိ ကာနိ ပန တသ္မိံ ဂဟိတေ ဂဟိတာနေဝ ဟောန္တီတိ ဝုတ္တာနိ ဟူ၍ မိန့်သော်။ (၄–၄၄၇)

အဘိညာဉ်သည် နတ္ထိဘောပညတ်ကို အာရုံပြုနိုင်ခြင်းသဘောမကင်းသောကြောင့် တိက်မုတ်၌ သွင်း၍ ကောက်သည်။''အကျယ်လိုကိုလိုမူ အဌကထာ (၄၄၇)မူလဋီကာ (၁၉၈)တို့မှ ယူလေ''

## ၂၁ အဇ္ဈတ္တာရမ္မဏတိုက်

### အဇ္ဈတ္တကေန်စသည်

ဝိညာဏာ၊ နာသညာ၊ သချ်ာဆဟုဟော။ (အဇ္ဈတ္တိကေန်- ၆)

စတုပညာ၊ စိတ်ကာမာ၊ ဘိညာနှစ်ခုနှော။ (အဇ္ဈတ္တအနေကန်-၅၆)

စိတ်ရူပမှာ၊ လောကုတ်ပါ၊ အာကာ-အာကိဥ္စော။ (ဗဟိဒ္ဓကေန်-၂၉)

စတုပညာ၊ စိတ်ကာမာ၊ ဘိညာနှစ်ခုနှော။ (ဗဟိဒ္ဓအနေကန်–၅၆)

နတ္တိကေန်၊ မရှိမှန်၊ ကေန်ဖွင့်ရှဲဟော။ (အဇ္ဈတ္တဗဟိဒ္ဓကေန်မရှိ)
စတုပညာ၊ စိတ်ကာမာ၊ ဘိညာထည့်ရှဲဟော။

(အဇ္ဈတ္တဗဟိဒ္ဓအနေကန်-၅၆)

(အရကောက်ကျမ်းမှ)

### တိုက်မှတ်

အာကိဥ်ကြို၊ စေတိံသိ၊ နတ္တိအာရုံထား။

အကု- နောဒ္ဒိ၊ ဟာကု-ကိ၊ ဘိညိ- ရတီတား။

မညာ- ဏ္ဍသိ- ဇွဲ၊ ထပ်ကြဉ်လေ၊ ကြွင်းစေလေးဆယ့်ငါး။

အဇ္ဈတ္တာရာမ်၊ ရုပ်နိဗ္ဗာန်၊ ကြွင်းကျန်ဘရားမျာ။

**အာကိဥ်ကြို** — အာကိဥ္စညာယတနစိတ်၃- ခု၊

**စေတိံသိ** — စေတသိက်တိံသ

**နတ္တိအာရုံထား** — ထိုအာကိဥ္စညာယတနစိတ်၏ အာရုံဖြစ်သောနတ္တိဘော ပညတ်ကိုအာရုံပြုခိုက်-ဟုဆိုရမည်။

**အကု** — အကုသိုလ်စိတ်ဒွါဒသ၊

နေ၁ဒ္ဒ၀ — မနေ၁ဒ္ဒါရ၀ဇ္ဇန်း
ဟာကုကိ — မဟာကုသိုလ်စိတ်၈-ခု၊မဟာကြိယာစိတ်၈-ခု၊

ဘိညိ — အဘိညာဉ်ဒွေ
ရတိတား — ၀ိရတိ စေတသိက်ကို မကောက်မိစေရန်တားမြစ်ထားရမည်။
ကြဉ်ရမည်ဟုဆိုလိုသည်။

(မညာ) — အပ္ပမညာ
(ဉာဏ်) — ဉာဏ်
(တစ္ဆေ) — မစ္ဆရိယ
ထပ်ကြဉ်လေ — ၀ိရတိအပြင် အပ္ပမညာ-ဉာဏ် - မစ္ဆရိယတို့ကို ထပ်ကြဉ်ပါဦးဟုပြသည်။
ကြွင်းစေလေးဆယ့်ငါး — ကြွင်းသောစေတသိက်မှာ ပဉ္စစတ္တာလီသ
အဇ္ဈတ္တာရမ် — ဤတိက်၏အမည်ကိုညွှန်ပြသည်။

၂၁- အဇ္ဈတ္တာရမ္မဏတိက်

ရုပ်နိဗ္ဗာန် — ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်
ကြွင်းကျန်တရားများ — ဖော်ပြရာပါတရားတို့ကား ဤအဇ္ဈတ္တာရမ္မဏတိက်၏ အကြွင်းအကျန်တိက်မုတ်တရားများပေတည်း။

ခန္ဓာဖွဲ့စသည်

အဇ္ဈတ္တာရမ္မဏတိက်၀ိမုတ်စိတ် ၃၄ -ခု၊စေတသိက်ပဉ္စစတ္တာလီသရုပ်အဋ္ဌဝီသ-နိဗ္ဗာန်ကိုခန္ဓာ၅— ပါး၊အာယတန၁၂- ပါး ဓာတ်၁၂-ပါး၊သစ္စာ - ၂ပါး ဖွဲ့ပါ။လွယ်ပြီ။

## ၂၂-သနိဒဿနတိက်

အဇ္ဈတ္တာရမ္မဏတိက်ကို....၌ သနိဒဿနတိက်ကို....၏၊ **ကာႏ....သနိဒဿန သပ္ပဋိဃာ ဓမ္မာ** ဟူသတည်း။

ထိုနောင်....၏၊ **ကာႏ=အနိဒဿနသပ္ပဋိဃာ ဓမ္မာ** ဟူသတည်း။

ထိုနောင်...၏၊ **ကာႏ–အနိဒဿနအပ္ပဋိဃာ ဓမ္မာ** ဟူသည်တည်း။

သနိဒဿနသပ္ပဋိဃာ၊ မြင်ခြင်းနှင့်လည်းတကွ ထိပါးခြင်းနှင့်လည်း တကွ ဖြစ်ကုန်သော။ ဝါ၊ မြင်အပ်သည်၏ အဖြစ်နှင့်လည်းတကွ ထိပါး တတ်သည်၏ အဖြစ်နှင့်လည်းတကွ ဖြစ်ကုန်သော။ ဝါ၊ မြင်အပ်သည် နှင့်လည်းတကွ ထိပါးတတ်သည်နှင့်လည်းတကွ ဖြစ်ကုန်သော ဓမ္မာ၊ တို့သည် သံဝိဇ္ဇန္တိ၊ ကုန်၏။

အနိဒဿနသပ္ပဋိဃာ။ မြင်းခြင်းမရှိ ထိပါးခြင်းနှင့်တကွ ဖြစ်ကုန် သော။ ဝါ၊ မြင်အပ်သည်၏အဖြစ်မရှိ ထိပါးတတ်သည်၏ အဖြစ်နှင့်တကွ ဖြစ်ကုန်သော။ ဝါ၊ မြင်အပ်သည်မရှိ ထိပါး တတ် သည် နှင့် တ ကွ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အနိဒဿနအပ္ပဋိဃာ၊ မြင်ခြင်းလည်းမရှိ ထိပါးခြင်းလည်း မရှိ ကုန်သော ဝါ၊ မြင်အပ်သည်၏အဖြစ်လည်းမရှိ ထိပါးတတ်သည်၏ အဖြစ်လည်း မရှိကုန်သော။ ဝါ၊ မြင်အပ်သည်လည်းမရှိ၊ ထိပါးတတ် သည်လည်းမရှိ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

**ပထမ** ကာႏ–ရူပါရုံ၏။ ထိုရူပါရုံသည် ရူပက္ခန္ဓာ၊ ရူပါယတန ရူပဓာတ်၊ ဒုက္ခသစ္စာအားဖြင့် ၁-ပါးသာ ဖြစ်သတည်း။

**ဒုတိယ** ကာႏ- ရူပါရုံကြဉ်သော ဩဠာရိကရုပ် ကောဒသ ရုပ်၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၁-ပါး၊ အာယတနအားဖြင့် ၉-ပါး၊ ဓာတ်အားဖြင့် ၉-ပါး၊ သစ္စာအားဖြင့် ၁-ပါး ဖြစ်ကုန်၏။

**ခန္ဓအားဖြင့်** ၁-ပါး ဟူသော်ကား-

ဩဠာရိကရုပ် ကောဒသသည် ရူပက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာ အားဖြင့် ၁-ပါး ဖြစ်သတည်း။

**အာယတနအားဖြင့်** ၉-ပါးဟူသော်ကား-

ဩဠာရိကရုပ် ကောဒသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏။ ပ ။ကာယပသာဒသည် ကာယာယတန မည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။ ပ ။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၉-ပါး ဖြစ်သတည်း။

**ဓာတ်အားဖြင့်** ၉-ပါး ဟူသော်ကား-

ဩဠာရိကရုပ် ကောဒသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ ပ ။ ပထဝီ,တေဇော ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် **မည်၏**၊ ဤသို့လျှင်**ဓာတ်အားဖြင့်** ၉-ပါး ဖြစ်သတည်း။

**သစ္စာအားဖြင့်** ၁-၁ါးဟူသော်ကား-

ဩဠာရိကရုပ် ကောဒသသည် ဒုက္ခသစ္စာမည်၏။ ဤသို့လျှင် သစ္စာ အားဖြင့် ၁-ပါး ဖြစ်သတည်း။

**တတိယကား**-- စိတ်တခု ရုပ်ကိုးဆယ်၊ စေတသိက်ဒွေ ပညာသ၊

သုခုမရုပ်သောဠသ၊ နိဗ္ဗာန်ရှ၏။

ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ **ဓာတ်အားဖြင့်**၈- ပါး၊ သစ္စာအားဖြင့် ၄-ပါးဖြစ်ကုန်၏။

**ခန္ဓာအားဖြင့်၅-ပါး** ဟူသော်ကား-

သုခုမရုပ်သောဠသသည် ရူပက္ခန္ဓာမည်၏၊စေတသိက် ဒွေပညာသတို့

တွင် ။ပ။ စေတသိက်ပညာသသည် သခ်ါရက္ခန္ဓာမည်၏။ စိတ်တခုယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာမည်၏။ နိဗ္ဗာန်သည် ခန္ဓာဟူသောအရေအတွက်မှလွတ်၏။ ဤသို့လျှင်ခန္ဓာအားဖြင့်၅- ပါးဖြစ်သတည်း။

**အာယတနအားဖြင့် ၂-ပါးဟူသော်ကား-**

စိတ်တခုရုပ်ကိုးဆယ်သည် မနာယတနမည်၏၊ စေတသိက်ဒွေပညာသ၊ အာပေါ။ပ။ အနိစ္စတာအားဖြင့်သုခုမရုပ်ဖသော၁ဠသ၊ နိဗ္ဗာန်သည်မ္မောယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါးဖြစ်သတည်း။

**ဓာတ်အားဖြင့်ဂ-ပါး ဟူသော်ကား-**

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏။ပ။ကာယဝိညာဉ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓာတ်မည်၏၊ ကြွင်းသောစိတ်ခုနှစ်ဆယ့်ခြောက်ခုသည်မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ဒွေပညာသ၊ အာပေါ။ပ။ အနိစ္စတာအားဖြင့်သုခုမရုပ်သော၁ဠသ၊ နိဗ္ဗာန်သည်ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ဂ-ပါးဖြစ်သတည်း။

**သစ္စာအားဖြင့်၄-ပါး ဟူသော်ကား-**

လောကီစိတ် ကောသီတိ၊ လောဘကြဉ်သောစေတသိက် ကေပညာသ၊ သုခုမရုပ် သော၁ဠသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ်၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ်ဂ-ပါး၊ ၇-ပါး ။ပ။ အရဟတ္တမဂ်ဂ-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသောမဂ်စိတ္တုပ္ပါဒ်၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ်၃၇-ခုသည်သစ္စာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင်သစ္စာအားဖြင့်၄-ပါးဖြစ်သတည်း။

**အာဒိလဒ္ဓနာမတိက် မည်၏။ နိပ္ပ ဒေသတိက်မည်၏။**

ထိုနှစ်ဆယ့်နှစ်တိက်တို့တွင် ဝေဒနာတိက်, စိတက္ကတိက်, ပီတိတိက်, ပရိတ္တာရမ္မဏတိက်, မဂ္ဂါရမ္မဏတိက်, ဥပ္ပန္နတိက်, အတီတတိက်, အတီတာရမ္မဏတိက်, အဇ္ဈတ္တာရမ္မဏတိက်, ဤတိက်ကိုးတိက်သည် သပ္ပဒေသတိက်၊ ကြွင်းသောတဆယ့်သုံးတိက်သည် နိပ္ပဒေသတိက်။

တိကမာတိကာအရကောက်ပြီး၏။

## အရကောက်ဟူသော တိက်ပုဒ်များ

အထက်ဖော်ပြပါ ၂၂-ပါးသောတိက်တို့တွင်၊ အရကောက်ခြင်းတူညီသော တိက်ပုဒ်များ ရှိကြပေသည်။ ထိုတိက်ပုဒ်တို့ကို တစိတ်တဒေသ အမှတ်ရလွယ်ကူစေရန် လင်္ကာဆောင်ပုဒ်ဖြင့် ပြဆိုပါမည်။

"ကုသိုလ် ဒုတိယ၊ သံ-ဟီ-ပတို့၊ အကုသလာ၊ ဒွါဒသာတည်း"၊

ကုသလတိက်မှ ဒုတိယပုဒ်နှင့်သံကိလိဋ္ဌတိက်၊ ဟီနတိက်တို့မှ ပထမပုဒ်တို့သည် အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသ- ဟု၊အရကောက်ခြင်း တူညီကြသည်။

"ကု-အာတိက်ထွတ်၊ တ-အချက်မှာ ဝိပါက်ကြိယာ၊ ရုပ်နိဗ်ပါ၏"

ကုလသတိက်-အာစယဂါမီတိက်တို့မှ တတိယတိကပဒတို့သည် ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ်ဝီသ၊ စေတသိက် ပဉ္စတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟု အရကောက်ခြင်း တူညီကြပေသည်။

"ဝေမှာ ပ-ရှု၊ ပီတိ ဒုတို့၊ သုခ သဟဂုတ်၊ အတူထုတ်၏။ တ-ပုဒ်အမှန် ဥပေက္ခာတည်း"

ဝေဒနာတိက်မှ ပထမပုဒ်နှင့် ပီတိတိက်မှ ဒုတိယပုဒ်တို့သည်။ သုခသဟဂုတ်စိတ် ၆၃ခု၊ စေတသိက် ဆစတ္တာလီသဟု အရကောက်ခြင်း တူညီကြသည်။ တဖန် ထိုဝေဒနာတိက် ပီတိတိက်တို့၏ တတိယပုဒ်အချင်းချင်းလည်း ဥပက္ခောသဟဂုတ်စိတ် ၅၅ခု၊ စေတသိက် ဆစတ္တာလီသ-ကိုသာ ကောက်ယူကြသဖြင့် တူညီကြပြန်၏။

"ဥ-သံ-ပ-ဟီ၊ တိက်လေး၏လီ၊ တတိဟော ပုဒ် အတူထုတ်က လောကုတ္တရာ အစဉ်လာ၏"။

ဥပါဒိန္နတိက်၊ သံကိလိဋ္ဌ တိက်၊ ဟီနတိက် ဤ ၄-တိက်တို့၏ ဟာတိယပုဒ်တို့သည်လည်း လောကုတ္တရာစိတ် ၈ခု၊ စေတသိက်ဆတ္တိံသ၊ နိဗ္ဗာန်ကို အရကောက်ကြသဖြင့် အချင်းချင်း တူညီကြလေကုန်၏။

"ဥပါဒိန္န၊ ဥပ္ပန္နတို့- ပ—တ နှစ်ချက်၊ စိတ်ဝိပါက်နှင့်၊ ဒုထွက်ကုသိုလ်ကိ-ကုတ် ပို၏"။

ဥပါဒိန္နတိက်မှ ပထမပုဒ်၊ ဥပ္ပန္နတိက်မှ တတိယပုဒ်၊ ဤသို့ အစဉ်အတိုင်းယူ၍ ထိုနှစ်ပုဒ်တို့သည် ဝိပါက်စိတ်နှင့် ကမ္မဇရုပ်များကိုကောက်ယူကြ၏။

တဖန်ဥပါဒိန္နတိက်မှဒုတိယပုဒ်။ ဥပ္ပန္နတိက်မှလည်းဒုတိယပုဒ်၊ ဤနှစ်ပုဒ်တို့သည် အကုသိုလ်စိတ်၊ ကြိယာစိတ်နှင့်တိဇရုပ်များကိုကောက်ယူကြ၏။

## အရကောက်တူသောတိက်ပုဒ်များ

ထိုသို့ကောက်ယူရာတွင် ဥပါဒိန္နတိက်အတွက် လောကီဝိပါက်စိတ်နှင့်လောကီကုသိုလ်စိတ်များ ကောက်ယူ၍ ဥပ္ပန္နတိက်အတွက် လောကုတ္တရာစိတ်ပါထည့်၍ ဝိပါက်စိတ်ဆတ္တိံသ၊ ကုသိုလ်စိတ်ကေဝီသကောက်ယူခြင်းမျှသာထူးပါသည်။ ကျန်သောတရားများအတွက် အတူတူဟုဆိုလိုပါသည်။

"ထုတ်ဆိုဒဿန၊ တိက်နှစ်ဝဉ်၊ မောဟမဖယ်၊ ပယ်သည်တခြား၊ သည်သာပြား၏"။

ဒဿနတိက်နှင့် ဒဿနဟေတုတိက် နှစ်ပါးတို့မှာ မောဟမူဒွေ၌ မောဟကို ဒဿနတိက်၌မဖယ် (မကြဉ်)မူ၍ ကောက်သည် ဒဿနဟေတုတိက်၌ ကျဉ်၍ကောက်သည်။ ဤမျှသာ ကွဲပြားကြသည်ဟုဆိုလိုပါသည်။

"လေးပါးမဂ်စိတ်၊ အာနှင့်မိစိတ္တို၊ နှစ်တိက်အယူဒုချင်းတူ၏"။

**အာ**ရမ္မဏ**တ**ိက်နှင့် မိစ္ဆတ္တတိက်နှစ်ပါးတို့**၏** ဒုတိယပုဒ်အရ တရား တို့မှာ မဂ်စိတ်၄-ခု၊ စေတသိက် ဆတ္တိံသချင်း တူညီကြ၏။

ပ- မူညပွန်၊ တ-တီတံနှင့်၊ အမှန်ပစ္စုပ်၊ စိတ်စေရုပ်သည်"

ဥပ္ပန္နတိက်မှ ပထမပုဒ်၊ အတီတတိက်မှ တတိယပုဒ်တို့သည် ပစ္စုပ္ပန် ဖြစ်**သော** စိတ်တခုရုပ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် **အ**ဋ္ဌဝီ သဟု **အ**ကောက်ချင်း တူညီကြပြန်လေ၏။

"သုံးပုဒ်သံ တူသတည်း"

သံကိလိဋ္ဌတိက်၊ တီနုတိက်နှစ်ပါးတို့မှာ သုံးပုဒ်လုံးအရကောက် တရားချင်းတူညီကြကုန်၏။

အခြားတူသော တရားများကိုလည်း ဆင်ခြင်၍ ကော**က်**ယူကြ ပါရန်။

ဤ၌**ကား** တစိတ်တဒေသ မိမိဉာဏ်မှီသမျှလောက်ကိုသာ ပြဆိုခြင်း ဖြစ်**သည်**။ လက်ာများကို တဆက်တည်းကျက်မှတ်**နိုင်**ရန် နောက်ဆက် တွဲ၌ ဖော်ပြထားသည်။

## ကျမ်းပြီးနိဂုံး

ဤမည်သော "မူလတန်းညဝါ" ကျမ်းစာကို ၅-နှစ်တာအတွင်း ပို့ချလာခဲ့သော မှတ်စုမှတ်ရာအဖြာဖြာတို့မှ ကောင်းနိုးရာရာ ရွေးချယ်ထုတ်နှုတ်၍ နုပျိုငယ်လျှသော မူလတန်းဝင် အရှင်တို့အတွက်အလွယ်တကူသင်ယူကျက်မှတ်နိုင်ရန် တိကမာတိကာအရကောက် ကျမ်းကို လင်္ကာ၊ စကားပြေတို့ဖြင့် ဖွင့်ဆိုရေးသားလာခဲ့ရာ ၁၃၄၆–ခုနှစ် နယုန်လဆန်း ၂-ရက် ကြာသပတေးနေ့တွင် အောင်လံစိုက်ဆောက်အပြီးအဆုံးသို့ ရောက်ခဲ့ပါသည်။

အကယ်၍ ဤကျမ်းစာ၌ သတိလွတ်ကင်းလျက်၊ အမှားအယွင်းများ ပါရှိခဲ့သော် မိမိကျမ်းစာအသွင် စိတ်ဝယ်ထင်၍ ပညာရှင်များ ပြင်ဆင်ကြည့်ရှုကြပါဟု တောင်းပန်ရင်း အောက်ပါသံပေါက်ကဗျာတို့ဖြင့် နိဂုံးအုပ်လိုက်ပါသည်။

* ကျမ်းစာရေးပြု ဤကောင်းမှု တောင်းဆုဆန္ဒချွေ။
* နေ့ညမအား ဇွဲစိတ်ထား ကြိုးစားသင်ကြလေ။
* လိုရာစခန်း စာအောင်ပန်း ဆင်မြန်းနိုင်ပါစေ။
* ရတနာသုံးရပ် မြတ်ယက်မြတ် ဆည်းကပ်နိုင်ကြစေ။
* နိဗ္ဗာန်ရောက်ကြောင်း တရားပေါင်း ကောင်းကောင်းကျင့်နိုင်စေ။
* ထိုသို့ကျင့်ကြံ အကြောင်းခံ နိဗ္ဗာန်ရောက်ပါစေ။
* သုံးရပ်သာသနာ မြင့်ရှည်ကြာ ရောင်ဝါလင်းလက်စေ။
* ရှာချိန်သင့်ရာ မိုးဒေဝါ ကောင်းစွာရွာပါစေ။
* ပြည်သူအားထား ဒို့မင်းများ တရားစောင့်ပါစေ။

## နောက်ဆက်တွဲ

### ကေန်လက်ာ

**ပဋ္ဌိ–ကာမ၊** ဆ–မဟဂ္ဂါ၊ ရှစ်ဖြာ–နိဗ္ဗာန်၊ နာမ်–တဆယ့်လေး၊ **တေရသ**–ရုပ်၊ ပစ္စုပ်–ထို့တူ၊ တိက်မူ–ဆမှတ်၊ နာဂတ်–မရှိ၊ ဝိမုတ်နှစ်ဆယ့်ကိုး၊ (ရှေးရိုးကျမ်းညီ)၊ ဧကဝီ–ပညတ်၊ ပရမတ္တနဝတ်သာ၊ ဆ**ခ**ာ–အဇ္ဈတ်၊ဗာဟိ–ဆဗ္ဗိ၊ နှစ်စီ–ပဋ္ဌ၊ ဓမ္မ-သုံးဆယ့်ငါး၊ တပါး–ဋ္ဌဝိ၊ ဒွေးနှစ်လီတည်း၊ ငါးလီမှာသုံး၊ ဆယ့်နှစ်သုံးပင်၊ (သိကုံးချိုဧ) ဆယ့်လေး-ကိုးလီ၊ ပဋ္ဌိ-သုံးတန်၊ ကေန်ရှေးရှု၊ အာရုံပြုသည်၊ သောတု နောင်လာ မခဲတည်း။

### အနေကန်လက်ာ

**မခဲစေရန်**၊အနေကန်ကို၊ အကျဉ်းဆိုအံ့၊ ဝိုယိုကင်း ပ၊ ကာမ မဟဂ္ဂုတ်ဝိမုတ်-ပညတ်၊ ပရမတ်ဟု၊ ငါးရုပ်တူလစ်၊၊ သုံးဆယ့်တစ်စီ၊ ပစ္စုပ်တီတ၊ နာဂတနှင့်၊ ဓမ္မ-ရုပ်-နာမ်၊ ခြောက်တန်ပေါင်းရုံး၊ လေးဆယ့်**သုံးစီ**၊ သုံးလီအဇ္ဈတ်၊ စွဲလတ်မှီရောက်၊ ငါးဆယ့်ခြောက်မှန်၊ **နိဗ္ဗာန်ကေ်ဒသ**၊ ပဋ္ဌဝ်ဝယ်၊ **လေးဆယ့်နှင့်ခြောက်**၊ ရွှေးကောက်စေမူ၊ ဥဒါန်းပြုသည်....**စေ့**ငုဖန်ခါထပ်လဲတည်း။

### တိကမာတိကာချိုး

### တိက်အရေအတွက်

၁။ ကုသလာ-သုခါနှင့် ၊ဝိပါကာ- ဥပါဒက်၊ သံကိစ္စက်- ဝိတက်ပါ။
ပီတိငယ်-ဒ-ဒါနှင့်၊ အာစယာ-သေက္ခတွဲ၊ ဟောမြဲမှန်စွာ။
ပရိတ္တာ-အာရမ္မဏာ-ဟီနော။
မိ-မ-ဥပ္ပန်နှင့်၊ အတီတံ-အဇ္ဈာ-နိကို၊ တွေးသိသဘော။

၂။ ကု- ဝေ- မှာဝိ- ဥဖက်လို၊ သံ- တက်နှင့်ပီ-ဒ-ဟ။
အာ-သေကိတွင် ပနှစ်ခု၊ ဟောမှုမသွေ။

ဟီ-မိ-မ-ဥပ္ပန္နေ၊ တိနှစ်ထွေ-အဇ်ဒွေး။
သိတတန်"ဗာဝီတိက်" ကို ခဲကြိတ်လို့တွေး။

## သပ္ပဒေသတိက်စဉ်

ဝေဒနာ- ဝိတက်၊ ပီတိစွက်၊ ပ-မင်္ဂ-ဥပ္ပန္နေ။
တိမှာနှစ်ကျိုး၊ အဇ္ဈတ်တိုး၊ တိက်ကိုး သပ္ပဒေ။

## တိက်မှတ်ဆောင်ပုဒ်များ

သု-ဒု-ဥဝေ၊ ရုပ်-နိဗ်နေ၊ ကြွင်းလေဝေဟုကြား။ (ဝေဒနာတိက်)
သဝိ-သစာ-၊ ငါးငါးလာ၊ ဝိစာ-စေကြွင်းထား။ (ဝိတက္ကတိက်)
စေတသိက်သက်သက်၊တိက်မှတ်ထွက်၊ဝိတက်ဟိတ်တပါး။

(ဝိတက္ကတိက်)

ကာယ-စတု၊ ဆယ့်နှစ်စု၊ ဝေဥငါးဆယ့်ငါး။ (ပီတိတိက်)
ဒုစိတ်သုံးရှိ၊ စေဗာဝိ၊ ပီတိ-ရုပ်-နိဗ်ကြား။ (ပီတိတိက်)
အာကာ-အာကိစ်- ဘိညာဉ်ဆိတ်၊ ရူစိတ်-စေသုံးငါး။

(ပရိတ္တာရမ္မဏတိက်)

အကု-နေဒွိ၊ ဟာကု-ကိ-ဘိညိ-ရတိထား။ (ပရိတ္တာရမ္မဏတိက်)
ပရိတ္တာရမ်၊ ရုပ်နိဗ္ဗာန်၊ကြွင်းကျန်ပညတ်ထား။ (ပရိတ္တာရမ္မဏတိက်)
မင်္ဂကိုအာရုံ၊ မပြုဆုံ၊ နှုတ်ငုံဆောင်စေသား။ (မဂ္ဂါရမ္မဏတိက်)
အကု-နေဒွိကြဉ်၊အဟိတ်လျှင်၊ ဝိပ်တွင်ကု-ကိထား။ (မဂ္ဂါရမ္မဏတိက်)

မဟာဝိပါက်၊ ဘိညာဉ်ဖျက်၊ မဟာဂ်-ဖိုလ်-သိက်-ပွား၊ (မဂ္ဂါရမ္မဏတိက်)
နော-ကု-ကိနေ၊ ဉာဏ်ယှဉ်လေ၊ ဘိဉ်-စေ-ရှုပ်နိုင်ကြွား။
(မဂ္ဂါရမ္မဏတိက်)

နိဗ္ဗာန်တခု၊ တိက်မုတ်ပြု၊ မှတ်ရှု-ပွန်-တိထား။
(ဥပ္ပန္နတိက်နှင့် အတီတတိက်)

အာကာ-အာကိစ်၊ ဘိညာဉ်ဆိတ်၊ ရှုစိတ်-စေသုံးငါး။
(အတီတာရမ္မဏတိက်)

အကု-နောဒ္ဒိ၊ ဟာကု-ကိ၊ ဘိညီ-ရတီတား။ (အတီတာရမ္မဏတိက်)
တဖန်အပ္ပမ၊ လောကုတ်ပြ၊ စေရးသုံးခြောက်ပါး။
(အတီတာရမ္မဏတိက်)

နော-ကု-ကိနေ၊ ဉာဏ်ယှဉ်လေ၊ ဘိဉ်-စေ-ရှုပ်နိုင်ကြွား။
(အတီတာရမ္မဏတိက်)

ဤဉ်စေမှန်၊ ကီ-ညာချန်၊ တိ ရာမ်တိက်မုတ်ထား။
(အတီတာရမ္မဏတိက်)

အာကိဉ်ကြိ၊ စေတိသိ၊ နတ္တိအာရုံထား။ (အဇ္ဈတ္တာရမ္မဏတိက်)
အကု-နောဒ္ဒိ၊ ဟာကု-ကိ၊ ဘိညီ-ရတိထား။ (အဇ္ဈတ္တာရမ္မဏတိက်)
မညာ-လ္လာသိ-စ္ဆေ၊ ထပ်ကြဉ်လေ၊ ကြွင်းစေလေးဆယ့်ငါး။
(အဇ္ဈတ္တာရမ္မဏတိက်)

အဇ္ဈတ္တာရမ် ရုပ်-နိဗ္ဗာန်၊ ကြွင်းကျန်တရားများ။
(အဇ္ဈတ္တာရမ္မဏတိက်)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၁၃၄၅ (၁၉၈၄)ခုနှစ်၊ ပထမပြန် စာမေးပွဲ
**အခြေပြုမူလတန်း။** ။အဘိဓမ္မာဘာသာ **(ည၀၁)**

၁၃၄၅ ခုနှစ်၊ တန်ခူးလဆန်း ၃-ရက်၊ (၃-၄-၈၄) အင်္ဂါနေ့
ခွင့်ပြုသည့်အချိန်။ ။၃နာရီ(မွန်းလွဲ ၁၂နာရီမှ ညနေ၃နာရီထိ)
(လက်ယာဘက်ရှိ ဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်)။
**လိုက်နာရန်။** ။အောက်ပါ(၇) ပုစ္ဆာအနက် ကြိုက်နှစ်သက်ရာ (၅)
ပုစ္ဆာကိုသာဖြေဆိုရမည်။

**အမှတ်**

၁။ ဖော်ပြပါ ပါဠိတော်များကို အနက်ပေးပါ။ ၁၀
(က) ဝိပါက ဓမ္မဓမ္မာ၊
(ခ) သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။

၂။ ဖော်ပြပါ ပါဠိတော်များကို အနက်ပေးပါ။
(က) အာစယဂါမိတိက်မှ ပထမ ပဒပါဠိတော်။
(ခ) ပရိတ္တတိက်မှ ဒုတိယပဒပါဠိတော်။

၃။ လောက၌ (က) "ကုသိုလ်"ဟုဆိုရသောတရားများ။ ၁၀
(ခ) "အကုသိုလ်"ဟု ဆိုရသောတရား
များကို ကုန်စင်အောင်ရေတွက်ပြပါ။

၄။ ဆင်းရဲဒုက္ခကို ခံစားသောဝေဒနာနှင့် အတူတကွ ၁၀
ဖြစ်သော စိတ်၊ စေတသိက်၊ မဖြစ်သော စိတ်
စေတသိက်တို့ကို ဖော်ပြပါ။

၅။ လူ၏ ကိုယ်၌ရှိသော ရုပ်တရားတို့တွင် ၁၀

(က) မြင်ခြင်းလည်းရှိ ထိပါးခြင်းလည်းရှိသော ရုပ်
(ခ) မြင်ခြင်းမရှိ ထိပါးခြင်းသာရှိသော ရုပ်
(ဂ) မြင်ခြင်းတို့လည်းမရှိ ထိပါးခြင်းလည်းမရှိသော ရုပ်တို့ကို ခွဲခြားဖော်ပြပါ။

၆။ ဖော်ပြပါ တရားများကို အနက်ကောက်ပြပါ။ ၁၀

(က) အယုတ်တရား
(ခ) အလတ်တရား
(ဂ) အမြတ်တရား

၇။ စိတ်သည် (အဇ္ဈတ္တကိုယ်တွင်း)တရားလော။ ဗဟိဒ္ဓ (ပြင်ပ)တရားလော၊ အဇ္ဈတ္တဘက်အရ ဖော်ပြပါ။ ၁၀

## မဂ္ဂါရမ္မဏဓမ္မာ အရ

* — တစ်-နှစ်-သုံး ဟု၊ အောက်မဂ်ရူ၊ နောက်-ညာဏ်ကုသိုလ်။
မဂ်လေးပါးမှာ၊ ရဟန္တာ၊ ကြိယာပြောင်း၍ဆို။
တိ-ညာနှစ်သွယ်၊ ကြည်ထားဖယ်၊ သုံးဆယ့်သုံးခုပို။

## မဂ္ဂဟေတုကာဓမ္မာအရ

* — မဂ်ကြောင်းတစ်ပိုင်း၊ မဂ်ယှဉ်ဟိတ်၊ ဟည်ဟိတ်သုံး နက်ပေး။
မဂ်စိတ်လေးခု၊ သုံးနည်းရူ၊ ကြည်မှုမဂ္ဂင်ရွေး။
အလော-အဒေါ၊ ဒုကြည်ပြော၊ အမောတကြည်ပေး။

## မဂ္ဂါဓိပတိနောဓမ္မာ အရ

* — အာရုံမှာတစ်၊ သဟာနှစ်၊ ရှိဖြစ်သုံးနက်စွဲ။
ပ-မှာလေးမြတ်၊ အာရုံမှတ်၊ လေးရပ်မဂ်ဟုခွဲ။

အောက်မဂ်သုံးရှိ၊ ကုညာဖော်သိ၊ ထက်ကိ-တိ-ညာဖဲ။
ဝိရိ ဝိမံ-ဘက်ခိုက်ချ ၊ ဒု-မှန် မဂ်စိတ်ပဲ။
တိမှာ မိပတိ၊ တပ်ခိုက်ရှိ၊ ဝိရိ-ဝိမံစွဲ။

## အရကောက်တူသောတိက်ပုဒ်များ

### ဆောင်ပုဒ်

* ကုသိုလ်ဒုတိယ၊ သံ့ ဟိပတို၊ အကုသလာ၊ ဒွါဒသာတည်း။ ကု, အာဘိက်ထွက်၊ တ အချက်မှာ၊ ဝိပါက်, ကြိယာ၊ ရုပ်, နိဗ်ပါ၏။

* ဝေမှာပရူ၊ ပီတိဒုတို၊ သုံခသဟဂုတ်၊ အတူထုတ်၏၊ တ—ပုဒ် အမှန် ဥပေက္ခတည်း။

* ဥ-သံ-ပ-ဟိ၊ တိက်လေးလိ၏၊ တတိဟောပုဒ်၊ အတူထုတ်က လောကုတ္တရာ၊ အစဉ်လာ၏။

* ဥပါဒိန္န၊ ဥပ္ပန္နတို၊ ပ-တ နှစ်ချက်၊ ခေတ်ဝိပါက်နှင့်၊ ဒုတွက်ကုသိုလ်၊ ကိ-ကုတ် ပုဒ်၏။

* ထုတိဆိုဒဿန၊ တိက်နှစ်ပဥ္စ၊ မောဟာမဖယ်၊ ပယ်သည်တခြား၊ သည်သာပြား၏။

* လေးပါးမဂ်စိတ်၊ အာနှင့်မိစ်တို၊ နှစ်တိက်အယူ—ဒုချင်းတူ၏။ ပ-မူဥပ္ပန်၊ တ—တိတံနှင့်၊ အမှန်ပစ္စုပ်၊ စိတ်စေရုပ်သည်၊ သုံးပုဒ် သံ—ဟိ ဟူသတည်း။

(ရှင်းလင်းချက်အဓိပ္ပာယ်ကို ရေး၍ဖော်ပြခဲ့ပြီ)

[ ပြီးပါပြီ ]

# မူလတန်း ညဝါ ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၈ | ၈ | သေတကေတ | သေတကေတု |
| ၈ | ၂၅ | သုဒ္ဓေါဒ္ဒနမင်း | သုဒ္ဓေါဒနမင်း |
| ၉ | ၈ | ဒုက္ကစရိယာ | ဒုက္ကရစရိယာ |
| ၁၃ | ၁၃ | တုသိတာ့ မာယာ | တုသိတာ့ ယာမာ |
| ၁၃ | ၁၄ | ဖြေကြားခဲ့ပါသည် | ဖြေကြားခဲ့ပါ |
| ၁၉ | ၈ | မိ့ဒေထား | မိ့ဒေထား |
| ၁၉ | ၁၃ | ကထာဝတ္ထုကြမ်း | ကထာဝတ္ထုကျမ်း |
| ၂၅ | ၁ | ယာယပသာဒ | ကာယပသာဒ |
| ၂၅ | ၂ | ကာအာယတန | ကာယာယတန |
| ၂၆ | ၂၀ | ဝိဘက်စေတသိက် | ဝိတက်စေတသိက် |
| ၂၇ | ၂ | အမ္မာကမ္မန္တ | သမ္မာကမ္မန္တ |
| ၂၇ | ၉ | ဝိဘက်မှန်စွာ | ဝိတက်မှန်စွာ |
| ၂၈ | ၅ | မုတ်ဖြစ်၍ | သစ္စာဝိမုတ်ဖြစ်၍ |
| ၂၈ | ၇ | ဝေဒနာသည်သညာမှ | ဝေဒနာ့သညာမှ |
| ၂၉ | ၄/၇ | ဒုတိယပါဒ/တတိယပါဒ | ဒုတိယပဒ/တတိယပဒ |
| ၃၁ | ၆ | ဝိညာဏက္ခန္ဓပ | ဝိညာဏက္ခန္ဓာ |
| ၃၂ | ၂ | ဆစတ္တာသီလ | ဆစတ္တာလီသ |
| ၃၃ | ၄ | သမ္ပယုတ္တာဟူ၍ | သမ္ပယုတ္တဓမ္မာဟူ၍ |
| ၃၄ | ၅ | ဥပ္ပန္နတိက်၊အတီတာရမ္မ | ဥပ္ပန္နတိက်၊အတီတ |
| ၃၆ | အောက်ခြေ | ဏတိက် | တိက်၊အတီတာရမ္မဏတိက် |
| | မှတ်ချက် | အဇ္ဈတ္တာရုပ် | ကဇ္ဈတ္တာရုပ် |
| ၃၈ | ၂ | စေတသိယ် | စေတသိက် |
| ၃၈ | ၇ | ရုပ်ပက္ခန္ဓာ | ရူပက္ခန္ဓာ |

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၃၈ | ၉ | စေတသိက်တေသိက် တေတ္တိ သ | စေတသိက်တေတ္တိံသ |
| ၃၉ | ၁၇/၂၂ | အသိညာ | အဘိညာ |
| ၄၉ | ၂၁ | ပယ်အပ်ပြီးသည်စသော | ပယ်အပ်ပြီးသော |
| ၃၉ | ၂၂ | ပဟာယဗ္ဗာဒိ | ပဟာတဗ္ဗာဒိ |
| ၄၀ | ၁ | အနုပါဒိန္နုအနုပါ- အနုပါဒါနိယာ | အနုပါဒိန္နအနုပါဒါနိယာ |
| ၅၀ | ၂၁ | ကုက္ကုစ် | ကုက္ကုစ္စ |
| ၅၉ | ၂၀ | စေဗာပိ | စေဗာဝိ |
| ၆၀/၈၀ | ၁၅/၁၀/၂၃ | ဒေသမူဒွေး | ဒေါသမူဒွေး |
| ၆၅ | ၁ | ဒိဋ္ဌိသံ ဝိစိ | ဒိဋ္ဌိ,သံ,ဝိစိ |
| ၇၄ | ၁၀ | အပ္ပဒေသ | သပ္ပဒေသ |
| ၇၆ | ၁၀ | အာကစ်ဖြင့် | အာကိစ်ဖြင့် |
| ၈၀/၈၁ | ၁၃/၃ | ကော်ဝိ/ကောဝိ | ကော်ဝိ |
| ၈၀ | ၂၃ | နိယတမိစ္ဆာဒိဋ္ဌိကံ၏အစွမ်းအားဖြင့် ဖြစ်သော ဒေါသမူဒွေး သတ္တမဇော ဟူလို | နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတ-သမ္ပယုတ် ၄-ခု၊ သတ္တမဇော၊ ပဋိဃနန္တရိယကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒေါသမူဒွေး သတ္တမဇော ဟူလို။ |
| ၈၄ | ၁၆/၁၉ | ဂဏိ | ဂဏ္ဌိ |
| ၈၅ | ၁၂ | အပ္ပမသာ | အပ္ပမညာ |
| ၈၅ | ၁၅ | ဝီမံသတပိခိုက် | ဝီမံသတပ်ခိုက် |
| ၈၅ | ၂၂ | တမျိုးကောင်းသာ | အမျိုးကောင်းသား |
| ၈၆ | ၁၀ | အာမပြုနေ | အာရုံမပြုနေ |
| ၈၈ | ၁၂ | ကြည်ရှု | ကြည်မှု |

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၈၅ | ၁၃ | ကူညာဏ်သိ | ကူညာဏ်သိ |
| ၉၁ | ၁၂/၂၀ | အတိတ်လျှင်၊ဝိပ္ပတွင် | အဟိတ်လျှင်၊ဝိပ်တွင် |
| ၉၁ | ၁၉ | အဟိတ်စိတ္တရသ | အဟိတ်စိတ်သတ္တရသ |
| ၉၃/၁၀၁ /၁၀၂/၁၀၉ /၁၁၀/၁၁၃ | ၁၃ | စိတ်တခုရုပ်ကိုးဆယ် | စိတ်တခုယုတ်ကိုးဆယ် |
| ၉၃ | ၁၄ | ဒွေပသာသ | ဒွေပညာသ |
| ၉၃ | ၁၉ | သာမသ | သာမည |
| ၉၆ | ၉ | နိပ္ပသတိက် | နိပ္ပဒေသတိက် |
| ၉၆ | ၁၉ | မှမာ | မမှာ |
| ၉၈ | ၁ | အာရုံပြုကို | အာရုံပြုခိုက် |
| ၉၉ | ၁ | အာဒိလဒ္ဒ | အာဒိလဒ္ဓ |
| ၉၉ | ၂၂ | ရှင်ပင်တော | ရှင်ပင်ဟော |
| ၁၀၀ | ၁၀ | တီရာမ်ိ | တီရာမ် |
| ၁၀၂ | ၁၇ | သဇ္ဈတ္တ | အဇ္ဈတ္တ |
| ၁၀၃ | ၁၂ | စေသိက် | စေတသိက် |
| ၁၀၆ | ၁၄ | ဣသိမ္ဘွေ | ဣသိ့မ္ဘွေ |
| ၁၀၇ | ၉/၁၀ | ဣသိ/တမ္ဘွေ | ဣသိ/မ္ဘွေ |
| ၁၁၁ | ၆ | အရကောက်ဟူသော | အရကောက်တူသော |
| ၁၁၂ | ၃ | ဥပါဒိန္န | ဥပါဒိန္န |
| ၁၁၂ | ၃ | သံကိလိဋ္ဌတိက်၊ ဟီနတိက် | သံကိလိဋ္ဌတိက်၊ပရိတ္တ တိက်၊ ဟီနတိက် |
| ၁၁၂ | ၁၃ | အကုသိုလ်စိတ် | ကုသိုလ်စိတ် |
| ၁၁၂ | ၂၆ | အာနုင့်မိစိတ္တို | အာနုင့်မိစ်တို |
| ၁၁၃ | ၈ | တီနတိက် | ဟီနတိက် |